ပွေးလှကျေးရွာ

ပင်းတယမြို့နယ်

ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်း (၂၀၁၆ - ၂၀၂၀)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ပွေးလှကျေးရွာ၊ ပင်းတယမြို့နယ်

(မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ

မာတိကာ

မာတိကာ ၁

စကားချီး ၄

ပွေးလှကျေးရွာ အရင်းအမြစ်ပြမြေပုံ၊ ပင်းတယမြို့နယ် ၆

အပိုင်း (က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ နှင့် အစီအစဉ် ၇

(၁) နိဒါန်း - ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု ၇

(က) ရည်ရွယ်ချက်နှင့် ကျိုးကြောင်း ဖော်ပြချက်

(ခ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု

(၂) ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ ၉

(က) တည်နေရာ၊ ရာသီဥတု နှင့် မြေမျက်နှာသွင်ပြင် အနေအထား

(ခ) သဘာဝအရင်းအမြစ်များ

(၃) ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ ၉

(က) လူဦးရေဆိုင်ရာ အချက်အလက်များ

(ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု

(ဃ) ကျန်းမာရေး နှင့် အာဟာရ

(င) ပညာရေးနှင့် ကျွမ်းကျင်မှုများ

(စ) ကျားမဆိုင်ရာ ဆက်နွယ်မှု

(၄) ကဏ္ဍအသီးသီး၏ လက်ရှိ ဖွံ့ဖြိုးမှု အခြေအနေ ၁၀

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်

(ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ

(ဂ) စိုက်ပျိုး မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

(ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာ စီမံခန့်ခွဲမှု

(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

(ဆ) လူငယ်နှင့် ယဉ်ကျေးမှု

(ဇ) အခြေခံ အဆောက်အဦများလက်လှမ်းမီမှု - လမ်း၊ တံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့် ဆက်သွယ်ရေး

(ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး

(၅) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ ၁၃

(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ

(ခ) အဟန့်အတားများ နှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

(၆) ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့် ဗျူဟာ ၁၅

(၇) ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များနှင့် ဗဟိုအဆင့် မူဝါဒများအကြား အစီအစဉ် ကျသော ချိတ်ဆက်မှုများ ၁၆

(၈) ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော် ဆောင်ရွက်မည့် အချိန်ကာလ ၁၇

(က) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်နှင့် ဘဏ္ဍာငွေလျာထားရေးအစီအစဉ်

(ခ) ကဏ္ဍ နှင့် ရင်းနှီးမြုပ်နှံမှုကိုအခြေခံ၍ စီမံချက်အုပ်စု သတ်မှတ်ခြင်း
(ဂ) ဦးစားပေး စီမံချက်များ
(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ

(၉) ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ အစီအစဉ် ၂၃

(၁၀) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ ၂၄

(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ
(ခ) ဖွံ့ဖြိုးရေး မိတ်ဖက် အဖွဲ့အစည်းများ
(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ
(ဃ) ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန် နှင့် ပြုပြင်ထိန်းသိမ်းရန် အတွက် အဖွဲ့အစည်းဆိုင်ရာ နှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ

(၁၁) စီမံကိန်း ကြီးကြပ်စစ်ဆေးခြင်း နှင့် အကဲဖြတ်သုံးသပ်ခြင်း ၂၆

(က) ကြီးကြပ်စစ်ဆေးခြင်း
(ခ) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ပြီးစီးမှု အကဲဖြတ်ခြင်း
(ဂ) နည်းပညာဆိုင်ရာ အကူအညီ

နောက်ဆက်တွဲ

နောက်ဆက်တွဲ (၁) စီမံကိန်း ဇယားများ ၂၇

(၁) လူမှုစီးပွားရေး အခြေအနေ
ဇယား ၁ လူဦးရေ နှင့် လူဦးရေဆိုင်ရာ အချက်အလက်များ
ဇယား ၂ လုပ်သား အင်အား နှင့် ဝင်ငွေရ လုပ်ငန်း အမျိုးအစား
ဇယား ၃ ကျေးရွာ၏ စိုက်ပျိုးမြေ ပိုင်ဆိုင်မှု
ဇယား ၄ ဓာတ်သတ္တုနှင့် အခြားသဘာဝ အရင်းအမြစ်များ
ဇယား ၅ ဥစ္စာဓန အဆင့် အခြေအနေ
ဇယား ၆ ကျေးရွာ၏ ဝမ်းစာဖူလုံမှု အခြေအနေ
ဇယား ၇ ကူညီ စောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှုအခြေအနေ
ဇယား ၈ ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ
ဇယား ၉ ထိခိုက်သက်ရောက်မှု ခံရနိုင်သည့် အုပ်စု
(၂) ကဏ္ဍအသီးသီး၏ လက်ရှိ ဖွံ့ဖြိုးမှု အခြေအနေ
ဇယား ၁၀ ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ
ဇယား ၁၁ ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ
ဇယား ၁၂ ကျေးရွာ၏ စိုက်ပျိုးမြေ ပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု
ဇယား ၁၃ ကျေးရွာ၏ ရေအရင်းအမြစ် နှင့် ရေသွင်းဧရိယာ
ဇယား ၁၄ အဓိကသီးနှံများ နှင့် အထွက်နှုန်း
ဇယား ၁၅ ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု
ဇယား ၁၆ သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ
ဇယား ၁၇ သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ
ဇယား ၁၈ မွေးမြူရေးနှင့်ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ
ဇယား ၁၉ မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ
ဇယား ၂၀ မွေးမြူရေး နှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာ နှင့် စိန်ခေါ်မှုများ
ဇယား ၂၁ စိုက်ပျိုးမွေးမြူရေး မဟုတ်သော အသက်မွေးလုပ်ငန်းများ
ဇယား ၂၂ စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများ အတွက် အခွင့်အလမ်း၊ ပြဿနာ နှင့် အခက်အခဲများ
ဇယား ၂၃ ကုန်စည် နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှု အခြေအနေ

ဇယား ၂၄ ငွေကြေးလက်လှမ်းမီမှု နှင့် ဘဏ်လုပ်ငန်း
ဇယား ၂၅ သဘာဝပတ်ဝန်းကျင် နှင့် သဘာဝ အရင်းအမြစ် စီမံခန့်ခွဲမှု အတွက် လက်ရှိ အလေ့အကျင့် နှင့် အခက်အခဲများ
ဇယား ၂၆ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အခက်အခဲများနှင့် သဘာဝဘေးအန္တရာယ် လျှော့ချရေး အစီအမံများ
ဇယား ၂၇ မူလတန်း၊ အလယ်တန်း၊ အထက်တန်း နှင့် တက္ကသိုလ်ပညာ ပြီးစီးမှုနှုန်း
ဇယား ၂၈ ကျောင်းအပ်နှုန်း
ဇယား ၂၉ စာသင်ကျောင်းဆောင် အခြေအနေ
ဇယား ၃၀ ပညာရေး အခက်အခဲ နှင့် ပြဿနာများ
ဇယား ၃၁ အဖြစ်များသော ရောဂါများ
ဇယား ၃၂ ကျန်းမာရေး အထောက်အပံ့ နှင့် ဝန်ဆောင်မှုများ
ဇယား ၃၃ သောက်သုံးရေ ရရှိမှု
ဇယား ၃၄ သန့်ရှင်းရေး အခြေအနေ
ဇယား ၃၅ ကျေးရွာ၏ လမ်း၊ တံတားတည်ရှိမှု အခြေအနေ
ဇယား ၃၆ ရေကြောင်း သယ်ယူပို့ဆောင်ရေး
ဇယား ၃၇ သယ်ယူပို့ဆောင်ရေးယာဉ်များ
ဇယား ၃၈ လျှပ်စစ်မီးရရှိမှု အခြေအနေ
ဇယား ၃၉ ဆက်သွယ်ရေး နှင့် သတင်းအချက်အလက် နည်းပညာ အခြေအနေ
ဇယား ၄၀ ယဉ်ကျေးမှု နှင့် လူငယ်ဖွံ့ဖြိုးရေး အခြေအနေ
ဇယား ၄၁ ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမီမှု
ဇယား ၄၂ မှုခင်းဖြစ်ပွားမှု အခြေအနေ

နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်းများ၊ အဟန့်အတားနှင့် ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ ၆၉

ဇယား ၄၃ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ
ဇယား ၄၄ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဟန့်အတားနှင့်ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ် မှုများ

နောက်ဆက်တွဲ (၃) ကျေးရွာ ဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာ ဆန်းစစ်ခြင်းမှ ဖြေရှင်းနည်း အထိ) ၇၃

ဇယား ၄၅ ကျေးရွာ ဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာ ဆန်းစစ်ခြင်းမှ ဖြေရှင်းနည်းအထိ)

ကိုးကားစာရင်း ၈၁

အပိုင်း (ခ) စီမံချက်ဆိုင်ရာ အချက်အလက် ၈၁
စီမံချက်ဆိုင်ရာ အချက်အလက် ပုံစံ ၈၁

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ၂၀၁၅/၁၆ ဘဏ္ဍာရေးနှစ်မှ ၂၀၁၉/၂၀ ဘဏ္ဍာရေးနှစ် အထိ(၅) နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ ကျေးရွာ၏ ကျေးရွာသူ ကျေးရွာသားများ ပါဝင်ရေးဆွဲ ထားသည့် ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံကိန်းဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများပံ့ပိုးပေးသည့် မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေး ဦးစီးဌာနအား အထူးပင်ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကိုတက်တက်ကြွကြွပံ့ပိုးပေးသော ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုး တက်ရေးဦးစီးဌာနမှ သက်ဆိုင်ရာဝန်ထမ်းများကို လည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာတိုးတက်ရေးလုပ်ငန်းများကို ယခင်ကာလများက စီစဉ်ချမှတ်ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများဖြင့် စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့်နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံး ပြု၍ ကျွန်ုပ်တို့အချင်းချင်း တိုင်ပင်ဆွေးနွေးညှိနှိုင်းအဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေး ဆွဲရေးကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးပါခဲ့သည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်း အချက်အလက် ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင် ထပ်မံလိုအပ်သော ကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူပြီး ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များအတွက် သက်ဆိုင်ရာ မြို့နယ်ဦးစီးဌာနများနှင့် အတူတကွ ချိတ်ဆက် လုပ်ဆောင်ရန် လိုအပ်ကြောင်းကိုလည်း ကောင်းစွာနားလည်သိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသောအစီအစဉ်သည် လက်ရှိကာလအတွင်းရရှိသည့် အချက်အလက်များကိုသာ အားပြုထားသော်လည်း နောင်ကာလများတွင် ထပ်မံရရှိသည့် ကိန်းဂဏန်း အချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းမွန်လာမည်မှာ သေချာပါသည်။ ဤစီမံကိန်းတွင် ပါဝင်သော လုပ်ငန်းများသည် ဆက်လက်လုပ်ဆောင်သွားရမည့် လုပ်ငန်းစဉ်များဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့် အရောက်တွင် လုပ်ငန်းတိုးတက်ပြီးစီးမှု၊ ပေါ်ပေါက်လာမည့် အခက်အခဲများ၊ ဦးစားပေး ရွေးချယ်မှုများနှင့် လုပ်ငန်း အစီအစဉ်များကို အခြေအနေကာလအပေါ်မူတည်၍ ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရန် လည်း လိုအပ်နေပါမည်။

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်အဆင့်အစိုးရဌာနများ၏ အကြံပြုချက်များ၊ ဆက်လက်ပံ့ပိုးမှုများ ရရှိနိုင်မည်ဟု ကျွန်ုပ်တို့မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း

ကျွန်ုပ်တို့ ကျေးရွာ၏ဖွံ့ဖြိုး တိုးတက်ရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုး ကူညီမှုများ ရရှိနိုင်မည် ဖြစ်ပါကြောင်း ယုံကြည် ပါသည်။

ဤစီမံချက်တွင် အပိုင်း(၂) ပိုင်း ပါရှိပါသည်။ အပိုင်း (က) တွင် ဖွံ့ဖြိုးရေးဗျူဟာ နှင့် လုပ်ငန်းအစီအစဉ် တို့ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့်ဗျူဟာ၊ ဦးစားပေးလုပ်ငန်း အစီအစဉ်များ၊ ဘတ်ဂျက် နှင့် ငွေကြေးဆိုင်ရာ ရရှိနိုင်မည့် လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှု အဆင့်ဆင့်တို့ကို အဓိကဖော်ပြထား ပါသည်။ အပိုင်း (ခ) သည် စီမံချက်ဆိုင်ရာ အချက်အလက်၊ အကြောင်းအရာများဖြစ်ပြီး အဆိုပြုစီမံချက် လုပ်ငန်းများ၏ အသေးစိတ် အချက်အလက်များ ပါဝင်ပါသည်။

ဒီဇင်ဘာလ၊ ၂၀၁၅ ခုနှစ်။

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ပွေးလှကျေးရွာ

ပင်းတယမြို့နယ်

ပွေးလှကျေးရွာ အရင်းအမြစ်ပြမြေပုံ၊



ရည်ညွှန်း - ပွေးလှကျေးရွာ၊ ပင်းတယမြို့နယ်တွင် ပြုလုပ်သော ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ရေးဆွဲခြင်း အစီအစဉ်တွင် ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင် ပူးပေါင်း အကဲဖြတ်ခြင်းမှ ရယူသည်။ (၂၁-၂၃၊ ဇူလိုင်လ၊ ၂၀၁၅ နှစ်)

အပိုင်း (က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းစဉ်

၁။ နိဒါန်း - ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု

(က) ရည်ရွယ်ချက်နှင့် ကျိုးကြောင်းဖော်ပြချက်

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည် အစိုးရဌာနများ၊ ပြည်တွင်း / ပြည်ပအဖွဲ့အစည်းများ၏နိုင်ငံအတွင်း ဆောင်ရွက်ခဲ့ပြီးသော ဖွံ့ဖြိုးရေးလုပ်ငန်းအတွေ့အကြုံများကို လေ့လာသုံးသပ်ပြီး တစ်နိုင်ငံလုံးကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းများရေးဆွဲအကောင်ထည်ဖော်မည့် အစီအစဉ်သစ်ဖြစ်ကြောင်း သိရှိရပါသည်။

ကျွန်ုပ်တို့၏ ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို နိုင်ငံတော်၏ အကူအညီဖြင့် ရေးဆွဲရာတွင် ကျေးရွာလူကိုယ်တိုင်တက်ကြွစွာပါဝင်၍ ရေးဆွဲခဲ့ပါသည်။ ယခင်က ဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရေး အတွေ့အကြုံမရှိခဲ့ပါ။ ဤအစီအစဉ်ရေးဆွဲပြီးနောက် ကျေးရွာ၏ဖွံ့ဖြိုးရေးဆိုင်ရာ ကိန်းဂဏန်း၊ သတင်းအချက်အလက်များ ပြုစုရန်အရေးကြီးပုံကို အလေးထားမိလာကြပါသည်။ ထို့အပြင် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး၊ ဌာနဆိုင်ရာများစသည်တို့ထံမှ လိုအပ်သော ကိန်းဂဏန်း၊ သတင်းအချက်အလက်များရယူရန်နှင့် ကျွန်ုပ်တို့၏ ကျေးရွာစီမံကိန်းအကောင်ထည်ဖော်ရန် လိုအပ်သော နည်းပညာများရရှိရန် အရေးကြီးကြောင်းကိုပါ သတိပြုမိပါသည်။

ဤအစီအစဉ်တွင် ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့နေရသော ပြဿနာများ၊ ထိုပြဿနာများ ဖြစ်ရသည့်အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကို အပံ့အပိုးဖြစ်စေသော အချက်များနှင့် အဟန့်အတားဖြစ်စေသောအချက်များ၊ (၅) နှစ်တာကာလအပြီးတွင် ရရှိအောင် ဆောင်ရွက်လိုသည့် ရည်မှန်းချက်များ၊ ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ ကျေးရွာအနေနှင့် ဆောင်ရွက်မည့် နည်းဗျူဟာများ၊ စီမံချက်များကို ရှင်းရှင်းလင်းလင်းဖော်ပြထားပါသည်။ ထို့ပြင် ဦးစားပေးလုပ်ငန်းများ လုပ်ဆောင်ရန် လိုအပ်သောအရာများနှင့် ငွေကြေးရရှိနိုင်မည့် လမ်းကြောင်းများကိုလည်း ဖော်ပြထားပါသည်။ ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သောအစိုးရဌာနများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊ စာပေပညာရှင်များ၊ သတင်းနှင့် ပြည်သူ့ဆက်သွယ်ရေး အဖွဲ့အစည်းများ၏ အာရုံစိုက်မှုကိုရစေပြီး ကျေးရွာဖွံ့ဖြိုးရေးနှင့် ပတ်သက်သူမှန်သမျှတို့သည် ဤအစီအစဉ် မှတ်တမ်း၏ အသုံးဝင်မှုများကို သိရှိစေရန်မျှော်လင့်ပါသည်။

(ခ) နိုင်ငံတော်အစိုးရအဖွဲ့များအတွက် အသုံးဝင်မှု

ကျွန်ုပ်တို့၏ ကျေးရွာအဆင့် အားထုတ်မှုများအတွက် မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာ အကူအညီများကို စုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကို မြို့နယ်အဆင့်၊ ပြည်နယ်နှင့် တိုင်းအဆင့်၊ ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့အစည်းများအား တင်ပြမည်ဖြစ်ပါသည်။ ပုဂ္ဂလိကကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏လိုလားချက်နှင့် ၎င်းတို့၏ စီးပွားရေးဆိုင်ရာဝန်ဆောင်မှုများချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန်ဗျူဟာမြောက်ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။

အစိုးရမဟုတ်သောအဖွဲ့အစည်းများ (NGOs) ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ (CSOs) နှင့် အလှူရှင်အဖွဲ့အစည်းများသည် ကျေးရွာလူထု၏ အမှန်တကယ် လိုအပ်ချက်များနှင့် ဦးစားပေး ဆောင်ရွက်ရမည့် လုပ်ငန်းများအား ပိုမိုသိရှိလာနိုင်မည်ဖြစ်သည်။ ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေလုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိ ငွေကြေးဆိုင်ရာလိုအပ်ချက်များ အတွက် သတင်းအချက်အလက်များ ပိုမိုသိရှိလာနိုင်မည်ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့် အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်တော်တို့ကျေးရွာနှင့် ကျေးလက်လူထု၏ တိကျသောလိုအပ်ချက်များအား သိရှိလာခြင်းကြောင့် ကျွန်တော်တို့ကျေးရွာနှင့်ဆိုင်သောဌင်းတို့၏ သုတေသနလုပ်ငန်းများကို စီစဉ်ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။

မီဒီယာများ၊ ပြန်ကြားဆက်သွယ်ရေးနှင့် ပြည်သူ့အရေးရပ်တည်မှုပေးသည့် အဖွဲ့အစည်းများအနေဖြင့် ယုံကြည်ရလောက်သည့် သတင်းအချက်အလက်များကို ရရှိနိုင်မည်။

နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာ ငွေကြေးဆိုင်ရာ အဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အချင်းချင်း ပေါင်းစည်းဆောင်ရွက်မှု ပိုမိုကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များကို မြို့နယ်အဆင့်တွင် ပေါင်းစပ်ညှိနှိုင်း စီစဉ်မှုများ ပြုလာနိုင်ပါမည်။

(ဂ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု

ယခင်က ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျွန်ုပ်တို့ကိုယ်တိုင် ထည့်ဝင်နိုင်သောငွေကြေး၊ အစိုးရနှင့်အခြားအဖွဲ့အစည်းများထံမှ ရရှိနိုင်မည့် အကူအညီများကို အခြေခံကာ ဦးစားပေးစီမံကိန်းများ ချမှတ်ခဲ့ကြပါသည်။ ယခုအခါ ယင်းသို့မဟုတ်ဘဲ ကျယ်ပြန့်သည့် ဖွံ့ဖြိုးရေးအမြင်ဖြင့် ရေးဆွဲထားပါသည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့်ရရှိပြီး အမြင်ရှင်းလင်းစေကာ ဖွံ့ဖြိုးမှုဖြစ်စဉ်တွင် လူထုကို အဓိကနေရာတွင်ထားရှိခြင်းဖြစ်ပါသည်။ ဤသို့ဖြင့် လုပ်ငန်းများကို လူထုပါဝင်၍ စုစည်းခြင်း၊ ဦးစားပေးရွေးချယ်ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာလူထု၏ ဖွံ့ဖြိုးမှုကို တိတိကျကျ ပံ့ပိုးပေးရာရောက်ပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကို အကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေးအခက်အခဲ၊ နည်းပညာအခက်အခဲများရှိနေပါသည်။ သို့ဖြစ်၍ လက်တွေ့အကောင်အထည်ဖော်ရာတွင် ကျွန်ုပ်တို့ကျေးရွာ၏ ဖွံ့ဖြိုးရေးလိုအပ်ချက်များအား အများဆုံးနှင့် အထိရောက်ဆုံး ဖြည့်ဆည်းနိုင်မည့် စီမံကိန်းများကို နှစ်အလိုက် ဦးစားပေးရွေးချယ်ဆောင်ရွက်ပါမည်။ ကျွန်ုပ်တို့၏ စွမ်းရည်နှင့်လိုအပ်သော အရင်းအနှီးများ ပြည့်စုံမှုအပေါ်မူတည်၍ နောင်တွင် တဖြည်းဖြည်း တိုးချဲ့ဆောင်ရွက်သွားမည့် အစီအစဉ်မျိုးဖြစ်ပါသည်။

၂။ ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ

(က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင် အနေအထား

ပွေးလှကျေးရွာသည် အောင်ပန်းမြို့နှင့် ပင်းတယမြို့နယ် ကားလမ်းဘေးတွင် တည်ရှိပါသည်။ ပင်းတယမြို့မှ (၈) မိုင်ကွာဝေးပြီး ပင်လယ်ရေမျက်နှာပြင် အမြင့်ပေ (၄၄၄) အမြင့်တွင် တည်ရှိ၍ မြေမျက်နှာသွင်ပြင်မှာ သက်တမ်းရင့် ရှမ်းကုန်းပြင်မြင့်၏ အနောက်ဘက်တွင်တည်ရှိ၍ ညီညာပြန့်ပြူးခြင်း မရှိပါ။ ရာသီဥတုမှာ စွတ်စိုသော မုတ်သုန်ရာသီဥတုဖြစ်သည်။

(ခ) သဘာဝအရင်းအမြစ်များ

ကျွန်ုပ်တို့ကျေးရွာသည် စိုက်ပျိုးရေးကို အဓိကမှီခိုသောကျေးရွာဖြစ်၍ ယာမြေ ၉၉၉ ဧကခန့်နှင့် အိမ်ခြံဝန်းစိုက်ခင်းမြေများပိုင်ဆိုင်ပါသည်။ စိုက်ပျိုးရေးအတွက် မိုးရေကိုသာအဓိက အားကိုးပြီး လုပ်ကိုင်ကြပါသည်။ ကျေးရွာတဝိုက်တွင် ဒေသတွင်းအသုံးပြုသည့် အုတ်လုပ်ရာတွင် အသုံးပြုသော သဲနှင့် ကျောက်များလည်း ထွက်ပါသည်။

၃။ ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ

(က) လူဦးရေဆိုင်ရာ အချက်အလက်များ

ကျေးရွာတွင် နေထိုင်သော အိမ်ထောင်စု (၃၈၀) စုရှိပြီး လူဦးရေ စုစုပေါင်း (၁၅၂၇) ဦး ရှိပါသည်။ ပျမ်းမျှတစ်အိမ်ထောင်စုလျှင် (၅) ဦးအထိရှိပါသည်။ အသက် (၁၅) နှစ်မှ (၆၀)နှစ်အထိ အလုပ်လုပ်နိုင်သော လူဦးရေမှာ (၇၅%) ရှိပြီး ၊ (၁၅) နှစ်အောက် လူဦးရေနှင့် အသက် (၆၀) နှစ်အထက် လူဦရေစုစုပေါင်း(၂၅%) သည် မှီခိုသူများ ဖြစ်ကြပါသည်။

(ခ) စီးပွားရေးအခြေအနေ-ဝင်ငွေ၊ပိုင်ဆိုင်မှုနှင့်မမျှတမှု

စိုက်ပျိုးရေးကို အဓိကထားလုပ်ကြပြီး ယာမြေ (၉၉၉)ဧကရှိပြီး အဓိကအားဖြင့် မိုးကောင်းရေကိုသာ သုံးစွဲနေကြပါသည်။ ရွှေပြောင်းတောင်ယာများကို အများစုလုပ်ကိုင်နေကြ၍ တောင်ယာစပါးကို အဓိကစိုက်ပျိုးကြပါသည်။ ဥယျဉ်ခြံမြေတွင် အဓိကစိုက်ပျိုးသီးနှံများမှာ ပန်းဂေါ်ဖီ၊ ဂေါ်ဖီထုတ်၊ အာလူး၊ ဂျုံ၊ ပန်းနှမ်း၊ မုန်ညင်း၊ ခရမ်းချဉ်သီး၊ ခရမ်းသီး၊ ပဲရာဇာ၊ ကော်ဖီ ၊ထောပတ်သီးများကို စိုက်ပျိုးကြပါသည်။ ဝင်ငွေအနေဖြင့်ဂေါ်ဖီထုတ်မှ အများဆုံး ရရှိကြပါသည်။ ကျေးရွာမိသားစုများ၏ ဥစ္စာဓနအဆင့်ကို ကျေးရွာသူရွာသားများ ကိုယ်တိုင်သတ်မှတ်သည်မှာ ချောင်လည်အဆင့် မိသားစု (၆.၃%) ၊ အလယ်အလတ်အဆင့် (၁၄%)၊ ဆင်းရဲအဆင့် (၄၇.၉%) နှင့် အလွန်ဆင်းရဲအဆင့် (၃၁.၈%) ဖြစ်ပါသည်။ ဥစ္စာဓနအဆင့်ခွဲခြားမှုအား မြေယာပိုင်ဆိုင်မှုဖြင့် အဓိကတိုင်းတာနိုင်ပါသည်။ မြေယာပိုင်ဆိုင်သူ များ၏(၉၃%)သည် မြေယာ(၅)ဧကအောက် မြေယာအနည်းငယ်ပိုင်ဆိုင်သူများဖြစ်ကြပြီး မြေပိုင်ဆိုင်သူ စုစုပေါင်း၏လေးပုံသုံးပုံခန့်မှာ ဆင်းရဲသားလယ်သမားများဖြစ်ပြီး(၂.၅)ဧကအောက်ပိုင်ဆိုင် ကြပါသည်။

(ဂ)ဆင်းရဲနွမ်းပါးမှု နှင့် ထိခိုက်နစ်နာလွယ်မှု

ဆင်းရဲအဆင့်နှင့် အလွန်ဆင်းရဲအဆင့်မိသားစု (၃၀) စုတို့၏ ဝမ်းစာဖူလုံမှုကို စစ်တမ်းကောက်ယူကြည့်ရာ (၂၆.၆%) သောမိသားစုများသည် သုံးလအောက်သာ ဝမ်းစာကို အချေးအငှားဘဲ စားသောက်နိုင်ပြီး (၇၃.၄%) သောမိသားစုများမှာ ခြောက်လမှ တစ်ဆယ့်နှစ်လအထိ ဖူလုံပါသည်။ ဆင်းရဲ၍ မိသားစုဦးရေများပြီး အမျိုးသမီးဦးဆောင်သော အိမ်ထောင်စု (၆) အိမ် ရှိပြီး ၄င်းအိမ်ထောင်စုများမှာ မြေယာပိုင်ဆိုင်သူများထဲတွင် နေ့စားအလုပ်လုပ်ကိုင်ကြသူများ ဖြစ်ကြပါသည်။ သီးနှံစိုက်ပျိုးရေးတွင် ဓာတုဆေးဝါးများ အလွန်အကျွံသုံးစွဲမှု၊ သစ်တောပြုန်းတီးမှုနှင့် မြေဆီလွှာတိုက်စားမှုမှာ ကျေးရွာအတွက်ထိခိုက်လာနိုင်မည့် အန္တရာယ်များပင်ဖြစ်ပါသည်။

(ဃ)ကျန်းမာရေးနှင့်အာဟာရ

ကျေးရွာတွင် ရောဂါကြီးကြီးမားမား ဖြစ်ပွားမှုမရှိပါ။ သွေးတိုး၊ ရာသီတုပ်ကွေး၊ ဝမ်းပျက်ဝမ်းလျှောခြင်းများသာ ဖြစ်ပွားတတ်သည်ကိုတွေ့ရှိရပါသည်။ ကျန်းမာရေး ပြဿနာကြီးကြီးမားမား မရှိသော်လည်း တစ်ကိုယ်ရေသန့်ရှင်းရေး၊ ကျန်းမာရေးနှင့်ညီညွတ်သည့် အစားအစာ စားသုံးရေး၊ အရက်သေစာသောက်သုံးခြင်း၏ အန္တရာယ်စသည်တို့ဆိုင်ရာ အခြေခံကျန်းမာရေး အသိများတိုးပွားရန် လိုအပ်မည်ဟု ကျေးရွာလူထု၏ နေထိုင်မှုပုံစံများကို လေ့လာခြင်းဖြင့် သိရပါသည်။

(င)ပညာရေးနှင့်ကျွမ်းကျင်မှုများ

ကျေးရွာတွင် လုံးဝစာမတတ်သူဦးရေမှာ ကျေးရွာလူဦးရေ၏ ၀.၅% ရှိပြီး စာမတတ်သူဦးရေမှာ အမျိုးသမီးများ ပို၍များပါသည်။ မူလတန်းပညာပြီးဆုံးအောင်သင်ယူမှု ၆၀.၃% ရှိပြီး အလယ်တန်းပညာပြီးဆုံးသည့် ရာခိုင်နှုန်းမှာလည်း ၁၄% ရှိသည်ကို တွေ့ရပါသည်။

(စ)ကျားမဆိုင်ရာ ဆက်နွယ်မှု

အမျိုးသမီးနှင့်အမျိုးသား ပညာတတ်မြောက်မှုနှုန်းမှာ မူလတန်းပညာအထိ ကွာခြားမှုမရှိဘဲ အလယ်တန်းမှ တက္ကသိုလ်ဘွဲ့အဆင့်များတွင် အမျိုးသားဦးရေက ပို၍များပါသည်။ ကျေးရွာတွင်း အဖွဲ့အစည်းအသီးသီးတွင် အမျိုးသမီးပါဝင်မှုမရှိပါ။ သီးနှံစိုက်ပျိုးရေးလုပ်ငန်းခွင်တွင် အမျိုးသမီးများမှာ အမျိုးသားများနှင့်တန်းတူ လယ်ယာအလုပ်ကိုလုပ်ကိုင်ကြပါသည်။

၄။ ကဏ္ဍအသီးသီး၏ လက်ရှိ ဖွံ့ဖြိုးမှု အခြေအနေ

ကျေးရွာ၏လက်ရှိဖွံ့ဖြိုးမှုအနေအထားကို သိရှိခြင်းအားဖြင့် နိုင်ငံတော်နှင့် ဒေသဆိုင်ရာ အဖွဲ့အစည်းများ၏ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ချမှတ်အကောင်အထည်ဖော်ရာတွင် ပိုမိုကောင်းမွန်စေရန် များစွာအထောက်အကူ ပြုနိုင်ပါသည်။

(က)ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်

ကျေးရွာတွင်း၌ အုပ်ချုပ်ရေးအဖွဲ့၊ မိဘဆရာအသင်း၊ မီးလင်းရေးအဖွဲ့၊ ဆင်မင်းသမဂ္ဂေစုဂ္ဂေချေးအသင်းတို့ ရှိပါသည်။ ရပ်ရေးရွာရေး ကိစ္စများကို အုပ်ချုပ်ရေးအဖွဲ့နှင့် ရပ်မိရပ်ဖအဖွဲ့များက အဓိက ဦးဆောင်ပါသည်။

(ခ) သီးနှံ၊သားငါးထုတ်လုပ်ရေးကဏ္ဍ- ကျေးရွာ၏အဓိက စိုက်ပျိုးသီးနှံမှာ စပါး၊ ဂေါ်ဖီ၊ အာလူး၊ ဂျုံ၊ပြောင်း၊ ပဲရာဇ တို့ဖြစ်ပါသည်။ စပါးစိုက်ဧက ၁၁၀ ခန့်ရှိပါသည်။ မိုးရာသီတွင် စိုက်ပျိုးကြပါသည်။ အဓိကစိုက်ပျိုး သီးနှံများထုတ်လုပ်မှုတွင် ဈေးကွက် မတည်ငြိမ်မှုမှာ စိုက်ပျိုးသူများအတွက် ပြဿနာတစ်ရပ်ဖြစ်ပါသည်။ ထို့ကြောင့် ဟင်းသီးဟင်းရွက်အပြင် အခြား နှစ်ရှည်သီးနှံပင်များ စိုက်ပျိုးရန်၊ ဟင်းသီးဟင်းရွက်ထွက်ကုန်များကို ကုန်ကြမ်းရောင်ချရုံမဟုတ်ဘဲ ကုန်ချော ထုတ်လုပ်နိုင်ရန် အထိဆောင်ရွက်ရန်လိုအပ်ပါသည်။ ဈေးကွက် လိုအပ်ချက်အရ တန်ဖိုးမြှင့်ရောင်းချနိုင်သော အော်ဂဲနစ်ထုတ်ကုန်များ ထုတ်လုပ်နိုင်ရန်လည်း လိုအပ်ပါသည်။ သီးနှံထုတ်ကုန်များကို ပြည်တွင်းဈေးကွက်သာ ထုတ်လုပ်ရောင်းချသည့်စနစ်မှ ပြည်ပဈေးကွက်အထိ ကျယ်ပြန့်စွာ တင်ပို့ရောင်းချနိုင်လျှင် စိုက်ပျိုးရေးလုပ်ငန်းဖြင့် ကျေးရွာ ဖွံ့ဖြိုးလာနိုင်ပါသည်။

ကွဲ၊နွား၊ဝက်စသည်တို့ကို ဝင်ငွေရလုပ်ငန်းအဖြစ်ဆောင်ရွက်ရန် စားကျက်နှင့် တိရိစ္ဆာန်အစာရရှိနိုင်မှု၊ ရာသီဥတုအခြေအနေပေးမှု စသည့်အခြေအနေကောင်းများရှိပါသည်။ သို့သော် တိရိစ္ဆာန်မွေးမြူရေးလုပ်ငန်းများကို ဝင်ငွေရလုပ်ငန်းအဖြစ် ဆောင်ရွက်မှု မရှိသလောက်နည်းပါသည်။

(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သောအသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

ကျေးရွာသူရွာသားများသည် လက်သမား၊ ပန်းရံလုပ်ငန်း၊ ပဲစိကြော်လုပ်ငန်း၊ အာလူးကြော်လုပ်ငန်း၊ တိုဟူးလုပ်ငန်း၊ ပဲပုပ်စပ်ကြော်လုပ်ငန်း၊ အုတ်လုပ်ငန်း စသည်တို့ကို ဆောင်ရွက်လျက်ရှိပါသည်။ စီးပွားတွက်ခြေကိုက်မှု အသင့်အတင့် ရှိပါသည်။

(ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု

တောင်ပေါ်ဒေသဖြစ်သည့်အလျောက် တောင်စောင်းမြေများတွင် သီးနှံစိုက်ပျိုးရသည့်အတွက် မြေဆီလွှာတိုက်စားမှုမှာ ကြီးမားသည့် ပြဿနာဖြစ်ပါသည်။ တောင်သူအများစုမှာ သမားရိုးကျ စိုက်ပျိုးနည်းစနစ်များဖြင့်သာ စိုက်ပျိုးကြပြီး မြေဆီလွှာ ထိန်းသိမ်းပြုပြင်နည်းစနစ်များ ကျင့်သုံးမှု အားနည်းပါသည်။ ဟင်းသီးဟင်းရွက်သီးနှံများ စိုက်ပျိုးရာတွင် ဓာတုဆေးဝါးများ အလွန်အကျွံသုံးစွဲသည့်အတွက် ပတ်ဝန်းကျင် ညစ်ညမ်းမှုများ၊ ဂေဟစနစ် ထိခိုက်မှုစသည့် အန္တရာယ်များလည်း ကြီးမားလျက်ရှိပါသည်။ ထို့အပြင် မိသားစု စားသောက်နေထိုင်ရေးအတွက် ထင်းလောင်စာအသုံးပြုမှုများကြောင့် သစ်တောသစ်ပင်ပြုန်းတီးမှုမှာလည်း ကျေးရွာ၏ အရေးကြီးသည့် အန္တရာယ်ဖြစ်လာပါသည်။ ထို့ကြောင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် ကျေးရွာလူထု အဖွဲ့အစည်းစနစ်များ၊ နည်းပညာ နှင့် အကူအညီများရရှိရေး အစီအမံများ လိုအပ်လျက်ရှိပါသည်။

(ဇ) ဘဏ်နှင့်ငွေကြေးဆိုင်ရာဝန်ဆောင်မှု

ကျေးရွာတွင် ချေးငွေလက်လှမ်းမှီမှုမှာ စိုက်ပျိုးရေးလုပ်ငန်းအတွက် မြန်မာ့စိုက်ပျိုးရေး ဘဏ်မှ ရရှိ၍ တောင်သူတစ်ဦးလျှင် တစ်ဧကကို (၁၀၀၀၀၀) ကျပ်နှုန်း ဖြင့်ထုတ်ချေးပါသည်။ သမချေးငွေအဖွဲ့ ၊ ကျေးရွာစိတ်တူကိုယ်တူအဖွဲ့၊ Pact Myanmar ချေးငွေအဖွဲ့ဟူ၍ ငွေကြေး ဝန်ဆောင်မှုများ ရရှိသည်ကိုတွေ့ရပါသည်။

(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင် သန့်ရှင်းရေး

ကျေးရွာသူရွာသားအများစုမှာ မူလတန်း နှင့် အလယ်တန်းပညာ တတ်မြောက်ကြပါသည်။ အထက်တန်းပညာပြီးဆုံးသူ (၁၈၈) ဦးရှိပြီး ၊ တက္ကသိုလ်ပညာပြီးဆုံးသူ(၁၃၇) ဦးရှိပါသည်။ ကျောင်ဝင်နှုန်းအနေဖြင့် မူလတန်းကျောင်းဝင်နှုန်း ၁၀၀% ရှိပြီး အလယ်တန်းကျောင်း ဝင်နှုန်းမှာ (၉၀.၄%)ရှိပါသည်။ သက်ကြီးပိုင်းအနည်းငယ်မှလွဲ၍ လူတိုင်းနီးပါး အခြေခံအရေး၊ အဖတ်၊ အတွက်အချက်ကို တတ်မြောက်ကြပါသည်။

ကျန်းမာရေးစောင့်ရှောက်မှုများအား ကျေးရွာတွင်း(၁၆)ကုတင်ဆံ့ ပွေးလှ တိုက်နယ်ဆေးရုံ ရှိပြီး ဆေးရုံတွင် ဆရာဝန်ကျား(၁)ဦး၊ သူနာပြုဆရာမ (အပြာဝတ်) မ(၃)ဦး၊ (အနီဝတ်) မ(၂)ဦး၊ သန့်ရှင်းရေး မ(၃)ဦး ရှိပါသည်။

သောက်သုံးရေအတွက်ရေတွင်း(၅)တွင်း၊အဝီစီတွင်း(၉၂)တွင်းနှင့် မိုးရေလှောင်ကန်(၃၃၄) ကန်မှ သောက်ရေနှင့် တစ်ကိုယ်ရေသန့်ရှင်းရေးအတွက် သုံးရေ လုံလောက်စွာ သုံးစွဲနိုင်ပါသည်။

တစ်နှစ်ပတ်လုံး သောက်ရေ ဖူလုံမှုရှိပါသည်။ မိုးရေလှောင်ကန်များမှရရှိပြီး သန့်ရှင်း စိတ်ချရသော သောက်သုံးရေဖြစ်ရန် အနည်းဆုံး အနေဖြင့် ကျိုချက်ခြင်း ပြုလုပ်ရန်လိုအပ်ပါသည်။

ကျေးရွာအိမ်ခြေ (၃၈၀) အိမ်အနက် (၃၀) အိမ်သည် ကျင်းအိမ်သာ ကိုအသုံးပြုလျက်ရှိနေဆဲ ဖြစ်ပါသည်။ သန့်ရှင်းမှုရှိသည်ကို တွေ့ရပါသည်။

(ဆ)လူငယ်နှင့်ယဉ်ကျေးမှု

လူမှုရေးလုပ်ငန်းများအနေဖြင့် ကျေးရွာသာရေးနာရေးတွင် လူကြီး အဖွဲ့များနှင့် ပါဝင်ကူညီ ဆောင်ရွက်ပေးကြပါသည်။ ဘာသာရေးလုပ်ငန်းများအနေဖြင့် တန်ခူးလတွင် ဘုန်းကြီးကျောင်း တက်ပြီး ဘေးအန်္တရာယ်ကျေးရွာနှင့် မြို့ပေါ်ဘုန်းကြီးကျောင်းတွင် သွားရောက်ကန်တော့ကြပါသည်။ စည်းလုံးမှုရှိပြီး ရိုးရာယဉ်ကျေးမှုထိန်းသိမ်းကြပါ သည်။ကျေးရွာအတွင်း၌ စာကြည့်တိုက်မရှိပါ။ အင်တာနက်အသုံးပြုသူနည်း၊ ဂျာနယ်ဖတ်သော အလေ့အကျင့်မရှိပါ။

(ဇ) အခြေခံအဆောက်အဦများလက်လှမ်းမီမှု - လမ်း၊ တံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့် ဆက်သွယ်ရေး

ရွာတွင်းလမ်းမအများစုမှာ ကျောက်ခင်းလမ်းများဖြစ်ပြီး သွားလာရေး အဆင်ပြေ ချောမွေ့မှုရှိကြပါသည်။ ရွာလယ်တံတားမှာ တောင်ကျချောင်းရေတိုက်စား၍ ဂလိုင်ဖြစ်နေပြီး ဖြစ်ပြီး ပြန်လည် ပြုပြင်ရမည်ဖြစ်သည်။ ဤရွာလယ်တံတားမှလွဲ၍ ကျန်တံတားအားလုံးမှာ ကားသွားရန် စိတ်မချရသော အခြေအနေတွင် ရှိပါသည်။

အိမ်ထောင်စု ၃၀၈ စု သည် မဟာဓာတ်အားလိုင်းမှ လျှပ်စစ်မီးရရှိပါသည်။ အချို့ဆင်းရဲသော မိသားစုများနှင့် အိမ်ထောင်ခွဲစ မိသားစုများသာ မီးလိုင်းသွယ်တန်းရန် လိုအပ်ပါသည်။

ကျေးရွာတွင် တယ်လီဖုန်းဆက်သွယ်ရေး ကွန်ယက်အနေဖြင့် တယ်လီနောကွန်ယက်သုံးစွဲနိုင်ပြီ ဖြစ်ပါသည်။

(ဈ)တည်ငြိမ်အေးချမ်းမှုနှင့်ပြည်သူလုံခြုံရေး

ကျေးရွာအတွင်းတွင် ရဲစခန်းမရှိပါ။ ရာဇဝတ်မှုများ မရှိသလောက်ဖြစ်ပြီး၊ ဖြစ်ပွားပါကလည်း ကျေးရွာနှင့် (၈)မိုင် အကွာတွင်ရှိသော ပင်းတယ ရဲစခန်းသို့ ဆက်သွယ်ကြပါသည်။

၅။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အတားများ နှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ

သီးနှံစိုက်ပျိုးရေးအတွက် ကောင်းမွန်သော မိုးရွာသွန်းမှုပုံစံရှိခြင်း၊ သီးနှံစုံဖြစ်ထွန်းနိုင်သော အပူချိန်စသည့် ရာသီဥတုအခြေအနေကောင်းများရှိခြင်းကြောင့် ဈေးကွက်ဝင်သီးနှံစုံ (ဥပမာ – စက်မှုသီးနှံ၊ သစ်သီးပင်များ၊ ဟင်းသီးဟင်းရွက်များစသည်) စိုက်ပျိုးထုတ်လုပ်နိုင်သော အလားအလာကောင်းများရှိပါသည်။ ဒေသ၏ အဓိကစီးပွားရေးလုပ်ငန်းဖြစ်သည့် မြန်မာပြည်တစ်ဝှမ်းစားသုံးရန် ဟင်းသီးဟင်းရွက်သစ်သီးဝလံ ထုတ်လုပ်ခြင်းဖြစ်သည့်အတွက် သီးနှံရောင်းဝယ်ဖောက်ကားမှုဈေးကွက်လည်းရှိပြီး ဖြစ်ပါသည်။ ထို့အပြင် လမ်းပန်းဆက်သွယ်ရေး၊ သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှုများရရှိရန် ခက်ခဲမှုမရှိသော ဒေသတွင်တည်ရှိသည့်ကျေးရွာ ဖြစ်ပါသည်။ ကျေးရွာသူရွာသားများမှာလည်း ဘိုးစဉ်ဘောင်ဆက် လုပ်ကိုင်ခဲ့သော လုပ်ငန်းဖြစ်သည့်အလျောက် သီးနှံစိုက်ပျိုးရေးလုပ်ငန်းကို ကျွမ်းကျင်ကြပါသည်။

ရှမ်းပြည်နယ်တောင်ပိုင်းဒေသတွင် ပဂ္ဂလိကလုပ်ငန်းရှင်တစ်ချို့က ဝိုင်ထုတ်လုပ်ခြင်း၊ မုံညင်း အခြောက်ခံခြင်း စသည့် ကုန်ချောထုတ်လုပ်မှုများ စတင်လုပ်ကိုင်လာကြပြီဖြစ်သည့်အတွက် ကျေးရွာ၏ တောင်သူများအတွက် သီးနှံထုတ်လုပ်ရေးမှ ဝင်ငွေတိုး၍ရရှိရန် အခွင့်အလမ်းများပင် ဖြစ်ပါသည်။

ဒေသတွင်းရှိ အင်းလေးကန်၊ ပင်းတယလိုဏ်ဂူ ဒေသ၏ သဘာဝရှုခင်းများနှင့် ရိုးရာယဉ်ကျေးမှု ဓလေ့များကြောင့် ခရီးသွားလုပ်ငန်းဆိုင်ရာ စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးသည့် ဒေသဖြစ်သည့်အလျောက် စနစ်တကျ စီစဉ်ဆောင်ရွက်လျှင် ကျေးရွာလူထုအတွက် လုပ်ငန်းအခွင့်အလမ်းများရရှိနိုင်ပါသည်။

ကျေးရွာပတ်ဝန်းကျင်တွင် ကုန်းမြင့် ယာမြေနှင့် ဥယျာဉ်ခြံများစိုက်ပျိုးနိုင်မည့် မြေသယံဇာတများရှိခြင်း၊ စားကျက်မြေအဖြစ် အသုံးပြုနိုင်သည့် သဘာဝသစ်တောမြေများရှိခြင်းကြောင့် သီးနှံထုတ်လုပ်ရေးနှင့် တိရိစ္ဆာန်မွေးမြူရေးတို့ တိုးတက်လုပ်ကိုင်ရန် အခြေအနေကောင်းများပင်ဖြစ်ပါသည်။

ရှမ်းပြည်နယ်တောင်ပိုင်းဒေသတွင်းတွင်တည်ရှိသည့် ကျေးရွာဖြစ်သည့်အတွက် ဒေသအနေအထားအရ ကျယ်ပြန့်သော ဈေးကွက်သို့ လမ်းပန်းဆက်သွယ်ရေးနှင့် သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှု ကောင်းများအား လက်လှမ်းမီမှု ကောင်းမွန်ပါသည်။

(ခ) အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ–

သီးနှံစုံစိုက်ပျိုးမှု ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဟန့်အတားတစ်ခုမှာ ရာသီဥတု ပြောင်းလဲမှုအရ မိုးခေါင်မှုများကြုံတွေ့လာရခြင်း၊ တစ်နှစ်ပတ်လုံး သီးနှံများစွာ စိုက်ပျိုးနိုင်ရေးတို့အတွက် စိုက်ပျိုးရေးရရှိရေးအစီအစဉ်များ ရှာဖွေဖော်ထုတ်ရန်လိုအပ်ပါမည်။

ဟင်းသီးဟင်းရွက်သီးနှံများ ရိတ်သိမ်းချိန် အခြားကျေးရွာ၊ အခြားဒေသများ ရိတ်သိမ်းချိန်နှင့် တိုက်ဆိုင်သည့်နှစ်များတွင် ဈေးကွက်ကျဆင်းမှုများနှင့် ကြုံရလေ့ရှိပါသည်။ ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံ သီးနှံများမှာ ပုတ်လွယ်ပျက်လွယ်သည့် ပစ္စည်းများဖြစ်သည့်အလျောက် ကြာရှည်သိုလှောင်ရန် အခက်ခဲရှိပါသည်။ စုပေါင်း၍ သိုလှောင်သိမ်းဆည်းစနစ်များ လက်လှမ်းမီရေး၊ ကြာရှည်အထားခံသည့် ကုန်ချော ထုတ်လုပ်နိုင်ရေးတို့မှာ စိန်ခေါ်မှုပင်ဖြစ်ပါသည်။

တောင်သူငယ်များအတွက် သီးနှံစိုက်ပျိုးစရိတ်၊ တိရိစ္ဆာန်မွေးမြူစရိတ်၊ အသေးစားလုပ်ငန်းငယ်များ တည်ထောင်လည်ပတ်စရိတ်တို့အတွက် သင့်တော်သော ငွေကြေးဝန်ဆောင်မှု မရရှိခြင်းမှာလည်း ကျေးရွာလူထုဖွံ့ဖြိုးရေးအတွက် အဟန့်အတားဖြစ်ပါသည်။

နိုင်ငံတကာအဖွဲ့အစည်းများ၊ ဒေသတွင်းဌာနဆိုင်ရာများက ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များဖြင့် လာရောက် ကူညီဆောင်ရွက်နေသော်လည်း ကျေးရွာလူထု၏ လိုအပ်ချက်အားထိရောက်စွာ ဖြည့်ဆီးနိုင်မည့် အစီအစဉ် မျိုးရရှိရန်လိုအပ်လျက်ရှိပါသည်။

၆။ ကျေးရွာ ဖွံ့ဖြိုးရေးပန်းတိုင် နှင့် ဗျူဟာ

(က) ရည်မှန်းချက် ပန်းတိုင်

ကျွန်တော်တို့ ကျေးရွာသူ/ကျေးရွာသားများသည် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် ရည်မှန်းချက်များ ချမှတ်ရာတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကွင်းဆင်းဆောင်ရွက်သောအဖွဲ့နှင့် တိုင်ပင်ပြီး အောက်ပါရည်မှန်းချက်များကို ချမှတ်ထားပါသည်။

(က) ကျွန်ုပ်တို့ကျေးရွာတွင် သီးနှံထုတ်လုပ်ခြင်း၊ တိရိစ္ဆာန်မွေးမြူရေးလုပ်ငန်းများ၊ အခြားဝင်ငွေရလုပ်ငန်းများ တိုးတက်ဖွံ့ဖြိုးလာပြီး ကျေးရွာမိသားစုများ၏ဝင်ငွေတိုးတက်လာရေး၊

(ခ) လူမှုစီးပွားဖွံ့ဖြိုးတိုးတက်လာစေရန် အခြေခံအဆောက်အဦးများ ဖွံ့ဖြိုးတိုးတက်သော ကျေးရွာ ဖြစ်လာရေး၊

(ဂ) ရေရှည်တည်ဖွံ့ဖြိုးရေးအတွက် သဘာဝပတ်ဝန်းကျင် ကောင်းများပိုင်ဆိုင်သော ကျေးရွာ ဖြစ်လာစေရေး၊

(ခ) နည်းဗျူဟာ

(က) အထက်ပါ ပန်းတိုင်များသို့ရောက်ရှိရေးအတွက် ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် အစိုးရဌာနများ၊ အခြားပြင်ပအဖွဲ့အစည်းများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် ဆက်သွယ်၍ ကျေးရွာဖွံ့ဖြိုးရေး စီမံချက်များအား ဦးဆောင်အကောင်အထည်ဖော်မည်ဖြစ်သည်။ ပြင်ပမှ နည်းပညာ၊ ငွေကြေးစသည့် အကူအညီများရရှိရေးအတွက် ဦးဆောင်မည်ဖြစ်သည်။ ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် ကျေးရွာအတွင်းရှိ အခြားအဖွဲ့၊ကော်မတီများဖြင့်လည်း ညှိနှိုင်း၍ တာဝန်များကို ခွဲဝေအပ်နှင်း ဆောင်ရွက်မည်။

(ခ) ဒေသရာသီဥတုနှင့် ကိုက်ညီသည်. စိုက်ပျိုးနိုင်သော နှစ်ရှည်သီးပင်များဖြစ်သည့် သံပုရာ၊ ကော်ဖီ၊ထောပတ်၊သစ်မွေး၊ မက်မန်းကဲ့သို့သော သီးပင်များကို စိုက်ပျိုးလုပ်ဆောင်ရာတွင် မျိုးကောင်းမျိုးသန့်များရရှိ၍ တစ်ဧကအထွက်နှုန်း တိုးတက်လာစေရန် လုပ်ဆောင်သွားမည်ဖြစ်ပြီး စိုက်ပျိုးရေးကဏ္ဍမှ လက်ရှိထုတ်လုပ်နေသည့် ကုန်ကြမ်းများကို ကုန်ချောအဆင့်သို့ မြှင့်တင်နိုင်ရန် နည်းပညာနှင့် ဗဟုသုတများကိုရယူနိုင်ရန် ဌာနဆိုင်ရာများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် ဆက်သွယ်ဆောင်ရွက်သွားမည်။ ဈေးကွက်လိုအပ်ချက်ဖြစ်သော တန်ဖိုးမြင့်အော်ဂဲနစ်ထုတ်ကုန်များ ထုတ်လုပ်နိုင်သည်အထိ နည်းပညာများရရှိရေး၊ သွင်းအားစုများရရှိရေးကို အစိုးရဌာနဆိုင်ရာနှင့် ပုဂ္ဂလိက လုပ်ငန်းရှင်များနှင့် ဆက်သွယ်ဆောင်ရွက်သွားမည်။

(ဂ) ထို့အပြင် ကျွဲ၊ နွားတိရိစ္ဆာန် တိုးပွားလာစေရန် ရေရှည်စီမံချက်များချမှတ် အကောင်အထည်ဖော်သွားမည်ဖြစ်သည်။

(ဃ) ကျေးရွာလူထုအတွက် လုပ်ငန်းအခွင့်အလမ်းများပိုမိုကျယ်ပြန့်လာရေးအတွက် သီးနှံနှင့် မွေးမြူရေး ထွက်ကုန်များ ထုတ်လုပ်ရောင်းချရေးဆိုင်ရာ အသေးစားလုပ်ငန်းများ တည် ထောင်ခြင်း၊ ခရီးသွားလုပ်ငန်းဆိုင်ရာဝန်ဆောင်မှုများ စသည်တို့ လုပ်ကိုင်နိုင်ရန် ကျေးရွာ လူထုအတွက် စွမ်းရည်မြှင့်တင်ရေးနှင့် ဖွံ့ဖြိုးရေးစီမံကိန်းရရှိအောင် မြို့နယ်ဌာနဆိုင်ရာ များသို့ တင်ပြတောင်းဆိုမည်။

(င) သက်ဆိုင်ရာဌာနများ၏အကူအညီကိုရယူ၍ ကျေးရွာလူငယ်များ၏ ကျောင်းပညာရေးနှင့် အသက်မွေးဝမ်းကျောင်းပညာများ တိုးတက်လာရေး၊ ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းမှု တိုးတက်ရေးတို့အတွက် ရေရှည်စီမံချက်များကို ကျေးရွာဖွံ့ဖြိုးရေး ကော်မတီနှင့် အခြား သက်ဆိုင်ရာကော်မတီတို့ ပူးပေါင်း ရေးဆွဲအကောင်အထည်ဖော်ပါမည်။

(စ) မြေဆီလွှာထိန်းသိမ်းရေး၊ ပတ်ဝန်းကျင်ရှိ သဘာဝပေါက်ပင်နှင့် သစ်တောများ ပြုန်းတီးမှု လျော့ချရေးတို့အတွက် သက်ဆိုင်ရာဌာနများ၏ အကူအညီယူ၍ အမြင်ဖွင့်သင်တန်းများ ရယူခြင်း၊ စီမံကိန်းများရေးဆွဲအကောင်အထည်ဖော်ခြင်းတို့ ဆောင်ရွက်မည်။

၇။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များ နှင့် ဗဟိုအဆင့်မူဝါဒများအကြား အစီအစဉ်ကျသော ချိတ်ဆက်မှုများ

အစိုးရ၏မူဝါဒနှင့် လုပ်ငန်းအစီအစဉ်တို့ကို ရင်းနှီးကျွမ်းဝင်ပြီးသော အစိုးရဌာနဆိုင်ရာ များနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာအကြံပေးအဖွဲ့တို့၏ အကြံပြု ချက်အရ ဤအခန်းကို ပြုစုဖော်ပြထားပါသည်။ ဖော်ပြပါ အဖွဲ့အစည်းများသည် ကျွန်ုပ်တို့ ကျေးရွာ၏ လိုအပ်ချက်များအား နိုင်ငံတော်အဆင့်မှသည် ဒေသဆိုင်ရာအဆင့်၊ ထိုမှတစ်ဆင့် ကျွန်ုပ်တို့ ကျေးရွာအဆင့်ထိ ပံ့ပိုးမှုပေးနိုင်မည့် အစိုးရဌာနများနှင့် အဖွဲ့အစည်းများကို အကြံပြု ဖော်ထုတ် ပေးနိုင်ခဲ့ကြပါသည်။

(က) ကျေးရွာဖွံ့ဖြိုးရေး ရည်မှန်းချက် ရေးဆွဲခြင်းနှင့် ပုံမှန်စိစစ်ခြင်း

ဤကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်လုပ်ငန်းအား နည်းပညာအထောက်အပံ့များ ပံ့ပိုးပေးမှုသည် အလွန်အရေးပါပါသည်။ အနာဂါတ်တွင်လည်း ရေရှည်တည်တံ့မည့် အထောက်အပံ့များကို နိုင်ငံတော်အစိုးရထံမှ ရရှိမည်ဟုမျှော်လင့်ပါသည်။ ကျွန်တော်တို့ ကျေးရွာသားများကိုယ်တိုင် အားထုတ် လုပ်ကိုင်ရရှိခဲ့မှုများကို ပြန်လည်စိစစ်ခြင်း၊ နောက်ဆုံးအတည်ပြုထားသည့် ဖွံ့ဖြိုးရေး အစီအစဉ်များကိုလည်း သတ်မှတ်ကာလအတိုင်း ပုံမှန်စိစစ်သွားနိုင်ပါမည်။ အရေးကြီးသည့် အချက်မှာ ဦးစားပေးစီမံချက်များနှင့် ဘတ်ဂျက်ပမာဏပါဝင်သည့်နှစ်ပတ်လည် ဖွံ့ဖြိုးရေး စီမံချက် ပြင်ဆင်ရန်ဖြစ်သည်။

(ခ) နည်းပညာအကူအညီပေးရေးဝန်ဆောင်မှုလုပ်ငန်းများ

ကျေးရွာလူထုသည် သီးနှံတိုးတက်ထုတ်လုပ်မှုကဏ္ဍတွင် ဈေးကွက်ဝင်နှစ်ရှည်သီးနှံစိုက်ပျိုးရေး၊ ဟင်းသီးဟင်းရွက် သီးနှံစုံစိုက်ပျိုးရေး၊ ယင်းသီးနှံများအား သမားရိုးကျမဟုတ်ဘဲ အော်ဂဲနစ် သီးနှံများ စိုက်ပျိုးထုတ်လုပ်ရေး၊ စိုက်ပျိုးသောသီးနှံများအား ထုတ်ပိုးမှု၊ သိုလှောင်သိမ်းဆည်းမှု ဆိုင်ရာ အသုံးပြုမှုနည်းပညာနှင့် နည်းစနစ်များ၊ ဖော်ပြပါ ထုတ်ကုန်များအား ကုန်ချောထုတ်လုပ်မှု ဆိုင်ရာနည်းပညာများ စသည်တို့အား တတ်ကျွမ်းနားလည်ရေးနှင့် အသုံးချနိုင်ရေးအတွက် နည်းပညာဝန်ဆောင်မှုများ လိုအပ်ပါမည်။ အလားတူပင် မွေးမြူရေးကဏ္ဍတွင် တိရိစ္ဆာန်ရောဂါ ကာကွယ်ကုသရေး၊ ခြံလှောင် တစ်နိုင်တစ်ပိုင် မွေးမြူရေးစနစ်ဖြင့် မွေးမြူနည်းများ၊ ခရီးသွား လာရေး ဆိုင်ရာဝန်ဆောင်မှုများနှင့် ဆက်စပ်သည့် ကျွမ်းကျင်မှုဆိုင်ရာ နည်းပညာများလည်း လိုအပ်ပါမည်။ မြို့နယ်အဆင့်ရှိ အဖွဲ့အစည်းများအနေဖြင့် ဖော်ပြပါကိစ္စများအတွက် ကျေးရွာ လူထု၏ လိုအပ်ချက်များအား ထိထိရောက်ရောက် ကူညီပံ့ပိုးနိုင်မည့် အစီအစဉ်များလိုအပ်ပါမည်။

(ဂ) ထုတ်လုပ်မှုလုပ်ငန်းများတိုးတက်ရန် ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံမှုများတိုးတက်ရေး

မြို့နယ်အဆင့်တွင် အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးမှုသာ ကျေးရွာ ထုတ်ကုန်နှင့် ဝန်ဆောင်မှုများအတွက် ကုန်စည်စီးဆင်းမှုများ ကောင်းမွန်မည်ဖြစ်ပါသည်။ ထို့ကြောင့် သီးနှံထုတ်လုပ်ရေးနှင့် မွေးမြူရေးလုပ်ငန်းသုံး သွင်းအားစုများရောင်းဝယ်ဖောက်ကား ရေး၊ ထုတ်ကုန်များသိုလှောင်ရေး၊ ရောင်းဝယ်ဖောက်ကားရေးတို့အတွက် ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံမှု များဖွံ့ဖြိုးရန် အခြေအနေကောင်းများ ဖန်တီးနိုင်မည့် မူဝါဒများ လိုအပ်ပါမည်။

(ဃ) ငွေရေးကြေးရေးနှင့်ဘဏ်လုပ်ငန်းများ

ဘဏ်လုပ်ငန်းများကိုလည်း ဆင်းရဲတောင်သူ၊ အလယ်အလတ်တောင်သူနှင့် တောင်သူကြီး များအတွက် လိုအပ်သောချေးငွေရရှိရန် စနစ်များပြောင်းလဲချမှတ်သင့်သည်။ အထူးသဖြင့် လယ်သမားနှင့် အသေးစားလုပ်ငန်းရှင်များသည် စိုက်ပျိုးရေးနှင့် အသေးစားစီးပွားရေးလုပ်ငန်း များအတွက် အထိုက်အလျောက် များပြားသည့် ချေးငွေလိုအပ်ပါသည်။

၈။ ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော် ဆောင်ရွက်မည့် အချိန်ကာလ

စီမံချက်များသည် ဖွံ့ဖြိုးရေးလုပ်ငန်းများကို လက်တွေ့ အကောင်အထည်ဖော်စေနိုင်မည့် နည်းဗျူဟာ များအဖြစ်သို့ ရောက်ရှိအောင် အောက်ခြေအထိ လုပ်ကိုင်ဆောင်ရွက်ရမည် ဖြစ်ပါသည်။ စီမံကိန်း ငါးနှစ်တာကာလကျော်လွန်ချိန်တွင် ဖော်ပြပါပန်းတိုင်များကို ပြီးမြောက်အောင် ဆောင်ရွက် နိုင်ရန် စီမံချက်များ သည် ဖွံ့ဖြိုးရေးလိုအပ်ချက်များအဖြစ် မရှိမဖြစ် လိုအပ်ပါမည်။

(က) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်နှင့်ဘဏ္ဍာငွေလျာထားရေးအစီအစဉ်

ကျေးရွာလူထုသည် ငါးနှစ်တာအတွက် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲချိန်တွင် စိစစ်ရွေးချယ်ထားသည့် ဦးစားပေးစီမံချက်များမှာ ပြည့်စုံလုံလောက်နိုင်မည် မဟုတ်သေးပေ။ သို့ဖြစ်၍ ကျေးရွာလူထုသည် စီမံချက်များကို အကောင်အထည်ဖော်မှု (၂-၃) နှစ် ကျော်လာချိန်တွင် စီမံကိန်း ငါးနှစ်တာကာလအတွင်း ဦးစားပေးလုပ်ငန်းများ ထပ်မံဖော်ထုတ်ပြီး လုပ်ဆောင်ရန် လိုအပ်လာပါမည်။ ဆိုးရွားသော သဘာဝဘေးအန္တရာယ် သက်ရောက်မှုများ မရှိခဲ့လျှင် ငါးနှစ်တာဖွံ့ဖြိုးရေးနည်းဗျူဟာသည် အနည်းနှင့်အများ ပြောင်းလဲမှုရှိမည် မဟုတ်သော်လည်း စီမံကိန်းငါးနှစ်တာအတွင်း ထပ်တိုး စီမံချက်များအား ရှိလာနိုင်ပါ သည်။

ထို့ကြောင့် ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် နှစ်အလိုက် ဘဏ္ဍာရေးနှင့် ငွေကြေးစီမံမှုဆိုင်ရာ ရွေးချယ်ခြင်း၊ အစီအစဉ်နှင့် စီမံချက်များအား ပြုပြင်မွမ်းမံနိုင်ခြင်းတို့ကို ပြုပြင်ရလွယ်ကူစေရန် ဦးတည်ပါသည်။ ဒေသတွင်း ဖြစ်ပေါ်လာသော ဖွံ့ဖြိုးရေးလိုအပ်ချက်၊ သဘာဝဘေးအန္တရာယ်၊ အခြား အရေးပေါ်ကိစ္စများနှင့် အစိုးရဘတ်ဂျက်များအပေါ်မူတည်၍ ဦးစားပေး အစီအစဉ်များကို ပြောင်းလဲရန် ဖြစ်ပါသည်။ သို့ဖြစ်၍ ကျွန်ုပ်တို့ ငါးနှစ်တာအတွက် ရေးဆွဲထားသော ဖွံ့ဖြိုးရေးရည်မှန်းချက် မူဘောင်တွင် နှစ်အလိုက် အကောင်အထည် ဖော်ဆောင်ရွက်မည့် **နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်** ကို ပြင်ဆင်ရမည် ဖြစ်ပါသည်။

(ခ) ကဏ္ဍနှင့် ရင်းနှီးမြုပ်နှံမှုကို အခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်း

အစီအစဉ်နှင့် စီမံချက်များအား ကဏ္ဍနှင့် ရင်းနှီးမြုပ်နှံမှုကိုအခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်းသည် စီမံကိန်းဆိုင်ရာ အချက်အလက်များ ခွဲခြမ်းသုံးသပ်ရာတွင် များစွာ အထောက်အကူပြုပါမည်။ Functional classification သည် ဝန်ကြီးဌာန၊ ဦးစီးဌာနများအတွက် ၄င်းတို့နှင့်သက်ဆိုင်သော စီမံချက်များကို သိရှိနားလည်ရန် အထောက်အကူပြုပါမည်။ Economic classification သည် စီမံချက်များ၏ အကျိုးရလဒ် ဖြစ်ထွန်းမှုများအား အကဲဖြတ်သုံးသပ်ခြင်း လုပ်ငန်းများ ဆောင်ရွက်ရေးအတွက် လိုအပ်ပါသည်။

ကဏ္ဍကိုအခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်း (Functional Classification)

ဆောင်ရွက်မည့်စီမံချက် နှင့် စီမံချက်ဘတ်ဂျက်သည် (က) မည်သည့် ကဏ္ဍအောက်တွင် (ဥပမာ - စိုက်ပျိုးရေး၊ လျှပ်စစ်ကဏ္ဍ စသည်)၊ (ခ) မည်သည့်ဝန်ကြီးဌာနနှင့်သက်ဆိုင်သည် စသည်ဖြင့် ခွဲခြား သတ်မှတ်နည်းဖြစ်ပါသည်။

ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကို အခြေခံ၍ အုပ်စုသတ်မှတ်ခြင်း (Economic Classification)

စီမံချက်ဘတ်ဂျက်အမျိုးအစားသည် မည်သည့်ရင်းနှီးမြှုပ်နှံမှု အမျိုးအစား ဖြစ်သည်ကို ဖေါ်ပြခြင်း ဖြစ်ပါသည်။

(၁) ငွေလုံးငွေရင်း အသုံးစရိတ် (Capital Investment) ဥပမာ- ဆောက်လုပ်ရေးပစ္စည်းများနှင့် ပုံသေဝယ်ယူ၍ရသော ရင်းနှီးမြှုပ်နှံမှုများ၊

(၂) စွမ်းဆောင်ရည်မြှင့်တင်ရေး (Capacity Building) ဥပမာ - ဆွေးနွေးပွဲ၊ သင်တန်းစသည့် အသုံးစရိတ်၊

(၃) အထွေထွေ ရင်းနှီးမြုပ်နှံမှု (ငွေကြေးရင်းနှီးမြှုပ်နှံမှုများနှင့် စွမ်းရည်မြှင့်တင်ရေးလုပ်ငန်းများ ပေါင်းစပ်လျက်)၊

(၄) လူသားချင်း စာနာမှုအထောက်အပံ့။

(ဂ) ဦးစားပေးစီမံချက်များ

ကျေးရွာဖွံ့ဖြိုးရေး အစည်းအဝေးတွင် အုပ်စုဖွဲ့ဆွေးနွေးမှုများမှ ကျေးရွာတွင် ဆောင်ရွက်သင့်သည့် လုပ်ငန်းခေါင်းစဉ်များ ထွက်ရှိလာပါသည်။ ယင်းလုပ်ငန်းများအနက် တက်ရောက်သူ ကျေးရွာသား အုပ်စု (၄) စုထဲမှ (၁၀) ဦးက ဦးစားပေးရမည့် စီမံချက်များကို အမှတ်ပေးကြပါသည်။ အချို့သော စီမံချက်များကို ဆောင်ရွက်ရာတွင် နည်းပညာဆိုင်ရာ အသေးစိတ်အထောက်အပံ့များကို မြို့နယ် အဆင့် အစိုးရဌာနများနှင့် အခြားအဖွဲ့အစည်းများထံမှ ပြည့်ပြည့်ဝဝ ရရှိရန် လိုအပ်ပါသည်။

ကျေးရွာဖွံ့ဖြိုးရေး အစည်းအဝေးတွင် သဘောတူ သတ်မှတ်ထားသော ဦးစားပေးစီမံချက် လုပ်ငန်းများမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

ကျေးရွာဖွံ့ဖြိုးရေး အစည်းအဝေးတွင် သဘောတူသတ်မှတ်ထားသော ဦးစားပေးစီမံချက်များမှာ -

ကဏ္ဍ	စီမံချက်	ရမှတ် ပေါင်း	အဆင့်	စီမံချက် အကြောင်းအရာဖော်ပြချက်	မှတ် ချက်
စိုက်ပျိုးရေး ကဏ္ဍ					
	သီးနှံထုတ်လုပ်မှုတိုး တက်ရေးအတွက် စိုက်ပျိုးရေးဆိုင်ရာ နည်းပညာဗဟုသုတ၊ ကျွမ်းကျင်မှုများ ရရှိ အောင်ဆောင်ရွက်ခြင်း			• အိမ်ခြံဝင်းစပျစ် စိုက်ပျိုးခြင်း • နှစ်ရှည်သီးပင်စိုက်ပျိုး ခြင်း (ထောပတ်၊ကော်ဖီ၊ သစ်တော်၊မက်မန်း၊လိမ္မော်) • စိုက်ပျိုးရေးတွင်းတူး ဖော်ခြင်း • စိုက်ပျိုးရေးနည်းပညာ များပို့ချခြင်းသင်တန်း။ • ကော်ဖီစိုက်ပျိုးထုတ်လုပ် နည်းသင်တန်း	
မွေးမြူရေး					
	တစ်နိုင်တစ်ပိုင် တိရိစ္ဆာန်မွေးမြူရေး လုပ်ငန်းများတိုးတက် လုပ်ကိုင်နိုင်ရေး ဆောင်ရွက်ခြင်း			• နို့စားနွားစံပြမွေးမြူခြင်း • ဝက်မျိုးကောင်းမျိုးသန့်ပုံ ပိုးပေးခြင်း	
ပညာရေး					
	ကျေးရွာစာသင်ကျောင်း အခြေခံအဆောက်အဦး နှင့် အသုံးအဆောင်များ ပြုပြင်ခြင်းနှင့်အသစ် တည်ဆောက် ခြင်း			• မူကြိုကျောင်းပရိဘောဂ သင်ထောက်ကူပစ္စည်း • ကျောင်းခြံစည်းရိုး	
ကျန်းမာရေး					
	အခြေခံကျန်းမာရေး ဝန်ဆောင်မှုလက်လှမ်း မီရေး			• သားဖွားဆောင်တိုးချဲ့ခြင်း • ဆေးရုံပရိဘောဂ (သားဖွားကုတင်၊မွေးစင်) • ဆေးရုံရေချိုးခန်း၊	• ကျေးလက် ဦးစီး

ကဏ္ဍ	စီမံချက်	ရမှတ် ပေါင်း	အဆင့်	စီမံချက် အကြောင်းအရာဖော်ပြချက်	မှတ် ချက်
				အိမ်သာဆောက်လုပ်ခြင်း • ဆေးရုံခြံစည်းရိုး	
အခြား ဝင်ငွေရ လုပ်ငန်းများ					
	အလုပ်အကိုင် အခွင့်အလမ်း များပြား လာစေရေး			• အသက်မွေးဝမ်းကျောင်းဆိုင်ရာ ကျွမ်းကျင်မှုသင်တန်း ပေးခြင်း။ • ခရီးသွားလာရေးလုပ်ငန်းအခြေ ပြုသော ကုန်ထုတ်လုပ်မှု၊ ဝန်ဆောင်မှုဆိုင်ရာလုပ်ငန်းများ လုပ်ကိုင်လာနိုင်ရေး • သီးနှံ၊ မွေးမြူရေးထွက်ကုန်နှင့် ကျောက်မီးသွေး၊သဲကျောက် ကဲ့သို့အခြားသဘာဝထွက်ကုန် များ ကုန်ချောထုတ်လုပ်ခြင်း ဆိုင်ရာလုပ်ငန်းအခွင့်အလန်းမျ ားဖွံ့ဖြိုးရေး။ • စျေးကွက်ထိုးဖောက်မည့် အကျိုးတူအုပ်စုဖွဲ့စည်းခြင်း နှင့် လုပ်ငန်း အကောင်အထည်ဖော်ခြင်း။ • အလုပ်အကိုင် အခွင့်အလမ်း တိုးတက်လာစေရန် လုပ်ငန်းရှင်များ နှင့် ဆက်သွယ်ခြင်း။	ကျေး လက် ဦးစီး
သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး					
	သဘာဝပတ်ဝန်းကျင်ထိန်းသိမ်း ရေးအစီအစဉ်များဆောင်ရွက်ခြင်း			• သစ်တောထိန်းသိမ်းရေးဆိုင်ရာ အသိပညာများ တိုးတက်အောင် ဆောင်ရွက်ခြင်း • ထင်းကုန်သက်သာမီးဖို၊ ထင်းအစားထိုးလောင်စာများ၊ စွမ်းအင်များအသုံးပြုနိုင်အောင် ဆောင်ရွက်ခြင်း • မြေဆီလွှာ ထိန်းသိမ်းရေး အစီအစဉ်များ	

(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ

ကျေးရွာလူထုက ဖော်ထုတ်ရေးဆွဲထားသော ဦးစားပေးစီမံချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရန် စီမံကိန်းကာလကို ကွင်းဆင်းဆောင်ရွက်ချက်များအား အခြေခံ၍ ရေးဆွဲထား ပါသည်။ ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းကာလများကို နှစ်စဉ် ပြုပြင်ရေးဆွဲပါမည်။ စီမံကိန်းကာလ အပိုင်းအခြားများကို အောက်ပါဇယားတွင် ဖော်ပြထားပါသည်။

စဉ်	စီမံချက် (Project)	ဦးစားပေး အဆင့်	၂၀၁၆	၂၀၁၇	၂၀၁၈	၂၀၁၉	၂၀၂၀
၁	သီးနှံထုတ်လုပ်မှုတိုးတက်ရေး အတွက် စိုက်ပျိုးရေးဆိုင်ရာ နည်းပညာ ဗဟုသုတ၊ ကျွမ်းကျင်မှုများ ရရှိအောင် ဆောင်ရွက်ခြင်း	၁	✔	✔	✔		
၂	မွေးမြူရေး	၂					
၃	ကျေးရွာစာသင်ကျောင်း အခြေခံ အဆောက်အဦးနှင့် အသုံး အဆောင်များ ပြုပြင်ခြင်းနှင့် အသစ်တည်ဆောက်ခြင်း	၃	✔				
၄	အခြေခံကျန်းမာရေးဝန်ဆောင်မှု လက်လှမ်းမီရေး	၄		✔			
၅	အခြား ဝင်ငွေရ လုပ်ငန်းများ	၅	✔	✔	✔	✔	✔
၆	သဘာဝပတ်ဝန်းကျင်ထိန်းသိမ်း ရေးအစီအစဉ်များ ဆောင်ရွက်ခြင်း	၆	✔	✔	✔	✔	✔

၉။ ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ အစီအစဉ်

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် ရေးဆွဲရာတွင် စီမံကိန်းတွင်ပါဝင်သော အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းများအတွက် ဦးစားပေးဆောင်ရွက်မည့် လုပ်ငန်းများကို ဖော်ထုတ်ပြီး ဖြစ်ပါသည်။ စီမံကိန်းများနှင့်ဆိုင်သော အကြောင်းအရာများကို လုပ်ငန်းတစ်ခုချင်းစီအလိုက် အသေးစိတ် ဖော်ပြထားပါသည်။ ၎င်းထဲတွင် စီမံချက်၏ရည်ရွယ်ချက်၊ အကျိုးခံစားသူဦးရေ၊ အကောင်အထည်ဖော်ဆောင်ရွက်မည့်ပုံစံနှင့် အစီအစဉ်၊ စီမံချက် အကောင်အထည်ဖော် ဆောင်ရွက်မည့် ကာလ၊ အခြေခံအဆောက်အဦကို ပြုပြင်ထိန်းသိန်းမည့် ဘတ်ဂျက်နှင့် ငွေရေးကြေးရေး အစီအစဉ်များ ပါဝင်ပါသည်။

အချို့သော စီမံချက်များကို ဆောင်ရွက်ရာတွင် နည်းပညာဆိုင်ရာ အသေးစိတ် အထောက်အပံ့များကို မြို့နယ်အဆင့် အစိုးရဌာနများနှင့် အခြားအဖွဲ့အစည်းများထံမှ ပြည့်ပြည့်ဝဝ ရရှိရန် လိုအပ်ပါသည်။ စီမံချက်များ အကောင်အထည်ဖော် ဆောင်ရွက်ရန် ဦးစားပေး သတ်မှတ်ရာတွင် ဘတ်ဂျက်၊ ငွေကြေးရရှိနိုင်မှုအပေါ် အခြေခံပြီး နှစ်စဉ် ပြုပြင်ပြောင်းလဲနိုင်သည်။ ဒေသအတွင်း ဖြစ်ပေါ်လာသော ဖွံ့ဖြိုးရေးလိုအပ်ချက်၊ သဘာဝ ဘေးအန္တရာယ်၊ အခြား အရေးပေါ်ကိစ္စရပ်များနှင့် အစိုးရ ဘတ်ဂျက်များအပေါ် မူတည်၍ ဦးစားပေး အစီအစဉ်များကို ပြောင်းလဲရန် ဖြစ်ပါသည်။ ကျေးရွာလူထုမှ ငါးနှစ်တာကာလအတွက် ရေးဆွဲထားသော ဖွံ့ဖြိုးရေးရည်မှန်းချက်မူဘောင်တွင် နှစ်အလိုက် အကောင်အထည်ဖော် ဆောင်ရွက်မည့် လုပ်ငန်း အစီအစဉ်များ အတွက် ပြင်ဆင်ရမည် ဖြစ်သည်။

အောက်ပါ ဇယားတွင် ဖော်ပြထားသော စီမံချက်အလိုက် ဘတ်ဂျက် ပမာဏများသည် ရည်ညွှန်း နမူနာ (indicative) အဖြစ် ကိုးကားရန် ပမာဏသာ ဖြစ်ပါသည်။ အမှန်တကယ် လိုအပ်သော ဘတ်ဂျက် ပမာဏ တွက်ချက်နိုင်ရန် အသေးစိတ်ဆက်လက်၍ ဆောင်ရွက်ရမည် ဖြစ်ပါသည်။ ယင်းသို့ ဆောင်ရွက်နိုင်ရန် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး ကော်မတီသည် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ အဖွဲ့အစည်းများနှင့် လုပ်ငန်းရှင်များထံမှ နည်းပညာ အကူအညီများ ရရှိရန်လည်း လိုအပ်ပါသည်။

ဖော်ပြထားသော ရည်ညွှန်းဘတ်ဂျက်ပမာဏတွင် ကျေးရွာလူထု၏ ငွေသားမဟုတ်သော ထည့်ဝင်မှုများကို ထည့်သွင်းဖော်ပြထားခြင်း မရှိပါ။ (ငွေသားမဟုတ်သော ထည့်ဝင်မှု၊ ဥပမာ - လုပ်အား၊ သဲ၊ ကျောက်၊ ပစ္စည်းကိရိယာ၊ အချိန် စသည်)

စဉ်	စီမံချက်	ရန်ပုံငွေ	ရင်းနှီးမြှုပ်နှံမှုအရအုပ်စုသတ်မှတ်ခြင်း (ကျပ်)		
			သာမန်အသုံးစရိတ်	ငွေလုံးငွေရင်းအသုံးစရိတ်	
				ငွေလုံးငွေရင်းအသုံးစရိတ်	စွမ်းဆောင်ရည်မြှင့်တင်ရေး	လူသားချင်းစာနာမှုအထောက်အပံ့
၁	သီးနှံထုတ်လုပ်မှုတိုးတက်ရေးအတွက် စိုက်ပျိုးရေးဆိုင်ရာ နည်းပညာ ဗဟုသုတ၊ ကျွမ်းကျင်မှုများ ရရှိအောင် ဆောင်ရွက်ခြင်း					
၂	မွေးမြူရေး					
၃	ကျေးရွာစာသင်ကျောင်း အခြေခံအဆောက်အဦးနှင့် အသုံးအဆောင်များ ပြုပြင်ခြင်းနှင့် အသစ်တည်ဆောက် ခြင်း					
၄	အခြေခံကျန်းမာရေးဝန်ဆောင်မှုလက်လှမ်းမီရေး					
၅	အခြား ဝင်ငွေရလုပ်ငန်းများ					
၆	သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအစီအစဉ်များ ဆောင်ရွက်ခြင်း					

၁၀။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို ကျေးရွာလူထုက ဦးဆောင်အကောင်ထည်ဖော်မည်ဖြစ်သဖြင့် လုပ်ငန်း အောင်မြင်ရေးနှင့် ရည်မှန်းချက်များသို့ ရောက်ရှိရေးမှာ ကျေးရွာတွင် တာဝန်ရှိပါသည်။

(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ပါဝင်သော စီမံကိန်းလုပ်ငန်းများကို အထိရောက်ဆုံး အကောင်အထည်ဖော်ရန် တာဝန်မှာ ကျွန်ုပ်တို့ကျေးရွာလူထု၏ တာဝန် ဖြစ်ပါသည်။ ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် ပေါင်းစပ်ညှိနှိုင်းရေးနှင့် စီမံခန့်ခွဲရေး တာဝန်ကို အဓိကယူပါမည်။ အဖွဲ့အစည်းအသီးသီး၊ ကော်မတီအသီးသီးအား တာဝန်များ ခွဲဝေအပ်နှင်း၍ သက်ဆိုင်ရာစီမံကိန်းများ ဆောင်ရွက်

နိုင်ရန် ဦးဆောင်ပါမည်။ ဥပမာ-မိဘဆရာအသင်းသည် ကျေးရွာမူလတန်းကျောင်း၏ ပညာရေး အရည်အသွေး ကောင်းမွန်တိုးတက်ရန် တာဝန်ယူဆောင်ရွက်စေ၍ လယ်သမားအဖွဲ့က ကျေးရွာ လယ်ယာကုန်ထုတ်လမ်း အဆင့်မြှင့်ခြင်း လုပ်ငန်းကို တာဝန်ယူဆောင်ရွက်စေခြင်း ဖြစ်ပါသည်။

(ခ) ဖွံ့ဖြိုးရေးမိတ်ဖက် အဖွဲ့အစည်း

ကျွန်ုပ်တို့ ကျေးရွာကော်မတီအဖွဲ့များက ဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည်ဖော်ရာတွင် ဦးဆောင်စီမံခန့်ခွဲမှု တာဝန်ယူဆောင်ရွက်သော်လည်း အခြားသော ဖွံ့ဖြိုးရေး မိတ်ဖက်အဖွဲ့များကိုလည်း ရှာဖွေ ဆက်သွယ် ပူးပေါင်းရန်လိုပါမည်။ ကျွန်ုပ်တို့ ကိုယ်တိုင်မတတ်နိုင်သော အကူအညီများ ရယူဆောင်ရွက်ရန် ဖြစ်ပါသည်။ ဥပမာ - မိဘဆရာအသင်းသည် မူလတန်းပညာရေးသင်ကြားမှု အရည်အသွေးတိုးတက်ရေး ဆောင်ရွက်ရန် မြို့နယ်ပညာရေးဌာနနှင့် ချိတ်ဆက်ညှိနှိုင်း ဆောင်ရွက်ရပါမည်။ လယ်သမား အဖွဲ့အစည်းကလည်း လယ်ယာကုန်ထုတ်လုပ်ငန်း အထောက်အကူပြုလမ်း အဆင့်မြှင့်တင်ရန် မြို့နယ်ဆောက်လုပ်ရေးဦးစီးဌာနနှင့်ဆက်သွယ်၍ အင်ဂျင်နီယာဒီဇိုင်းပုံစံနှင့် တွက်ချက်မှုဆိုင်ရာ အကူအညီများ ရယူရပါမည်။

(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ

စီမံကိန်းလုပ်ငန်းများ၏ အသေးစိတ်လုပ်ငန်းအမျိုးအစား ဖော်ပြချက်တွင် တင်ဒါခေါ်ယူ ဆောင်ရွက်ရမည့် ကိစ္စများကိုလည်း တွေ့ရပါမည်။ ဤလုပ်ငန်း အမျိုးအစားများအတွက် အောက်ပါအဖွဲ့ အစည်း/ ပုဂ္ဂိုလ်များ၏ ပါဝင်မှုမှာ အမှန်ပင် လိုအပ်ပါမည်။

- ဆောက်လုပ်ရေး၊ ကြီးကြပ်ရေးစသည့် လုပ်ငန်းများအတွက် ကန်ထရိုက်များ
- စိုက်ပျိုးရေး၊ မွေးမြူရေးစသည့် သင်တန်းများအတွက် နည်းပညာဆိုင်ရာနှင့် စီမံခန့်ခွဲမှုဆိုင်ရာ ဝန်ဆောင်မှုပေးသည့် အဖွဲ့များ (နိုင်ငံတကာဖွံ့ဖြိုးမှု အဖွဲ့အစည်းများ၊ ဒေသဖွံ့ဖြိုးရေး အဖွဲ့ အစည်းများ၊ ပုဂ္ဂလိက အဖွဲ့အစည်များ၊ လူထုအဖွဲ့အစည်းများ)

ကန်ထရိုက်နှင့်ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများက စီမံကိန်းလုပ်ငန်းတွင် ဖော်ပြထားသော သတ်သတ်မှတ်မှတ် ကိစ္စများကိုသာ ကြီးကြပ်မှုပေးမည်ဖြစ်ပြီး လုပ်ငန်းတစ်ခုလုံး လွှမ်းခြုံကြီးကြပ်ရန် တာဝန်မှာ ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးကော်မတီက တာဝန်ပေးထားသောအဖွဲ့၏ တာဝန်သာ ဖြစ်ပါသည်။ အချို့ကိစ္စများတွင် ကြီးကြပ်ရေးတာဝန်မှာ မြို့နယ်သက်ဆိုင်ရာဦးစီးဌာနက တာဝန်ယူပါမည်။ ဤကိစ္စ မျိုးတွင် ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် တာဝန်ပေးထားသောကော်မတီကို ဦးဆောင်၍ မြို့နယ်ဌာန ဆိုင်ရာအဖွဲ့အစည်းများနှင့် နီးနီးကပ်ကပ် ပူးပေါင်း ဆောင်ရွက်ပါမည်။

(ဃ) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ လည်ပတ်ရန်နှင့် ပြုပြင်ထိန်းသိမ်းရန်အတွက် အဖွဲ့အစည်းဆိုင်ရာ အစီအစဉ်များနှင့် ငွေကြေးဆိုင်ရာ အစီအမံများ

ကျွန်ုပ်တို့ကော်မတီအနေဖြင့် လုပ်ငန်းတစ်ခုချင်းစီအတွက် ရေရှည်တည်တံ့ရေး အစီအစဉ်များ ထားရှိမည်။ ဥပမာအားဖြင့် တံတားဆောက်လုပ်ခြင်းလုပ်ငန်းတွင် အသုံးပြုသူများထံမှ အသုံးပြုခ ကောက်ခံခြင်း၊ စေတနာအလျောက် ထည့်ဝင်လိုသူများထံမှ အလှူငွေကောက်ခံခြင်းတို့ ဆောင်ရွက် မည်။ ထို့အပြင် တံတားပေါ်ဖြတ်သန်းသွားလာ သယ်ယူမည့် ပစ္စည်းများ၏ ပမာဏကို ကန့်သတ်ခြင်း ကဲ့သို့သော စည်းကမ်းများ သတ်မှတ်မည်။

ဖွံ့ဖြိုးရေးလုပ်ငန်းများ ရေရှည်တည်တံ့ရေးအတွက် လုပ်ငန်းအလိုက် သက်ဆိုင်ရာကော်မတီ၊ အဖွဲ့အား တာဝန်အပ်နှင်းဆောင်ရွက်မည် ဖြစ်ပါသည်။ ဥပမာအားဖြင့် တံတားပြုပြင်ထိန်းသိမ်းရေး အတွက် လမ်းကော်မတီ၊ စာသင်ကျောင်း ပြုပြင်ထိန်းသိမ်းရေးအတွက် မိဘဆရာအသင်း စသည် ဖြင့် ဆောင်ရွက်ပါမည်။

၁၁။ စီမံကိန်း ကြီးကြပ်စစ်ဆေးခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း

ကျေးရွာ၏ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် အကောင်အထည်ဖော်ရာတွင် တိုးတက်မှု အခြေအနေ များအား စနစ်တကျ ကြီးကြပ်စစ်ဆေး အကဲဖြတ်ကြပါမည်။ အစကနဦး၌ ကြီးကြပ် စစ်ဆေး အကဲဖြတ် ခြင်းလုပ်ငန်းကို ရိုးရှင်းလွယ်ကူသော နည်းလမ်းများဖြင့် ဆောင်ရွက်ပါမည်။ သို့မှသာ ရည်ရွယ်သည့် အတိုင်း ကြီးကြပ်စစ်ဆေး အကဲဖြတ်သည့် လုပ်ငန်းကို ပြီးမြောက်အောင် ဆောင်ရွက် နိုင်ပါလိမ့်မည်။

လူထုဗဟိုပြု၍ အားလုံးပူးပေါင်းပါဝင်သော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် အကောင်အထည်ဖော် သော နည်းလမ်းကို လက်ကိုင်ကျင့်သုံးသည့်အလျောက် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုး ရေးလုပ်ငန်းများ ကို ကြီးကြပ်စစ်ဆေး သုံးသပ်ရာတွင် ကျေးရွာအတွင်းရှိ အဖွဲ့အစည်းများ၊ အိမ်ထောင်စုများ တက်ကြွ စွာ ပူးပေါင်းပါဝင်လာအောင် ဆောင်ရွက်ပါမည်။ ဤသို့ဆောင်ရွက်နိုင်ရန် သင့်တော်သော အဖွဲ့အစည်း စနစ်၊ လုပ်ထုံးလုပ်နည်းများ တည်ဆောက်ပါမည်။

(က) ကြီးကြပ်စစ်ဆေးခြင်း

အထူးသဖြင့် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်၏ လုပ်ငန်းပိုင်းဆိုင်ရာ တိုးတက် မှု (physical progress) နှင့် ငွေကြေးဆိုင်ရာ တိုးတက်မှု (financial progress) တို့ကို စနစ်တကျ ကြီးကြပ်စစ်ဆေးပါမည်။ ၄င်းစစ်ဆေးခြင်းကို (၃) လပတ် အစီအစဉ်ဖြင့် ဆောင်ရွက်ပါမည်။ ကြီးကြပ်စစ်ဆေးခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏စီစဉ်မှုဖြင့် သက်ဆိုင်ရာ စီမံချက်

လုပ်ငန်းအလိုက် တာဝန်ယူဆောင်ရွက်နေသော အဖွဲ့အသီးသီးတို့က မိမိတို့ တာဝန်ကျရာ ကဏ္ဍအလိုက် စစ်ဆေး သုံးသပ်ပါမည်။

အဖွဲ့အသီးသီး၊ ကော်မတီအသီးသီးသည် မိမိတို့၏ စီမံကိန်းဆိုင်ရာ ကနဦး သတင်းအချက်အလက်များ (Baseline) ရရှိအောင် ဆောင်ရွက်ကြပါမည်။ ယင်းအခြေခံ သတင်းအချက်အလက်များသည် စီမံကိန်း၏ တိုးတက်မှုကို တိုင်းတာမည့် အညွှန်းကိန်း (indicator) များ ဖြစ်ပါမည်။ (၃) လပတ် ကုန်ဆုံးချိန်တိုင်းတွင် ကော်မတီနှင့် အဖွဲ့အသီးသီးသည် ၄င်းတို့၏ ကြီးကြပ်စစ်ဆေးတွေ့ရှိမှု အစီရင်ခံစာ (monitoring report) ကို ရွာလူထုအစည်းအဝေး၌ အစီရင်ခံတင်ပြပါမည်။ ဆက်လက် ညှိနှိုင်း ဆောင်ရွက်ရမည့် ကိစ္စများကို ကျေးရွာဖွံ့ဖြိုးရေးကော်မတီက ဦးဆောင်ပါမည်။ (၃) လပတ် ကြီးကြပ်စစ်ဆေးမှု အစီရင်ခံစာသည် အောက်ပါအချက်များအပေါ် ဦးတည်ပါမည်။

(၁) လုပ်ငန်းပိုင်းဆိုင်ရာတိုးတက်မှု (Physical progress)

- စီမံကိန်းလုပ်ငန်းများလုပ်ငန်းပိုင်းတိုးတက်မှုနှင့် ပြီးမြောက်မှုအတိုင်းအတာ
- အကောင်အထည်ဖော်ရာတွင် ကြုံတွေ့ရသော အခက်အခဲ အဟန့်အတားများနှင့် ပြုပြင် သင့်သော အဆိုပြုချက်များ၊
- ပြုပြင်ပြောင်းလဲဆောင်ရွက်ရန် လိုအပ်သော ဖွံ့ဖြိုးရေးဗျူဟာ နှင့် စီမံကိန်းများ၊

(၂) ငွေကြေးဆိုင်ရာတိုးတက်မှု (Financial progress)

- ငွေသားနှင့်ငွေသားမဟုတ်သော အရင်းအနှီးလိုအပ်ချက်များစုစည်းပြီးစီးမှု (မူလလျာထားချက်နှင့် နှိုင်းယှဉ်၍)၊
- (၃) လပတ်ကုန်တွင်ရှိသော ငွေသားနှင့် အခြားပစ္စည်း လက်ကျန်၊
- ငွေသားနှင့် ငွေသားမဟုတ်သော အရင်းအမြစ်များ စုဆောင်းရာတွင် ကြုံတွေ့နေရသော အခက်အခဲများ၊ ပြဿနာများ၊
- ငွေကြေးစုဆောင်း ပြင်ဆင်မှု တိုးတက်ရန် အဆိုပြုနည်းလမ်းများ၊

ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် (၃) လပတ် ကြီးကြပ်စစ်ဆေးမှု အစီရင်ခံစာ အနှစ်ချုပ်ကို ပြုစု ပြင်ဆင်ပြီး သက်ဆိုင်ရာ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး နှင့် သက်ဆိုင်ရာ မြို့နယ်ဦးစီး ဌာနများသို့ အစီရင်ခံ ပေးပို့ပါမည်။ စာမျက်နှာ (၂-၃) ခန့် ပါဝင်သော အစီရင်ခံစာတွင် အခက်အခဲနှင့် ရင်ဆိုင် ကျော်လွှားမှုများ၊ ကျေးရွာသူ/သားများ ပြုပြင်ပြောင်းလဲ ဆောင်ရွက်မည့် အစီအစဉ်များ၊ လိုအပ်သော အကူအညီ အထောက်အပံ့များ စသည်တို့ ပါဝင်ပါမည်။

(ခ) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ပြီးစီးမှု အကဲဖြတ်ပွဲ

စီမံကိန်းကာလ နှစ်တစ်နှစ် ကုန်ဆုံးချိန်တွင် စီမံကိန်း၏ တိုးတက်မှုအခြေအနေကို ဘက်စုံ ရှုထောင့် စုံမှ ပြန်လည်သုံးသပ် အကဲဖြတ်ကြပါမည်။ ဤနှစ်ပတ်လည် သုံးသပ်တွေ့ဆုံပွဲ၏ ရည်ရွယ်ချက်မှာ ဆောင်ရွက်နေသော ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများ၏ တိုးတက်မှု အခြေအနေများကို အောက်ပါ အဖွဲ့အစည်း/ ပုဂ္ဂိုလ်များအား ဖိတ်ကြား အသိပေးတင်ပြနိုင်သော အခွင့်အလမ်း ဖန်တီး နိုင်ရန် ဖြစ်ပါသည်။ ဖိတ်ကြားမည့် အဖွဲ့အစည်းများမှာ -

- ကျေးရွာအုပ်စုအုပ်ချုပ်ရေးအဖွဲ့၊
- မြို့နယ်အုပ်ချုပ်ရေးနှင့် အခြားသက်ဆိုင်ရာအဖွဲ့အစည်းများ (ငွေကြေးထည့်ဝင်သူများ၊ ပုဂ္ဂလိက လုပ်ငန်းရှင်များ)၊
- ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းများနှင့် သက်ဆိုင်သော မြို့နယ်ဦးစီးဌာနများ၊
- သတင်းမီဒီယာများ၊
- ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများ (ဥပမာ - မြို့နယ်အတွင်းရှိ အင်ဂျီအို အဖွဲ့များ) စသည်တို့ ဖြစ်ပါသည်။

နှစ်ပတ်လည်သုံးသပ်ပွဲတွင် ကျေးရွာ၏ ဖွံ့ဖြိုးရေးမိတ်ဖက် အဖွဲ့အစည်းများနှင့် အခြားပါဝင် သက်ဆိုင်သူများထံမှ အကြံပြုချက်၊ သုံးသပ်ချက်များ ရယူနိုင်သော အခွင့်အလမ်းကိုလည်း ရရှိပါမည်။ ဤအကြံပြုချက်များဖြင့် ကျေးရွာ၏ဖွံ့ဖြိုးရေးအစီအစဉ်ကို ပြန်လည်ပြုပြင် ဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။

(ဂ) နည်းပညာဆိုင်ရာ အကူအညီ

ယခုကဲ့သို့ ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲခြင်းနှင့် စီမံဆောင်ရွက်စဉ် အစကနဦးကာလတွင် အချိန်ပိုင်းအလိုက် လေ့လာစောင့်ကြည့်ခြင်းနှင့် အကဲဖြတ်ခြင်းဆိုင်ရာကဲ့သို့ နည်းပညာ အကူအညီ များကို မြို့နယ်အဖွဲ့အစည်းများထံမှ လိုအပ်မည်ဖြစ်သည်။

နောက်ဆက်တွဲ (၁) စီမံကိန်း ဇယားများ

အခန်း (၁) ကျေးရွာ လူမှုစီးပွားရေး အခြေအနေ

၁.၁ လူဦးရေ နှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား (၁) လူဦးရေ နှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

အသက်အုပ်စု	ကျား	မ	စုစုပေါင်း	စုစုပေါင်း%	ဖွံ့ဖြိုးရေးအမြင်အရခွဲခြားထားပုံ
၁ နှစ်အောက်	၆	၃	၉	၀.၆%	နို့စို့အရွယ်
၁ နှစ်မှ ၅နှစ်	၂၄	၂၂	၄၆	၃%	၅နှစ်အောက်ကလေးငယ်
၅ နှစ်မှ ၉နှစ်	၃၆	၄၈	၈၄	၆%	မူလတန်းကျောင်းသားအရွယ်
၁၀ နှစ်မှ ၁၄နှစ်	၄၂	၄၁	၈၃	၅%	အလယ်တန်းကျောင်းသား အရွယ်
၁၅ နှစ်မှ ၆၀ နှစ်	၅၅၄	၅၉၈	၁၁၅၂	၇၅%	အလုပ်လုပ်နိုင်သည့်အရွယ်
၆၀ နှစ် နှင့်အထက်	၇၅	၇၈	၁၅၃	၁၀%	သက်ကြီးရွယ်ကြီး
စုစုပေါင်း	**၇၃၇**	**၇၉၀**	**၁၅၂၇**	၁၀၀%	
စုစုပေါင်းအိမ်ထောင်စု			**၃၈၀**		
အိမ်ထောင်စုအရွယ်အစား			**၄**		

ရည်ညွှန်း -ကျေးရွာအခြေအနေကိုကျေးရွာအတွင်းတစ်အိမ်တက်ဆင်းကောက်ခံရရှိပါသည်။(၂၁-၃၊ဇူလိုင်လ၊ ၂၀၁၅)

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင်မိသားစု (၃၈၀) စုရှိပြီး လူဦးရေစုစုပေါင်း(၁၅၂၇) ဦး ရှိပါသည်။ ပျမ်းမျှတစ်မိသားစုလျှင် (၄) ဦးအထိ ရှိပါသည်။ အသက်(၁၅နှစ် မှ ၆၀ နှစ်) အထိ အလုပ်လုပ်နိုင်သော လူဦးရေ ၇၅ % ရှိပြီး (၁၅) နှစ်အောက် လူဦးရေနှင့် အသက် (၆၀) နှစ်အထက် လူဦးရေစုစုပေါင်း ၂၅% သည် မှီခိုသူများ ဖြစ်ကြပါသည်။ အမျိုးသမီးအများစုသည် လယ်လုပ်ငန်းခွင်တွင် အမျိုးသားများနှင့်တန်းတူ အလုပ်လုပ်ကိုင်ကြပါသည်။ အမျိုးသမီးငယ် များသည် လယ်လုပ်ငန်းခွင်ကို အိမ်မှုကိစ္စများနှင့် တွဲဖက်၍ လုပ်ကိုင်ကြပါသည်။

၁.၂ အလုပ်လုပ်နိုင်သူ အင်အား

ဇယား (၂) လုပ်သား အင်အား နှင့် ဝင်ငွေရ လုပ်ငန်း အမျိုးအစား

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		တွဲဖက် အလုပ် အကိုင်	မှတ်ချက်
		အိမ်ထောင်စု	%		
၁	***စိုက်ပျိုးရေး (သီးနှံ ထုတ်လုပ်ရေး)***				
	ကိုယ်ပိုင် လုပ်ငန်း	၁၆၃	၄၂.၈%		လယ်ယာစိုက်ပျိုးရေးကို အဓိက လုပ်ဆောင် သည့် အိမ်ထောင်စု များဖြစ်သည်။
	လုပ်သား(အင်္ဂား၊ဝန်ထမ်း)				
	မိသားစုဝင် လုပ်အား				
၂	***တိရိစ္ဆာန် မွေးမြူရေး***				
	ကိုယ်ပိုင် လုပ်ငန်း				
	လုပ်သား(အင်္ဂား၊ဝန်ထမ်း)				
	မိသားစုဝင် လုပ်အား				
၃	***ငါးဖမ်း လုပ်ငန်း***				
	ကိုယ်ပိုင် လုပ်ငန်း				
	လုပ်သား(အင်္ဂား၊ဝန်ထမ်း)				
	မိသားစုဝင် လုပ်အား				
၄	***သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝအရင်းအမြစ်များ ထုတ်လုပ်ခြင်း***				
	ကိုယ်ပိုင် လုပ်ငန်း	၃	၀.၈%		အုတ်လုပ်ငန်း
	လုပ်သား(အင်္ဂား၊ဝန်ထမ်း)				
	မိသားစုဝင် လုပ်အား				
၅	**ထုတ်ကုန်လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း	၅၇	၁၅.၀%		(ပဲစိကြော်လုပ်ငန်း၊အာလူး ကြော်လုပ်ငန်း၊တိုဟူးလုပ်ငန်း၊ ပဲပုပ်စပ်ကြော်လုပ်ငန်း)စီး ပွားတွက်ခြေကိုက်ပါသည်။
	လုပ်သား(အင်္ဂား၊ဝန်ထမ်း)				
	မိသားစုဝင် လုပ်အား				
၆	***လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး***				
	ကိုယ်ပိုင် လုပ်ငန်း				
	လုပ်သား(အင်္ဂား၊ဝန်ထမ်း)				
	မိသားစုဝင် လုပ်အား				

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		တွဲဖက် အလုပ် အကိုင်	မှတ်ချက်
		အိမ်ထောင်စု	%		
၇	***ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း***				
	ကိုယ်ပိုင် လုပ်ငန်း	၉	၂.၄%		ပန်းရံ ၊လက်သမား အဓိက လုပ်ကိုင်သည့် အိမ်ထောင်စု
	လုပ်သား(အင်္ဂား၊ဝန်ထမ်း)			၉၉	လက်သမား၊ပန်းရံနောက်လိုက် ၁၇ ဦး ။ ကျန် (၈၂) ဦး ကြို့ရာ ကျပန်းလုပ်ကိုင် ကြသည်။
	မိသားစုဝင် လုပ်အား				
၈	***ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံး ပစ္စည်းများ ပြင်ဆင်ရေး***				
	ကိုယ်ပိုင် လုပ်ငန်း				
	လုပ်သား(အင်္ဂား၊ဝန်ထမ်း)				
	မိသားစုဝင် လုပ်အား				
၉	***ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)***				
	ကိုယ်ပိုင် လုပ်ငန်း				
	လုပ်သား(အင်္ဂား၊ဝန်ထမ်း)				
	မိသားစုဝင် လုပ်အား				
၁၀	***လက်လီ-လက်ကား ရောင်းဝယ်ရေး***				
	ကိုယ်ပိုင် လုပ်ငန်း	၇၀	၁၈.၄%		ကုန်စုံဆိုင်၊ အိမ်ဆိုင် ဝပ်ရှော ပန်းထိမ်လုပ်ငန်း၊ပန်းပဲလုပ်ငန်း ဝန်ဆောင်မှုများ (လက်ဖက်ရည်ဆိုင်၊ ဆံသဆိုင်၊ သယ်ယူပို့ဆောင်ရေး၊ ပွဲစား၊စက်ချုပ်၊ တိုင်းရင်းဆေးလုပ်ငန်း စသည်)
	လုပ်သား(အင်္ဂား၊ဝန်ထမ်း)				
	မိသားစုဝင် လုပ်အား				
၁၁	***ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း***				
	ကိုယ်ပိုင် လုပ်ငန်း				
	လုပ်သား(အင်္ဂား၊ဝန်ထမ်း)				
	မိသားစုဝင် လုပ်အား				
၁၂	***ပို့ဆောင်ရေး၊ သိုလှောင်ရေး နှင့် ဆက်သွယ်ရေး***				
	ကိုယ်ပိုင် လုပ်ငန်း				
	လုပ်သား(အင်္ဂား၊ဝန်ထမ်း)			၂၀၀	လယ်ယာလုပ်ငန်းနှင့်တွဲဖက်ပြီး နွားလှည်းသယ်ယူပို့ဆောင်လုပ်ငန်း
	မိသားစုဝင် လုပ်အား				

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		တွဲဖက် အလုပ် အကိုင်	မှတ်ချက်
		အိမ်ထောင်စု	%		
၁၃	***ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)***				
	ကိုယ်ပိုင် လုပ်ငန်း				
	လုပ်သား(အငှား၊ဝန်ထမ်း)				
	မိသားစုဝင် လုပ်အား				
၁၄	***အိမ်ခြံမြေ ရောင်းဝယ် ငှားရမ်းခြင်း နှင့် ဆက်စပ်သော လုပ်ငန်းများ***				
	ကိုယ်ပိုင် လုပ်ငန်း	၁	၀.၃%		သီးနှံများဝယ်/ရောင်းပွဲစား
	လုပ်သား(အငှား၊ဝန်ထမ်း)				
	မိသားစုဝင် လုပ်အား				
၁၅	**ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေး နှင့် ဘေးကင်းလုံခြုံရေး)**				
	ကိုယ်ပိုင် လုပ်ငန်း				
	လုပ်သား(အငှား၊ဝန်ထမ်း)				
	မိသားစုဝင် လုပ်အား				
၁၆	***ပညာရေး***				
	ကိုယ်ပိုင် လုပ်ငန်း				
	လုပ်သား(အငှား၊ဝန်ထမ်း)	၇၇	၂၀.၃%		ကျောင်းဆရာ/မအများဆုံးဖြစ်
	မိသားစုဝင် လုပ်အား				
၁၇	***ကျန်းမာရေး***				
	ကိုယ်ပိုင် လုပ်ငန်း				
	လုပ်သား(အငှား၊ဝန်ထမ်း)				
	မိသားစုဝင် လုပ်အား				
၁၈	***လူမှုရေး လုပ်ငန်းများ***				
	ကိုယ်ပိုင် လုပ်ငန်း				
	လုပ်သား(အငှား၊ဝန်ထမ်း)				
	မိသားစုဝင် လုပ်အား				
၁၉	**အခြားကိုယ်ပိုင်လုပ်ငန်းရှင်များ(အထက်ဖော်ပြပါလုပ်ငန်းများမှအပ)**				
	ကိုယ်ပိုင် လုပ်ငန်း				
	လုပ်သား(အငှား၊ဝန်ထမ်း)				
	မိသားစုဝင် လုပ်အား				

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင် အိမ်ထောင်စု	%	တွဲဖက် အလုပ် အကိုင်	မှတ်ချက်
၂၀	**ပြင်ပ အဖွဲ့အစည်းများ နှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ**				
	ကိုယ်ပိုင် လုပ်ငန်း				
	လုပ်သား(အငှား၊ဝန်ထမ်း)				
	မိသားစုဝင် လုပ်အား				
	စုစုပေါင်း	၃၈၀	၁၀၀ %	၂၀၀	

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၂၁-၂၃ ၊ ဇူလိုင်လ၊ ၂၀၁၅ နှစ်) (ဆယ်အိမ်မှူး၊ အုပ်ချုပ်ရေးမှူးများမှတဆင့် ကောက်ယူသည်။)

လေ့လာတွေ့ရှိချက်။ အလုပ်လုပ်နိုင်သော လူဦးရေတွင် အမျိုးသမီးဦးရေသည် အမျိုးသားဦးရေထက် ၃ ရာခိုင်နှုန်းပိုပါသည်။အမျိုးသား နှင့် အမျိုးသမီးများမှာ လုပ်ငန်းခွင်တွင် အတူတကွ လုပ်ကိုင် ဆောင်ရွက်ကြပါသည်။ အမျိုးသမီးအများစုမှာ စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ ဈေးဆိုင်ရောင်းခြင်း၊ အစိုးရဝန်ထမ်းအလုပ်များကိုပါ လုပ်ကိုင်ကြပါသည်။

၁.၃ သဘာဝ အရင်းအမြစ်များ

၁.၃.၁ စိုက်ပျိုးနိုင်သော မြေဧရိယာ

ဧယား (၃) ကျေးရွာ၏ စိုက်ပျိုးမြေ ပိုင်ဆိုင်မှု

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာ အရည်အသွေး ကောင်း/သင့်/ညံ့	ဆည်ရေရရှိမှု (ရ/မရ/အနည်း အကျဉ်း)	ရေအရင်းအမြစ် (ရေရရှိသည့်နေရာ/ ရေပေးနိုင်သည့်ဧက)
ယာ	၉၉၉	သင့်	မရ	မိုးရေ
ဥယျာဉ်	၁၁.၅	သင့်	မရ	မိုးရေ
အိမ်ခြံဝင်း စိုက်ခင်း	၃၃.၅	ကောင်း	မရ	မိုးရေ
စားကျက်မြေ	၂၀	သင့်	မရ	မိုးရေ
ဖုန်းဆိုးမြေ	၁၀	ညံ့	မရ	မိုးရေ
အခြားသစ်တောမြေ	၁၄၀	သင့်	မရ	မိုးရေ
အခြားအစုဖွဲ့ပိုင်သစ်တော	၄၉	သင့်	မရ	မိုးရေ
စုစုပေါင်း				

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၂၁-၂၃၊ ဇူလိုင်လ၊ ၂၀၁၅နှစ်)(ဆယ်အိမ်မှူး၊ အုပ်ချုပ်ရေးမှူးများမှတဆင့် ကောက်ယူသည်။)

လေ့လာတွေ့ရှိချက်။ ပွေးလှကျေးရွာသည် ပင်းတယမြို့နယ် နှင့်အောင်ပန်းမြို့နယ် ကားလမ်းဘေးတွင် တည်ရှိပါသည်။ ပင်းတယမြို့မှ (၈) မိုင်ကွာဝေးပြီး ပင်လယ်ရေ မျက်နှာပြင်အမြင့်ပေ (၄၄၄) အမြင့်တွင် တည်ရှိ၍ မြေမျက်နှာသွင်ပြင်မှာ သက်တမ်းရင့်ရှမ်းကုန်းပြင်မြင့်၏ အနောက်ဘက် တွင် တည်ရှိ၍ ညီညာပြန့်ပြူးခြင်း မရှိပါ။

တောင်ယာစိုက်ပျိုးရေးကို အဓိကထား လုပ်ကိုင်ကြပြီးယာမြေများအနေဖြင့် ၉၉၉ ဧက ခန့်ရှိပြီး အဓိကစိုက်ပျိုးသီးနှံများမှာ ပန်းဂေါ်ဖီ၊ ဂေါ်ဖီထုတ်၊ အာလူး၊ ဂျုံ၊ ပန်းနှမ်း၊ မုန်ညင်း၊ ခရမ်းချဉ်သီး၊ ခရမ်းသီး၊ ပဲရာဇာ၊ ကော်ဖီ၊ ထောပတ်သီး စသည်တို့ဖြစ်ပါသည်။ ၁၁.၅ဧကခန့်မှာ ဥယျဉ်ခြံမြေများ ဖြစ်ပါသည်။ စပါးကို ဒေသတွင်းစားသုံးရန် အတွက်သာ စိုက်ပျိုးကြ၍ ဝင်ငွေအနေဖြင့် ဂေါ်ဖီထုတ်မှ အများဆုံးရရှိ၍ အာလူးမှ ဒုတိယဝင်ငွေအများဆုံး ရရှိပါသည်။

စိုက်ပျိုးမြေမှာ တိုးချဲ့၍ မရနိုင်တော့ပါ။ စိုက်ပျိုးရေးအတွက် မိုးရေကိုသာအဓိက အားကိုးပြီး လုပ်ကိုင်ကြပါသည်။ မြေအောက်ရေမှာ ထုံးကျောက်ဒေသ ဖြစ်သောကြောင့် ရေမခံဘဲ မြေအောက်သို့ စိမ့်ဝင် သွားကြပါသည်။ ကျေးရွာ၏ အနောက်တောင်ဘက်တွင် ၂၂ ဧကကျယ်ဝန်းသော ပွေးလှ ရေလှောင်ကန် ရှိပါသည်။ ယင်းရေကန်မှ နွေရာသီတွင် စိုက်ပျိုးသီးနှံအတွက် အသုံးပြုရန် ရေလုံလောက်စွာမရရှိပါ။ ဟင်းသီးဟင်းရွက် ပျိုးထောင်ခြင်း အတွက်သာ ရေရရှိနိုင် ပါသည်။

ဖုန်းဆိုးမြေတွင် ၂၀၁၂ ခုနှစ်တွင် ဝန်ကြီးအစီအစဉ်ဖြင့် တအုပ်တမစိုက်ခင်း ၄၀၃၀ ပင် ထူထောင် စိုက်ပျိုးသော်လည်း မအောင်မြင်ခဲ့ပါ။ အစုဖွဲ့ပိုင်သစ်တော ၄၉၈က ထူထောင်ပြီး သစ်တောဦးစီးဌာနသို့ နှစ် ၃၀ ဂရမ်ရရှိရန် လျှောက်ထားပြီး ဖြစ်ပါသည်။

အိမ်ခြံဝင်းစိုက်ခင်းတွင် ကော်ဖီပင်ကိုစမ်းသပ်စိုက်ပျိုးသော်လည်း လုပ်သားဈေးကြီးမှုနှင့်နည်းပညာ အားနည်း၍ စိတ်ပါဝင်စားမှု မရှိကြတော့ပေ။ ကျေးရွာ၏ ရာသီဥတု အနေအထားအရ ကော်ဖီပင်မှာ အောင်မြင်မည့်နှစ်ရှည်သီးပင်ဖြစ်ပါသည်။ အခြားနှစ်ရှည်သီးပင်ဖြစ်သော စပျစ်ပင် စိုက်ပျိုးရန် စိတ်ဝင်စား မှုရှိပါသည်။သို့ရာတွင် ၄င်းသီးနှံစိုက်ပျိုးရန် နည်းပညာ လိုအပ်မှု ရှိနေပါသည်။

၁.၃.၂ မာတ်သတ္တုနှင့် အခြားသဘာဝ အရင်းအမြစ်များ

ဇယား (၄) မာတ်သတ္တုနှင့် အခြားသဘာဝ အရင်းအမြစ်များ

အမျိုးအစား	ရရှိနိုင်မှု(များ/သင့်/နည်း/မရှိ)	လက်လှမ်းမှီနိုင်မှု(လွယ်/ခက်/ လက်လှမ်းမမှီ)
ကာဗွန် (ခါတ်ငွေ့/ရေနံ)	မရှိ	
ခါတ်သတ္တု(ကျောက်မျက်၊သတ္တု၊ ကျောက်၊ ကျောက်မီးသွေး၊ သဲ) စသည့်	များ	လွယ်

အမျိုးအစား	ရရှိနိုင်မှု(များ/သင့်/နည်း/မရှိ)	လက်လှမ်းမှီနိုင်မှု(လွယ်/ခက်/ လက်လှမ်းမမှီ)
အခြားသဘာဝအရင်းအမြစ်		
တိရိစ္ဆာန်မျိုးစိတ်များ	များ	လွယ်
အပင်မျိုးစိတ်များ (နွားစာ)	နည်း	ခက်
(ဆေးဘက်ဝင်အပင်များ)	များ	လွယ်

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၂၁-၂၃၊ ဇူလိုင်လ၊ ၂၀၁၅နှစ်)(ဆယ်အိမ်မှူး၊ အုပ်ချုပ်ရေးမှူးများမှတဆင့် ကောက်ယူသည်။)

လေ့လာတွေ့ရှိချက်။ သဲမှာ ကျေးရွာအတွင်းတွင် ပေါများစွာ ရရှိနိုင်၍ လက်လှမ်းမှီမှု လွယ်ကူပါသည်။ တိရိစ္ဆာန်မျိုးစိတ်များမှာ ပွေးလှရေကန် အတွင်း မျိုးသုန်းနိုင်ခြေရှိသည့် ငါးဖိန်းငါး အပါအဝင် ငါးမျိုးစိတ် (၈) မျိုးကို တွေ့ရှိရပါသည်။ ရှားပါးမျိုးစိတ်များအဖြစ် ဒေါင်း၊ရေပုတ်သင်၊ ငါးဖိန်း၊ပတ္တမြားငါးခုံးမ၊ ခါနှင့် အခြားရှားပါးငှက်အမျိုးပေါင်း(၇၀) ကျော်ရှိပါသည်။ ဆောင်းခိုချိန်တွင် ငှက်မျိုးပေါင်း (၁၂၀) ခန့် လာရောက် ကြသည်ဟု ငှက်ကြည့်အသင်းမှ ခန့်မှန်းပါသည်။ နွားစာမှာ ရှားပါးပြီး စပါးကို နွားစာအတွက် ကောက်ရိုး ရရှိရန်သာ စိုက်ပျိုးကြပါသည်။

ဆေးဘက်ဝင်အပင်များမှာ ပေါများပြီး နွယ်ချို၊ သစ်ကျပိုး၊ အုံတုံ၊ တပင်တိုင်မြနန်း၊ ဝဉ၊ ဂုံခမ်း၊ ဥပ္ပတကာ၊ စမုံနက်၊ ဂဠုန်ဦးနှောက်၊ တပင်ရွှေထီး၊ တောင်လုံးကျော်၊ ဖားဂမုန်း တို့ကို တွေ့ရှိရပါသည်။၄င်းတို့ကို ကျေးရွာ၏ အနောက်ဘက်နှင့် မြောက်ဘက်ရှိ တောင်ကုန်းများပေါ်တွင် တွေ့ရှိရခြင်း ဖြစ်ပါသည်။

၁.၄ ဥစ္စာဓန အဆင့် အခြေအနေ

ဇယား (၅) ဥစ္စာဓန အဆင့် အခြေအနေ

အကြောင်းအရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိသောအိမ်ထောင်စု	ဆင်းရဲသော အိမ်ထောင်စု	အလွန်ဆင်းရဲသော အိမ်ထောင်စု
မြေယာပိုင်ဆိုင်မှု	၁၀ - ၄၀ ဧက	၅ ဧက - ၁၀ ဧက	၁ ဧက - ၅ ဧက	မရှိ
အိမ်အခြေအနေ	နှစ်ထပ်အိမ်သပ်မိုး အုတ်ကာ အင်္ဂတေခင်း	တစ်ထပ်အိမ်သပ်မိုး အုတ်ကာ အင်္ဂတေခင်း	သစ်သားအိမ် သပ်မိုး၀ါးထရံကာ အင်္ဂတေခင်း	၀ါးအိမ် ၀ါးထရံကာ၊ ၀ါးခင်း၊၀ါးကာ
လုပ်ငန်းသုံးကိရိယာပိုင်ဆိုင်မှု	ထွန်စက် ၂စီး ဆီစက် ၁ ဆန်စက် ၁ အင်ဂျင် ၁ ရေစုပ်စက်	ထွေလာဂျီ ၁စီး လက်တွန်းထွန်စက် ၁ စီး အင်ဂျင်စက် ၁ ရေစုပ်စက် ၁	လှည်း ၁ စီး	ပေါက်တူး၊ တံမကောက်

အကြောင်းအရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိသောအိမ်ထောင်စု	ဆင်းရဲသော အိမ်ထောင်စု	အလွန်ဆင်းရဲသော အိမ်ထောင်စု
အခြားပိုင်ဆိုင်မှု	ကား ၂စီး ဆိုင်ကယ် ၄စီး ရေခဲသတ္တာ Sky net TV,ဖုန်း၄လုံး	ဆိုင်ကယ် ၂စီး ရေခဲသတ္တာ Sky net TV,ဖုန်း၂လုံး	ဆိုင်ကယ် ၂စီး TV,ဖုန်း၁လုံး	မရှိ
အိမ်ထောင်စု (၃၀)	၂၄ (၆.၃%)	၅၃ (၁၄.၀%)	၁၈၂ (၄၇.၉%)	၁၂၁ (၃၁.၈%)

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၂၁-၂၃ ၊ဇူလိုင်လ၊ ၂၀၁၅ နှစ်) (ဥစ္စာဓနအဆင့်ခွဲခြားမှုနည်းလမ်းအရ)

လေ့လာတွေ့ရှိချက်။ ကျေးရွာအခြေအနေကို ရွာသူရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်း(PRA)တွင် ကျေးရွာမိသားစုများ၏ ဥစ္စာဓနအဆင့်ခွဲခြားမှုနည်းလမ်းအရ ကျွန်ုပ်တို့ကျေးရွာလူထုသည် ယေဘုယျအားဖြင့် ဆင်းရဲသည်ကိုတွေ့ရှိရပါသည်။ အိမ်ထောင်စု (၃၀) စု၏ ၇၉% အထက်သည် ဆင်းရဲသည်ဟု ခံယူကြပါသည်။ ၂၁% ခန့်မှာ အတော်အသင့်ပြေလည်သည်ဟု ဆုံးဖြတ်ကြပါသည်။ အဆိုပါ ဆင်းရဲသည်ဟု သတ်မှတ်ထားသောသူများသည် မြေယာမဲ့များဖြစ်၍ ကျပန်းအလုပ်များကို လုပ်ကိုင်ကြသူများဖြစ်ပါသည်။ ချမ်းသာသောမိသားစုများသည် စိုက်ပျိုးမြေ (၅) ဧက အထက်ပိုင်ဆိုင်သူများနှင့် စိုက်ပျိုးရေးသုံးစက်ပစ္စည်းကိရိယာများ ပိုင်ဆိုင်သောသူများဖြစ်ကြသည်။ စိုက်ပျိုးမြေပိုင်ဆိုင်မှု အနေအထားသည်။ မြေယာပိုင်ဆိုင်သူများ၏ (၉၃%)သည် မြေယာ(၅) ဧကအောက် မြေယာအနည်း ငယ်ပိုင်ဆိုင်သူများဖြစ်ကြပြီး မြေပိုင်ဆိုင်သူစုစုပေါင်း၏ လေးပုံသုံးပုံ ခန့်မှာ ဆင်းရဲသားလယ်သမားများဖြစ်ပြီး (၂.၅)ဧက အောက်ပိုင်ဆိုင်ကြပါသည်။

၁.၅ ထိခိုက်လွယ်မှု

၁.၅.၁ ဝမ်းစာ ဖူလုံမှု

ဇယား (၆) ကျေးရွာ၏ ဝမ်းစာဖူလုံမှု အခြေအနေ

အချိန်ကာလ	အိမ်ထောင်စု အရေအတွက်	အိမ်ထောင်စု %	ဖြေရှင်းသည့်နည်းဗျူဟာ
၃ လအောက်	၈	၂၆.၆%	ကျေးရွာ ဈေးဆိုင်များမှ အကြွေး ယူရခြင်း၊ ဆွေမျိုးသားချင်းများ ထံမှ ငွေချေးငှားစား သုံးခြင်း၊ ကျေးရွာမှ ငွေတိုး ပေးသူ များထံမှ ငွေတိုးယူပြီး စားနပ်ရိက္ခာ ဝယ်ယူ စားသုံးရသည်။
၃လနှင့် ၅လအထိ	-	-	-

အချိန်ကာလ	အိမ်ထောင်စု အရေအတွက်	အိမ်ထောင်စု %	ဖြေရှင်းသည့်နည်းဗျူဟာ
ဖေလမှ၁၂လအထိ	၂၂	၇၃.၄%	ဆွေမျိုးသားချင်းများချေးယူခြင်း၊ဈေးဆိုင်များ အကြွေးယူခြင်း၊ လုပ်ငန်းရှင်များထံမှ လုပ်အားခ ကြိုတင်ယူသုံးစွဲခြင်း။

ရည်ညွှန်း .. ကျေးရွာအတွင်းရှိ အဆင့် (၃) ဆင်းရဲသောအိမ်ထောင်စု နှင့် အဆင့်(၄) အလွန်ဆင်းရဲသော အိမ်ထောင်စုဝင်များထဲမှ အိမ်ထောင်စု(၃၀)ကိုသာ စစ်တမ်း ကောက်ထားခြင်း။ (၂၁-၂၃ ၊ ဇူလိုင်လ၊ ၂၀၁၅ နှစ်)

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာရှိအဆင့် (၃) ဆင်းရဲသောအိမ်ထောင်စုနှင့် အဆင့်(၄) အလွန်ဆင်းရဲသော အိမ်ထောင်စုဝင်များထဲမှ အိမ်ထောင်စု (၃၀)ကိုသာ စစ်တမ်း ကောက်ထားခြင်း ဖြစ်ပါသည်။

၁.၅.၂ ကူညီ စောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှုအခြေအနေ

ဇယား (၇) ကူညီ စောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှုအခြေအနေ

အကြောင်းအရာ	ရှင်းလင်းချက်/ဖော်ပြချက်	ကျား	မ	ပေါင်း
သက်ကြီးရွယ်အို ၆၀နှစ် နှင့် အထက်	မိသားစုစောင့်ရှောက်မှုမရှိ	-	၁၀	၁၀
မသန်စွမ်းသည့် ပုဂ္ဂိုလ်	မိသားစု/ရပ်ရွာ၏ စောင့်ရှောက်မှုမရှိ	-	-	-
			အိမ်ထောင်စု အရေအတွက်	
အမျိုးသမီးဦးဆောင် သောအိမ်ထောင်စု	ဆင်းရဲ၍မိသားစုဦးရေများ		၆	
မုဆိုးဖို / တစ်ခုလပ်	ဆင်းရဲ၍မိသားစုဦးရေများ		၈	
ဆင်းရဲသည့် အိမ်ထောင်စု	အခြားဒေသသို့ကြာမြင့်စွာသွားရောက် နေထိုင်လုပ်ကိုင်နေသူ		၁၅	

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၂၁-၂၃ ၊ ဇူလိုင်လ၊ ၂၀၁၅ နှစ်) (ဆယ်အိမ်မှူး၊ အုပ်ချုပ်ရေးမှူးများမှတဆင့် ကောက်ယူသည်။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာအတွင်းမိသားစုဦးရေများပြားပြီး အမျိုးသမီးဦးဆောင်သော အိမ်ထောင်စု (၆) စုရှိ၍ မုဆိုးဖိုအိမ်ထောင်စု (၈)အိမ်ထောင်စုရှိပါသည်။ ထိုင်းနိုင်ငံသို့သွားရောက် လုပ်ကိုင်နေသော အိမ်ထောင်စု (၁၅) အိမ်ခန့်မှ လူငယ်များဖြစ်ကြောင်း ကျေးရွာလူကြီးများ၏ ပြောကြားချက်အရ သိရှိရပါသည်။

၁.၅.၃ ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား (၈) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှု (နိမ့်/လတ်/မြင့်)	မှတ်ချက်
၁	စားနပ်ရိက္ခာမဖူလုံမှု	လတ်	ဝင်ငွေနည်း၍
၂	သဘာဝအရင်းအမြစ်ရှားပါးမှု (မြေ၊စိုက်ပျိုးရေ...)	မြင့်	ရေအရင်းအမြစ်နည်း။
၃	ရေကြီးခြင်း	နိမ့်	တောင်ပေါ်ဒေသဖြစ်သောကြောင့်။
၄	မိုးခေါင်ခြင်း	မြင့်	သစ်တောပြုန်းတီးခြင်း။ ယခင် ရွှေပြောင်း တောင်ယာစိုက်ပျိုးရေးကို အဓိက စိုက်သောကြောင့်။
၅	မုန်တိုင်း	နိမ့်	
၆	ငလျင်	နိမ့်	
၇	မီးဘေး	နိမ့်	
၈	မြေပြိုခြင်း၊ မြေဆီလွှာပျက်ယွင်းမှု	မြင့်	တောင်စောင်းဒေသ ဖြစ်သောကြောင့်။
၉	သစ်တောပြုန်းတီးခြင်း	မြင့်	ထင်းခုတ်ခြင်း၊သစ်ပင်များအလွန်အကျွံသုံးစွဲခြင်း၊ ယခင်သစ်တောထိန်းသိမ်းအားနည်းသောကြောင့်။
၁၀	ငှက်ဖျားရောဂါ	နိမ့်	ရောဂါကာကွယ်ရန် နည်းလမ်းသိရှိ။
၁၁	တီဘီရောဂါ	နိမ့်	ရောဂါကာကွယ်ရန် နည်းလမ်းသိရှိ။
၁၂	ကိုယ်ခံအားကျဆင်းမှုရောဂါ	နိမ့်	ကျန်းမာရေးအသိပညာ ဗဟုသုတရှိ။
၁၃	လူကုန်ကူးခြင်း	နိမ့်	လူကုန်ကူးခြင်းကာကွယ်ခြင်းသင်တန်းများမှ တဆင့် ဗဟုသုတရှိ၍။
၁၄	ဝေးလံခေါင်သီ/လမ်းပန်းဆက်သွယ်ရေးခက်ခဲ စသည်	နိမ့်	မြို့နှင့်ခရီးအကွာအဝေးနီးသောကြောင့်။

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၂၁-၂၃ ၊ ဇူလိုင်လ၊ ၂၀၁၅ နှစ်) (ဆယ်အိမ်မှူး၊ အုပ်ချုပ်ရေးမှူးများမှတဆင့် ကောက်ယူသည်။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာလူထုအနေဖြင့်စီးပွားရေး၊ ကျန်းမာရေး၊ လူမှုရေးနှင့် သဘာဝပတ်ဝန်းကျင်နှင့် သဘာဝ ဘေးကြောင့် ဖြစ်နိုင်သော အန္တရာယ်အမျိုးအစားများ (၁၂) မျိုးရှိပါသည်။ ဆင်းရဲသော မိသားစု အများစုသည်မြေယာ၊ ရေအရင်းအမြစ်နှင့် အခြားသော အသက်မွေးဝမ်း ကျောင်းလုပ်ရန် အတွက် အခက်အခဲများ ကြောင့်စီးပွားရေး ထိခိုက်မှုများဖြစ်ပေါ်လာလျှင် ရပ်တည်ရန် စွမ်းဆောင်နိုင်စွမ်းမရှိသဖြင့် ထိခိုက်လွယ်သူများ ဖြစ်ကြသည်။ အလယ်အလတ်တန်းတောင်သူများနှင့် တောင်သူကြီး

များသည် ၎င်းတို့၏ စိုက်ပျိုးမြေပေါ်တွင် ဓာတုဗေဒပစ္စည်းများ မဆင်မခြင်အသုံးပြုခြင်း နှင့် မြေဆီထိန်းသိမ်းမှုအားနည်းခြင်းတို့ကြောင့် သီးနှံအထွက်နှုန်း လျော့ကျစေနိုင်မှု အခြေအနေ မြင့်မားနေပါသည်။

၁.၅.၄ ထိခိုက်သက်ရောက်မှု ခံရနိုင်သည့် အုပ်စု

ဇယား (၉) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့် အုပ်စု

စဉ်	အမျိုးအစား	ထိခိုက်မှု (နိမ့်/လတ်/မြင့်)	မှတ်ချက်
၁	လူငယ်	နိမ့်	အရက်၊ကွမ်း၊ မူးယစ်ဆေးဝါး အလွန်အကျွံသုံးစွဲခြင်းကြောင့် အသည်းရောဂါအဖြစ်များ၊ အခြားဒေသသို့သွားရောက် လုပ်ကိုင်ခြင်းဖြင့်ရောဂါ ကူးစက်ရန်အခွင့်လမ်းပိုရှိ။
၂	အမျိုးသမီးဦးဆောင်သည့်ဆင်းရဲသည့် အိမ်ထောင်စု	လတ်	မိုးခေါင်ခြင်းကြောင့် စားဝတ် နေရေးအတွက်အခက်အခဲ ကြုံတွေ့နိုင်၊ ကုန်ဈေးနှုန်းကြီး ခြင်းနှင့်လုပ်အားခနည်းခြင်း။
၃	မြေယာမဲ့၊ ဆင်းရဲသားတောင်သူ	မြင့်	မိုးခေါင်ခြင်းကြောင့်သီးနှံများ ပျက်စီးကာ ကုန်ဈေးနှုန်းကြီး ခြင်းနှင့် လုပ်အားခနည်းခြင်း တို့ကြုံတွေ့နိုင်။
၄	လှည့်လည်သွားလာ၍ဈေးရောင်းသူများ	လတ်	၅ ရက် ၁ ဈေး (မြို့ငှေး၊ ပင်းတယဈေး၊ ဟဲဟိုးဈေး၊ ကျုံးဈေး၊အောင်ပန်းဈေး)များသို့ လှည့်လည် ရောင်းချရာတွင်လမ်းခရီးတွင်အန္တရာယ်ရှိ။
၅	ရွှေပြောင်းလုပ်သားများ	မြင့်	တခြားမြို့များသို့ ပန်းရံ၊ ရွှေတူး၊လက်သမားအလုပ်များ လုပ်ကိုင်ကြ၍ လုပ်ငန်းခွင် အန္တရာယ်ရှိ။

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသောသတင်း အချက်အလက်များ (၂၁-၂၃ ၊ ဇူလိုင်လ၊ ၂၀၁၅ နှစ်) (ဆယ်အိမ်မှူး၊ အုပ်ချုပ်ရေးမှူးများမှတဆင့် ကောက်ယူသည်။

လေ့လာတွေ့ရှိချက်။ ။ အမျိုးသမီးဦးဆောင်သည့် ဆင်းရဲသော အိမ်ထောင်စုများအနေဖြင့် ထိခိုက်လွယ်ရခြင်းမှာ ၎င်းတို့သည် အမျိုးသားများနှင့် တန်းတူအလုပ်ကြမ်းများ မလုပ်နိုင်ခြင်း၊ ကုန်ဈေးနှုန်း များကြီးမြင့်လာသဖြင့် စားဝတ်နေရေး ခက်ခဲလာခြင်း၊ လုပ်အားခနည်းခြင်း၊ ရပ်ရွာဖွံ့ဖြိုးရေး ကိစ္စများတွင် ၎င်းတို့၏ ကဏ္ဍ ပါဝင်မှုနည်းခြင်း စသည်တို့ကြုံတွေ့ရလေ့ရှိပါသည်။ ကျပန်းမိသားစုများနှင့် မြေယာမဲ့ ဆင်းရဲသား မိသားစုများသည် ပုံမှန်အလုပ်မရှိသဖြင့် ပုံမှန်ဝင်ငွေ မရရှိခြင်း၊ အခြား လုပ်ငန်းများလုပ်ကိုင်ရန် အတွက်လည်း အရင်းအနှီးငွေမရှိခြင်း စသည့်အချက်များကြောင့် ၎င်းတို့အား ထိခိုက်လွယ်သည့် အစုအဖြစ် သတ်မှတ်ထားခြင်း ဖြစ်ပါသည်။၎င်းတို့သည် အသက်မွေးဝမ်းကျောင်းလုပ်ငန်း၊ ပိုင်ဆိုင်မှုများနှင့် စားနပ်ရိက္ခာ ဖူလုံမှုမရှိသော မိသားစုများ ဖြစ်ကြသည်။

အခန်း (၂) ကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ

၂.၁ ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ အခြေအနေ

၂.၁.၁ ကျေးရွာတွင်းရှိ လူထု အခြေပြု အဖွဲ့အစည်းများ

ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးရေးအခြေအနေကို သိရှိခြင်းအားဖြင့် နိုင်ငံတော်နှင့် ဒေသဆိုင်ရာ အဖွဲ့အစည်းများ၏ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ချမှတ် အကောင်အထည်ဖော်ရာတွင် ပိုမိုကောင်းမွန်စေရန်များစွာ အထောက်အကူပြုနိုင်ပါသည်။ ကျေးရွာ၏ လက်ရှိရင်ဆိုင်နေရသော စိုက်ပျိုးရေး၊ မွေးမြူရေး၊ အခြားစီးပွားရေးလုပ်ငန်းများ၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး ပြဿနာများကို ပူးပေါင်းဖော်ထုတ်ပြီး ကျေးရွာတွင်ရှိသော အရင်းအမြစ်များ၊ အခွင့်အလမ်းများကိုဖော်ထုတ်ကာ အကျိုးရှိစွာ အသုံးချပြီး၊ သက်ဆိုင်ရာဌာနများနှင့် အစီအစဉ်ကျသောမူဝါဒချိတ်ဆက်မှုများ လုပ်ဆောင်သွားနိုင်ပါမည်။

ဇယား (၁၀) ကျေးရွာတွင်းရှိလူထုအခြေပြုအဖွဲ့အစည်းများ

စဉ်	အဖွဲ့အစည်း အမည်	အမျိုး အစား (၁/၂/၃)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်း တာဝန်	ဦးဆောင်ဖွဲ့ စည်းသူများ (၄/၅)	စွမ်းဆောင် နိုင်မှု (၆/၇/၈)
			ကျား	မ	ပေါင်း			
၁	ကျေးရွာအုပ်ချုပ်ရေး	၂	၂		၂	အုပ်ချုပ်ရေးနှင့် ဆိုင်သောကိစ္စရပ်များဆောင်ရွက် ခြင်း။	၄	
၂	သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအသင်း	၂	၁၅၀	၁၀၀	၂၅၀	ရေထွက်ကန်များပြုပြင်ခြင်း နုန်းထိန်းတမံများတည် ဆောက်ခြင်း၊	၄	

စဉ်	အဖွဲ့အစည်း အမည်	အမျိုး အစား (၁/၂/၃)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်း တာဝန်	ဦးဆောင်ဖွဲ့ စည်းသူများ (၄/၅)	စွမ်းဆောင် နိုင်မှု (၆/၇/၈)
			ကျား	မ	ပေါင်း			
၃	လမင်းရိပ် ပရဟိတအသင်း	၂	၁၁၀	၉၀	၂၀၀	ဒေသခံပြည်သူ အစုအဖွဲ့ပိုင် သစ်တောများ တည်ထောင် ခြင်း၊ ရေဝေ ရေလဲစီမံအုပ် ချုပ်ရေးသင် တန်းပေးခြင်း ဒေသဖွံ့ဖြိုးရေး၊ သာရေး၊နာရေး၊ လမ်းပြုပြင် ခြင်း၊ သစ်ပင် စိုက်ခြင်း၊	၄	
၄	အမျိုးသမီးရေးရာ အသင်း	၂	-	၃၀	၃၀	အမျိုးသမီးများ ၏ ကိစ္စရပ်များ အားဆောင် ရွက်။	၅	
၅	မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်း	၂	-	၂၀	၂၀	မိခင်ကလေး ကျန်းမာရေး ကာကွယ်ဆေး တိုက်၊	၅	
၆	ကျေးရွာအုပ်စု ဖွံ့ဖြိုးရေး အထောက်အကူပြု ကော်မတီ	၂	၅	၂	၇	ကျေးရွာ၏ ကိစ္စ ရပ်များအား ဆောင်ရွက်ပေး	၄	
၇	ဆေးရုံကြီးကြပ် ရေးကော်မတီ	၂				ဆေးရုံ၏ လိုအပ် ချက်များအား ဖြည့်ဆည်းပေး	၅	
၈	လျှပ်စစ်မီးလင်း ရေးနှင့် ထိန်းသိမ်း ပြုပြင်ရေး ကော်မတီ	၂				ကျေးရွာ၏ မီးပျက်လျှင် ပြုပြင်ပေးခြင်း	၄	

စဉ်	အဖွဲ့အစည်းအမည်	အမျိုးအစား (၁/၂/၃)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန်	ဦးဆောင်ဖွဲ့စည်းသူများ (၄/၅)	စွမ်းဆောင်နိုင်မှု (၆/၇/၈)
			ကျား	မ	ပေါင်း			
၉	မိဘဆရာအသင်း	၂	၆	၂	၈	မိဘနှင့်ဆရာများ အကြားကျောင်းကိစ္စရပ်များအား ညှိနှိုင်းဆောင်ရွက်ခြင်း။	၄	
၁၀	မူကြိုကျောင်းကော်မတီ	၂				မူကြိုနှင့် ပတ်သက်သောကိစ္စရပ်များအား ဆောင်ရွက်ခြင်း	၄	
၁၁	ပွေးလှုပြည်သူ့စစ်	၂	၉၀		၉၀	ရပ်ရွာ၏လုံခြုံရေးကိစ္စရပ်များအားဆောင်ရွက်ခြင်း။	၅	
၁၂	စာကြည့်တိုက်ကော်မတီအဖွဲ့	၂	၁	၁၂	၁၃	ကျေးရွာ စာကြည့်တိုက်အားကြီးကြပ်ခြင်း။	၄	
၁၃	ဆင်မင်းသမငွေစု၊ ငွေချေးအသင်း	၁	၈၀	၇၀	၁၅၀	ချေးငွေနှင့် ပတ်သက်သောငွေကြေး ကိစ္စရပ်များ ဆောင်ရွက်ခြင်း။	၅	
၁၄	စိုက်/ဘဏ် ချေးငွေကော်မတီ	၁				လယ်သမားများအား ချေးငွေနှင့်ပတ်သက်သော ကိစ္စရပ်များ ဆောင်ရွက်ပေးခြင်း။	၅	

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသောသတင်း အချက်အလက်များ (၂၁-၂၃ ၊ ဇူလိုင်လ၊ ၂၀၁၅ နှစ်) (ဆယ်အိမ်မှူး၊ အုပ်ချုပ်ရေးမှူးများမှတဆင့် ကောက်ယူသည်။

အုပ်စုအမျိုးအစား

(၁) စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်

(၂) လူမှုရေးအဖွဲ့ - ဥပမာ- အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့

(၃) ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့တွင် အဖွဲ့ဝင်(၂)ဦးရှိ၍ ကျေးရွာ၏စီမံခန့်ခွဲမှု ကိစ္စရပ်များအား ရပ်မိရပ်ဖအဖွဲ့ နှင့် ကျေးရွာအတွင်းရှိ သက်ကြီးရွယ်အို များပူးပေါင်း၍ ဆောင်ရွက်ကြပါ သည်။

၂.၁.၂ ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

စဉ်	အမည်	အဖွဲ့အစည်းအမျိုးအစား (၁/၂/၃/၄/၅/၆/၇)	အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များနှင့် အစီအစဉ်
၁	မြိုနယ်စိုက်ပျိုးရေးနှင့်မွေးမြူရေးဘဏ်		စိုက်ပျိုးရေးအတွက်ချေးငွေ

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၂၁-၂၃ ၊ ဇူလိုင်လ၊ ၂၀၁၅ နှစ်) (ဆယ်အိမ်မှူး၊ အုပ်ချုပ်ရေးမှူးများမှတဆင့် ကောက်ယူသည်။

မှတ်ချက်။

(၁) ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ)

(၂) အစိုးရမဟုတ်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ)

(၃) အရပ်ဘက်လူမှုအဖွဲ့အစည်း

(၄) ဘက်ပေါင်းစုံဖွံ့ဖြိုးရေးအဖွဲ့အစည်းများ (ဥပမာ - ကုလသမဂ္ဂအဖွဲ့၊ ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)

(၅) ကဏ္ဍအလိုက် ဖွံ့ဖြိုးရေးအဖွဲ့အစည်း (ဥပမာ - UK Aid, GIZ စသည့်)

(၆) ပရဟိတအဖွဲ့ (ပြည်တွင်း/ ပြည်ပ)

(၇) ပုဂ္ဂလိကအဖွဲ့အစည်းများ

လေ့လာတွေ့ရှိချက်။ ။ မြန်မာ့လယ်ယာဖွံ့ဖြိုးတိုးတက်ရေးဘဏ် သည် နွေစပါးအတွက် တစ်ဧကလျှင် တစ်သိန်း နှုန်းဖြင့် ထုတ်ချေးပေး ပါသည်။ အများဆုံး ဆယ်သိန်း အထိ ထုတ်ချေးပေးပါသည်။ နွေးစပါးအတွက် ဇန်နဝါရီလမှဇွန်လအထိဖြစ်ပါသည်။

၂.၂ စီးပွားရေး နှင့် အသက်မွေးမှု အခြေအနေ

၂.၂.၁ သီးနှံထုတ်လုပ်ရေး

၂.၂.၁.၁ စိုက်ပျိုးမြေပိုင်ဆိုင်မှု

ဇယား (၁၂) ကျေးရွာ၏ စိုက်ပျိုးမြေ ပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု

စဉ်	မြေပိုင်ဆိုင်မှု အရွယ်အစား	အိမ်ထောင်စု အရေအတွက်	အိမ်ထောင်စု %	ဖွံ့ဖြိုးရေးအမြင်သတ်မှတ်ချက်
၁	မြေယာမဲ့	၁၂၁	၃၁.၈%	မြေမဲ့ယာမဲ့
၂	၂.၅ဧကအောက် (၁ဟတ်တာထိ)	၁၀၁	၂၆.၆%	ဆင်းရဲသားတောင်သူ
၃	၂.၅ ဧကမှ - ၅ ဧကထိ (၂ ဟတ်တာထိ)	၈၁	၂၁.၃%	တောင်သူငယ်
၄	၅ ဧကမှ-၁၂.၅ ဧကကြား (၂-၅ ဟတ်တာထိ)	၅၃	၁၄.၀%	အလယ်အလတ်စားတောင်သူ
၅	၁၂.၅ ဧကအထက် (၅ ဟတ် တာနှင့် အထက်)	၂၄	၆.၃%	တောင်သူကြီး
	ကျေးရွာရှိအိမ်ထောင်စု စုစုပေါင်း	**၃၈၀**	**၁၀၀ %**	

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၂၁-၂၃ ၊ ဇူလိုင်လ၊ ၂၀၁၅ နှစ်) (ဆယ်အိမ်မှူး၊ အုပ်ချုပ်ရေးမှူးများမှတဆင့် ကောက်ယူသည်။

လေ့လာတွေ့ရှိချက်။ ။ လယ်သမားကြီးများမှာ လယ်မြေ (၁၀) ဧကအထိ ပိုင်ဆိုင်ကြပြီး (၂၄) ဦးရှိပါသည်။ အလယ်အလတ်လယ်သမားများသည် (၃-၅) ဧကခန့်ပိုင်ဆိုင်ကြပြီး၊ လယ်သမားငယ်များသည် (၁-၂) ဧက ပိုင်ဆိုင်ကြပါသည်။

၂.၂.၁.၂ အစိုးရ နှင့် ပုဂ္ဂလိက ရေအရင်းအမြစ်များမှ ရေသွင်းနိုင်သည့် ဧရိယာ

ဇယား (၁၃) ကျေးရွာ၏ ရေအရင်းအမြစ် နှင့် ရေသွင်းဧရိယာ

စဉ်	အရင်းအမြစ်	အစိုးရနှင့် ပုဂ္ဂလိက	ရေသောက်ဧက	ရရှိနိုင်မှု (တန်စပတ်လုံး/ရာသီအလိုက်)
-	-	-	-	-

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၂၁-၂၃ ၊ ဇူလိုင်လ၊ ၂၀၁၅ နှစ်) (ဆယ်အိမ်မှူး၊ အုပ်ချုပ်ရေးမှူးများမှတဆင့် ကောက်ယူသည်။

၂.၂.၁.၃ အဓိကသီးနှံများ နှင့် အထွက်နှုန်း

ဇယား (၁၄) အဓိကသီးနှံများ နှင့် အထွက်နှုန်း

သီးနှံ	ဧက	ယူနစ်	သီးနှံထွက်မှု			သီးနှံစိုက်ပျိုးသည့်ကာလ	သွင်းအားစု လိုအပ်ချက် (နိမ့်/လတ်/မြင့်)	အမြတ်ရရှိနိုင်မှု (နိမ့်/လတ်/မြင့်)	မှတ်ချက်
			အနည်းဆုံး	အများဆုံး	ပျမ်းမျှ				
ကော်ဖီထုတ်	၇၀၀	ထုတ်	၇၈၀၀	၈၅၀၀	၈၀၀၀	မေလမှ ဇူလိုင်လ အထိ။ သြဂုတ်လမှ အောက်တိုဘာလ အထိ	မြင့်(ထိုင်းမျိုး)	မြင့်	ဈေးကွက်ခိုင်မာမှုမရှိ။
ပန်းဂေါ်ဖီ	၇၀၀	ထုတ်	၇၅၀၀	၈၂၀၀	၇၈၀၀	မေလမှ ဇူလိုင်လ အထိ။ သြဂုတ်လမှ အောက်တိုဘာလ အထိ	မြင့်	မြင့်	ဈေးကွက်ခိုင်မာမှုမရှိ။
အာလူး	၆၀၀		၁၈၀၀	၂၂၀၀	၁၇၅၀	မတ်လမှ ဧပြီလအထိ၊ နယုန်လမှ ဝါဆို	မြင့်	မြင့်	အရင်းအနှီးကြီး၊ မျိုး အခက်အခဲရှိ။
ဂျုံ	၄၀၀	တင်း					နိမ့်	နိမ့်	ပုဂလိကဈေးကွက်ထိန်းချုပ်ထား ။ အရင်းထုတ်ပေးသူကိုပြန်သွင်းပေးရသောကြောင့် အတိုးနှုန်းပါပေးရ။
ပဲရာဇာ	၃၅၀					၅လ	မြင့်	လတ်	ကော်ဖီထုတ်စိုက်ပြီးမြေကွက်မှာစိုက်

သီးနှံ	ဧက	ယူနစ်	သီးနှံထွက်မှု			သီးနှံစိုက်ပျိုးသည့်ကာလ	သွင်းအား စု လိုအပ်ချက် (နိမ့်/လတ်/မြင့်)	အမြတ်ရရှိနိုင်မှု (နိမ့်/လတ်/မြင့်)	မှတ်ချက်
			အနည်းဆုံး	အများဆုံး	ပျမ်းမျှ				လျှင်အကျိုးမြတ်ပိုရရှိသော်လည်း မြေကွက်တိုင်းစိုက်၍မရပါ။ချိုင့်မြေသာလျှင် စိုက်ပျိုးရပါသည်၊ ဈေးကောင်းသော်လည်း စိုက်ပျိုးရန်မြေနည်း။
ပြောင်း	၅၅၀	ပိဿ	၁၀၀၀	၁၂၀၀	၁၁၀၀	ဖေလ	လတ်	လတ်	

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၂၁-၂၃ ၊ဇူလိုင်လ၊ ၂၀၁၅ နှစ်)

လေ့လာတွေ့ရှိချက်။ ။ စပါးကို ဒေသတွင်းစားသုံးရန် အတွက်သာ စိုက်ပျိုးကြ၍ ဝင်ငွေအနေဖြင့် ဂေါ်ဖီထုတ်မှ အများဆုံး ရရှိ၍ အာလူးမှ ဒုတိယ ဝင်ငွေအများဆုံး ရရှိပါသည်။

ကျေးရွာ၏ စပါးသီးနှံ စိုက်ဧကမှာ (၁၀၀) ကျော်ခန့် ဖြစ်ပါသည်။ အများစုမှာ (လုံးဖြူ) ဒေသ စပါးမျိုးကို စိုက်ပျိုးပါသည်။ စပါးကို ဝမ်းစာဖူလုံရန်အတွက်သာ စိုက်ပျိုးကြပါသည်။ ပြင်ပသို့ ရောင်းချခြင်း မရှိပါ။ အဓိကအားဖြင့် တောင်ယာစပါးကို စိုက်ပျိုးကြပြီး နှစ်စဉ် မိုးရေကို အဓိကထားစိုက်ပျိုးပြီး စိုက်ချိန်မှာ ဇူလိုင်လဖြစ်ပြီး အောက်တိုဘာလ တွင် ရိတ်သိမ်းပါသည်။ သာမန် စပါးထွက်နှုန်းမှာ တဧက တင်းအထွက်နှုန်းမှာ (၅၀-၆၀) တင်းဖြစ်ပါသည်။ တောင်သူများမှာ ကိုယ်ပိုင် မျိုးစေ့များကိုသာ စိုက်ပျိုးလေ့ရှိပါသည်။

အဓိက ဝင်ငွေရသီးနှံအဖြစ် ဂေါ်ဖီထုတ်ကို (၅၀၀) ဧက ခန့် စိုက်ပျိုးပါသည်။ မေလ နှင့် ဩဂုတ်လများတွင် ပျိုးကြဲပါသည်။ပျိုးကြဲချိန်တွင် မွေးလှရေကန်မှ ရေကို အသုံးပြုပါသည်။ ဇွန်လနှင့် စက်တင်ဘာလများတွင် ဂေါ်ဖီထုတ် ထွက်ရှိပါသည်။တစ်နှစ်လျှင် (၃) ကြိမ် စိုက်ပျိုးပါသည်။ ဂေါ်ဖီပင်များကို စိုက်ပျိုးပြီး (၂)လ အကြာတွင် ခူးယူနိုင်ပါသည်။ ဂေါ်ဖီအထွက်နှုန်းမှာ တစ်ဧက လျှင် အထုပ် (၈၀၀၀) ခန့် ထွက်ပါသည်။ တစ်ဧကမှ ဝင်ငွေ (၄၀၀၀၀၀) ကျပ် ခန့်ရရှိသည်။ ခူးဆွတ်ပြီးသောဂေါ်ဖီထုတ်များကို ၁၆ မိုင် ဝေးသော အောင်ပန်းမြို့ သို့ ၁၂ ဘီး ကုန်တင်ယာဉ်များဖြင့် တင်ပို့ ရောင်းချပါသည်။

ကျေးရွာ၏ အာလူး သီးနှံစိုက်ဧကမှာ (၄၀၀) ဧက ခန့်ဖြစ်ပါသည်။ အိမ်ခြေ ၃၀၀ နီးပါးစိုက်ပျိုးကြပါသည်။ အာလူးမျိုးမှာ ထိုင်းမျိုး ဖြစ်ပါသည်။ တစ်နှစ်တွင်ဧပြီလ၊ဇွန်လ၊နှင့်သြဂုတ်လ များတွင်(၃)ကြိမ် စိုက်ပျိုးပါသည်။ စိုက်ပျိုးပြီး (၂)လအကြာတွင် ခူးယူနိုင်ပါသည်။ အာလူး အထွက်နှုန်းမှာ တစ်ဧက လျှင် ပိဿာ (၂၀၀၀) ခန့်ပျမ်းမျှထွက်ရှိပါသည်။ တစ်ဧကလျှင်ဝင်ငွေ (၃၀၀၀၀၀) ကျပ်ခန့်ရရှိပါသည်။ ခူးယူပြီးသော အာလူးများကို ၁၆ မိုင် ဝေးသော အောင်ပန်းမြို့ သို့ ၁၂ ဘီး ကုန်တင်ယာဉ် များဖြင့် တင်ပို့ ရောင်းချပါသည်။

ကျေးရွာ၏ ဂျုံစိုက်ဧကမှာ (၄၀၀) ခန့်ရှိပါသည်။ ဂျုံကို ဂေါ်ဖီစိုက်ပျိုးပြီးလက်ကျန်မြေ အစိုခါတ်ဖြင့် စိုက်ပျိုးပါသည်။ ဇူလိုင်လနှင့် နိုဝင်ဘာလတို့တွင် စတင်စိုက်ပျိုး၍ အောက်တိုဘာလနှင့် ဖေဖော်ဝါရီလ များတွင် ထွက်ရှိပါသည်။ တစ်နှစ်လျှင် (၂) ကြိမ် စိုက်ပျိုးပါသည်။

ပြောင်းကို ဧက (၅၅၀) ခန့်စိုက်ပျိုးကြပြီး တစ်ဧကလျှင် ပိဿာ ၁၁၀၀ ခန့်ထွက်ရှိပါသည်။ တစ်ဧကလျှင် အမြတ်ငွေ တစ်ဧကလျှင် (၂၈၀၀၀၀) ဝန်းကျင် ခန့်ရှိပါသည်။

ပဲရာဇာကို ဧက (၃၅၀)ခန့်စိုက်ပျိုးကြပြီး တစ်ဧကလျှင် အမြတ်ရရှိမှု အလယ်အလတ်အဆင့်တွင် ရှိပါသည်။

တခြားစိုက်ပျိုးသီးနှံများမှာ ငရုတ်၊ ခရမ်း စသည်တို့ကို အိမ်ထောင်စု (၃၀) ခန့်မှ အိမ်စားသုံးရန် စိုက်ပျိုးကြပါသည်။

၂.၂.၁.၄ လယ်ယာသုံး စက်ကိရိယာများ

ဇယား (၁၅) ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု

စက်အမျိုးအစား	အိမ်ထောင်စု အရေအတွက်	ရှာပိုင်ဆိုင်မှု	မှတ်ချက်/ အခြေအနေ
ထွန်စက်	၃	၅	ငှားရမ်းခတစ်နာရီ ၁၈၀၀၀ကျပ်-၂၀၀၀၀ကျပ်
လက်တွန်းထွန်စက်	၅	၅	
ခြွေလှေ့စက်	၅	၅	
ရေစုပ်စက်	၃	၃	
မြက်ရိတ်စက်	၁	၁	

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၂၁-၂၃ ၊ဇူလိုင်လ၊ ၂၀၁၅ နှစ်)

လှေ့လာတွေ့ရှိချက်။ ။ ခြွေလှေ့ခမှာစပါးတစ်တင်းလျှင် ၁၅၀ ကျပ်နှုန်းဖြင့်လည်းကောင်း၊ လက်တွန်းထွန်စက်ကို တဇက ၂၀၀၀၀ ကျပ်နှုန်းဖြင့်လည်းကောင်း၊ ရေစုပ်စက်ကို တစ်နာရီ လျှင် ၃၀၀၀၀ ကျပ်နှုန်းဖြင့် ငှားရမ်းအသုံးပြုနိုင်သည်။ အများစုမှာ ခိုင်းနွှားများကို အသုံးပြုကြပါသည်။

၂.၂.၁.၅ သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ

ဇယား (၁၆) သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ

အခြေအနေ	ဖော်ပြချက်/ရှင်းလင်းချက်
သဘာဝမြေဆွေး၊ သြဂဲနစ်	နွားချေးရောသုံး။
ချေးငွေရရှိမှု	မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် မှ ချေးငွေ နှင့် UNDP မှ အသေးစားချေးငွေရရှိ။
သွင်းအားစုဈေးကွက်	စိုက်ပျိုးရေးသွင်းအားစုများအတွက် ရွာတွင်း မျိုးစေ့ဆိုင်ရှိ။ တခါတရံ ပဂ္ဂလိကစီးပွားရေးကုမ္ပဏီများမှ ဝယ်ယူသုံးစွဲနိုင်ပါသည်။
ဝန်ဆောင်မှုဈေးကွက်	မြန်မာ့လယ်ယာစိုက်ပျိုးရေးမှ ဝန်ဆောင်မှု တခတရံ ရရှိပါသည်။
ထုတ်လုပ်မှုဈေးကွက်နှင့်ကုန်သွယ်မှု	ပွေးလှပွဲရုံနှင့် အောင်ပန်းပွဲရုံများ။

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၂၁-၂၃ ၊ဇူလိုင်လ၊ ၂၀၁၅ နှစ်)

လေ့လာတွေ့ရှိချက်။ ။ တောင်သူဦးကြီးများအနေဖြင့် သဘာဝမြေဆွေး၊ မြေဩဇာနှင့်တမာကဲ့သို့သော သဘာဝ ပိုးသတ်ဆေးများကို အသုံးပြုရန် အသိပညာများ တိုးပွားခြင်းဖြင့် သီးနှံအထွက်နှုန်း တိုးတက် ရန် ဆောင်ရွက်ကြရပါမည်။

၂.၂.၁.၆ သီးနှံထုတ်လုပ်မှု အတွက် ပြဿနာ နှင့် စိန်ခေါ်မှုများ

ဇယား (၁၇) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

ပြဿနာ	ဖော်ပြချက်/ရှင်းလင်းချက်
မြေယာအသုံးချနိုင်မှု	စိုက်ပျိုးမြေတိုးချဲ့ရန်မရှိ။မြေလွတ်မြေရိုင်းမရှိ။
ငွေကြေးအရင်းအနှီးလက်လှမ်းမှီမှု	မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ စိုက်ပျိုးချိန်အမှီ ချေးငွေ မရရှိ။ သီးနှံအလိုက် UNDP အသေးစားချေးငွေ မှ ထုတ်ချေး ပေးနေသော်လည်း အလုံလောက်မရရှိနိုင်။
ကျွမ်းကျင်လုပ်သားရှားပါးမှု	သီးနှံရိတ်သိမ်းချိန်တွင် လုပ်သားအင်အား မလုံလောက် ပေ။
ဆည်မြောင်းရေရရှိမှု	ဆည်မြောင်းရေမရရှိ၊ မိုးရေကိုသာအားကိုး၍စိုက်ပျိုး။
မိုးရေမလုံလောက်မှု	မိုးခေါင်သောနှစ်မှာ ပိုများပါသည်။
ဖျက်ပိုးနှင့်ရောဂါ	ဟင်းသီးဟင်းရွက်စိုက်ခင်းဖြစ်သောကြောင့် ရောဂါပိုး အလွယ်တကူ ကျရောက်နိုင်။
နည်းပညာအကူအညီနှင့်နည်းလမ်းများ	နည်းပညာ လုံလောက်မှုမှာ လိုအပ်ချက်နှင့် ကိုက်ညီအောင် မရရှိ။

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၂၁-၂၃ ၊ဇူလိုင်လ၊ ၂၀၁၅ နှစ်)

လေ့လာတွေ့ရှိချက်။ ။ မြန်မာ့လယ်ယာစိုက်ပျိုးရေးဘဏ်မှ ချေးငွေရရှိသော်လည်း စိုက်ပျိုးချိန်အမှီ ချေးငွေ မရရှိပါ။ သဘာဝပတ်ဝန်းကျင်ကို ထိခိုက်မှုမရှိစေဘဲ တောင်သူများအနေဖြင့် သီးနှံအထွက်နှုန်း ပုံမှန်ရရှိစေရန်အတွက် စိုက်ပျိုးရေးသုတေသနဌာနနှင့် တိုးချဲ့ပညာပေးရေးဌာနတို့မှ အကူအညီ ပေးနိုင် ပါသည်။ စိုက်ပျိုးရေးဌာနအနေဖြင့် သဘာဝမြေဩဇာပြုလုပ်နည်းကို နမူနာပြုလုပ်ပေးခဲ့သော်လည်း လယ်သမားများ အနေဖြင့်သဘာဝ မြေဩဇာ ပြုလုပ်သုံးစွဲရန် စိတ်ဝင်စားမှု မရှိကြပေ။ဓာတုမြေဩဇာများ ကိုသာအဓိက ထားသုံးစွဲကြပါသည်။ တောင်သူများအနေဖြင့် သီးနှံများ အစီအစဉ်တကျ စိုက်ပျိုးနိုင်ရန်နှင့် အကျိုးအမြတ်များပိုရနိုင်ရန် ဈေးကွက်အခြေအနေ ခန့်မှန်းခြင်းနည်းပညာများ ရရှိလို ကြပါသည်။

၂.၂.၂ မွေးမြူရေး လုပ်ငန်း

၂.၂.၂.၁ မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ

ဇယား (၁၈) မွေးမြူရေးနှင့်ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ

မွေးမြူရေးနှင့်ငါးလုပ်ငန်း	အိမ်ထောင်စု	မှတ်ချက်/အခြေအနေ
မွေးမြူရေး		
ခိုင်းနွား	၄၂	
မြင်း	၆	
ဝက်	၁၁၇	
ကြက်	၂၀	
နွား		

ရည်ညွှန်း- ကျေးရွာအခြေအနေကိုရွာသူရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၂၁-၂၃၊ ဇူလိုင်လ၊ ၂၀၁၅)

လေ့လာတွေ့ရှိချက်။ ။ ခိုင်းနွားထီး(၂၅)ကောင်၊ နွားမ (၁၇)ကောင်နှင့် ဝက်(၁၁၇)၊ မွေးမြူထားရှိပြီး ဒေသကြက်များကိုလည်း အိမ်အများစုတွင်မိသားစု တပိုင်တနိုင် မွေးမြူထားရှိ ကြပါသည်။

ဝက်- ကျေးရွာသူ/သားမှ ဝက်မွေးမြူခြင်းနှင့် ရင်းနှီးကျွမ်းဝင်ကြပြီးဖြစ်ပါသည်။ အချိန်တို အတွင်း ဝင်ငွေရနိုင်ပါသည်။ ဝက်ကူးစက် ရောဂါဆိုးရွားစွာ ကျရောက်လာတတ်ခြင်းသည် မွေးမြူသူများအတွက် အခက်အခဲ ဖြစ်စေပါသည်။ သို့သော် ကာကွယ်ဆေးများကိုအခါ အားလျော်စွာ စုပေါင်းထိုးနှံခြင်းအားဖြင့် ဝက်ရောဂါကျရောက်မှု လျော့နည်းအောင် လုပ်ဆောင် နိုင်ပါ သည်။

နွား- နွားများမွေးမြူ၍ ဒေသတွင်းနှင့် အခြားဒေသများသို့ ရောင်းချခြင်းသည်လည်း အကျိုး ဖြစ်ထွန်းသော လုပ်ငန်းဖြစ်ပါသည်။ နွားသားခွဲ တစ်ကောင်လျှင် (၃၀၀၀၀၀) ကျပ်၊ နွားပျို တစ်ကောင်လျှင် (၄၅၀၀၀၀) ကျပ် နှင့် အရွယ်ရောက်ပြီး နွားတစ်ကောင်လျှင် (၉၀၀၀၀၀)သိန်း ထိ ရရှိနိုင်ပြီး အထီးသည် အမထက် ဈေးများပါသည်။ ယခုအခါ ငွေကြေးတတ်နိုင်သော အိမ်ထောင်စုများသည် နို့စားနွားမွေးမြူခြင်းကို စိတ်ဝင်စားလာကြပါသည်။

ကြက်– ကျေးရွာတွင် ကြက်မွေးမြူရေး လုပ်ငန်းကို တနိုင်တပိုင်မွေးမြူကြပါသည်။ မွေးမြူရေးနှင့် ပတ်သက်၍ အသိပညာဗဟုသုတရှိ၍ ဈေးကွက်ကောင်းသော်လည်း အိမ်ခြံသီးနှံစိုက်ပျိုးရေ ကို ဖျက်ဆီးသဖြင့် ကြက်မွေးမြူရေးကို ဦးစားပေး၍ မမွေးကြပါ။ အလေ့အကျင့် မရှိ၍ ခြံစနစ်ဖြင့်မမွေးမြူကြပေ။ ရာသီအလိုက် ကြက်ရောဂါများကျရောက်တတ်သဖြင့် ကြက်မွေးမြူသူတို့အတွက် အကျိုးအမြတ်မှာ ထင်သလောက်မရတတ်ချေ။ ယခင်က ဥစားကြက်ကို FAO စီမံကိန်းဖြင့် လုပ်ဖူးသော်လည်း အစာသယ်ယူစရိတ် ကြီးမား၍ ဈေးကွက်မကာမိဘဲ နည်းပညာ လုံလောက်မှုမရှိသဖြင့် တိမွေးကုန့်ချိတ်ဆက်မှု အားနည်း၍မအောင်မြင်ခဲ့ပေ။

မွေးမြူရေးအသိအမြင်များ ရရှိစေခြင်းနှင့် ဌာနမှ ပန်ဆောင်မှုကောင်းမွန်ခြင်းတို့ဖြင့် မွေးမြူသူတို့အတွက် အကျိုးအမြတ်ပိုစေပြီး စားနပ်ရိက္ခာ ပိုမိုဖူလုံစေပါမည်။

၂.၂.၂.၂ မွေးမြူရေးကဏ္ဍ တိုးတက်စေရန်အတွက် အခွင့်အလမ်းများ

ဇယား (၁၉) မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ

အခွင့်အလမ်း	ဖော်ပြချက်/ ရှင်းလင်းချက်
စားကျက်မြေ	ဧက (၂၀) ခန့်ရှိ။
ရေရရှိမှု	ပွေးလှကန်မှ ရေရရှိနိုင်။
အစာရရှိမှု	ဟင်းသီးဟင်းရွက် ပေါများ၍ အစာစိမ်းကို အောင်ပန်းမှ အလွယ်တကူ ရရှိနိုင်။
ချေးငွေ	အစိုးရနှင့်ပုဂ္ဂလိကအဖွဲ့အစည်းများမှ ရရှိနိုင်။
သွင်းအားစုဈေးကွက်	သွင်းအားစုများကို အောင်ပန်းဈေးမှ ရရှိနိုင်။
ဝန်ဆောင်မှုဈေးကွက်	ပင်းတယမြို့နယ်တွင်တိမ်းကုဉီးစီးဌာနရှိ၍ ရွာနှင့် ချိတ်ဆက်မှုရှိ။
ထုတ်ကုန်ရောင်းဝယ်မှု	ပင်းတယမြို့နှင့် အောင်ပန်းဈေးကွက်သို့ တိရိစ္ဆာန်ထွက် ထုတ်ကုန် ရောင်း/ဝယ်ခြင်းဖြင့် အကျိုးအမြတ်ရရှိနိုင်ပါသည်။
အိမ်ခြံဝင်းအတွင်းမြေနေရာရှိမှု	ခြံဝင်းဧရိယာသည် မွေးမြူရေးလုပ်ငန်းအတွက် လုံလောက်ပါသည်။

ရည်ညွှန်း- ကျေးရွာအခြေအနေကိုရွာသူရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၂၁-၂၃၊ ဇူလိုင်လ၊ ၂၀၁၅)

၂.၂.၂.၃ မွေးမြူရေး နှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာ နှင့် စိန်ခေါ်မှုများ

ဇယား (၂၀) မွေးမြူရေး နှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာ နှင့် စိန်ခေါ်မှုများ

ပြဿနာနှင့်အခက်အခဲစိန်ခေါ်မှုများ	ဖော်ပြချက်/ရှင်းလင်းချက်
မွေးမြူရေး	
စားကျက်မြေ	ဧက(၂၀)ခန့် ရှိသော်လည်း တစ်နေရာတည်းတွင် မဟုတ်ဘဲ ရွာပတ်လည်တွင်ရှိ။ စိုက်ခင်းများ ဖြစ်နေ၍ စားကျက်မြေ မရှိသလောက်ရှားပါး။
ရေရရှိမှု	ပွေးလှကန်မှ ရေရရှိသော်လည်းလုံလောက်မှုမရှိ။
ကူးစက်ရောဂါဖြစ်ပွားမှု	ရာသီအလိုက်ကူးစက်ရောဂါများမှာ ကြက်နှင့် ဝက်တွင် ဖြစ်ပွားမှုရှိပါသည်။
မွေးမြူရေးနှင့် ကုသရေးဆိုင်ရာဗဟုသုတ	မွေးမြူရေးနှင့်ပတ်သက်၍ အသိပညာဗဟုသုတရှိ။
စီးပွားဖြစ်မွေးမြူရေးလုပ်ငန်းများ	မရှိ။

ရည်ညွှန်း- ကျေးရွာအခြေအနေကို ရွာသူရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်ခြင်းမှ ရရှိသော သတင်းအချက် အလက်များ (၂၁-၂၃၊ ဇူလိုင်လ၊ ၂၀၁၅)

၂.၂.၃ စိုက်ပျိုးမွေးမြူရေး မဟုတ်သော စီးပွားရေး လုပ်ငန်းကဏ္ဍ

၂.၂.၃.၁ စိုက်ပျိုးမွေးမြူရေး မဟုတ်သော အသက်မွေးလုပ်ငန်းများ

ဇယား (၂၁) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အသက်မွေးလုပ်ငန်းများ

စဉ်	လုပ်ငန်းများ (ထုတ်ကုန်လုပ်ငန်း နှင့် ဝန်ဆောင်မှု)	လုပ်ငန်း အရေအတွက်	ဝန်ထမ်း / အလုပ်သမား အရေအတွက်	မိသားစု ဝင် လုပ်အား	ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်) နှင့် ရှင်းလင်းဖော်ပြချက်
၁	သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝ အရင်းအမြစ်များ ထုတ်လုပ်ခြင်း	၃			အုတ်လုပ်ငန်း
၂	ထုတ်ကုန်လုပ်ငန်း	၅၇			(ပဲစိကြော်လုပ်ငန်း၊ အာလူးကြော်လုပ်ငန်း၊တိုဟူးလုပ်ငန်း၊ ပဲပုပ်စပ်ကြော်လုပ်ငန်း) စီးပွားတွက်ခြေကိုက်ပါသည်။
၃	လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး				
၄	ဆောက်လုပ်ရေး၊လက်သမား၊ ပန်းရံ လုပ်ငန်း	၉	၁၇		တစ်နှစ်တွင် ၆ လ လောက်သာ အလုပ်ရှိ(ပွင့်လင်းရာသီ) (၁၇) ဦး လက်သမား၊ ပန်းရံနောက်လိုက်။
၅	ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး	၂			ကား/ဆိုင်ကယ်ဝပ်ရှော့ဆိုင်
၆	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ)	၁၈			ဝန်ဆောင်မှုများ (ဆံသဆိုင်၊ စက်ချုပ်၊ စသည့်) ပွေးလှစျေးတွင် ဆိုင်ဖွင့်လှစ်ကြသည်။
၇	လက်လီ-လက်ကား ရောင်းဝယ် ရေး	၄၆			(ဒေသထွက်သီးနှံ၊အထည်ကုန်စုံဆိုင်၊ကွမ်းယာဆိုင် စသည်)
၈	ဟိုတယ်နှင့် စားသောက်ဆိုင် လုပ်ငန်း				
၉	ပို့ဆောင်ရေး၊ သိုလှောင်ရေး နှင့် ဆက်သွယ်ရေး	၄			

စဉ်	လုပ်ငန်းများ (ထုတ်ကုန်လုပ်ငန်း နှင့် ဝန်ဆောင်မှု)	လုပ်ငန်း အရေ အတွက်	ဝန်ထမ်း / အလုပ်သမား အရေ အတွက်	မိသားစု ဝင် လုပ်အား	ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်) နှင့် ရှင်းလင်းဖော်ပြချက်
၁၀	ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ်၊ ငွေချေးခြင်းလုပ်ငန်း အပါအဝင် ငွေကြေး ဝန်ဆောင်မှု လုပ်ငန်း)				
၁၁	အိမ်ခြံမြေ ရောင်းဝယ်ငှား ရမ်းခြင်း နှင့် ဆက်စပ်သော လုပ်ငန်း များ	၁			သီးနှံများဝယ်/ရောင်းပွဲစား
၁၂	ပြည်သူဝန်ဆောင်မှုလုပ်ငန်း များ (အုပ်ချုပ်ရေး၊ ကာကွယ်ရေး နှင့် ဘေးကင်းလုံခြုံရေး)				
၁၃	ပညာရေး				
၁၄	ကျန်းမာရေး				
၁၅	လူမှုရေး လုပ်ငန်းများ				
၁၆	အခြားကိုယ်ပိုင်လုပ်ငန်းရှင် များ(အထက်ဖော်ပြပါလုပ်ငန်း များမှအပ)				
၁၇	ပြင်ပ အဖွဲ့အစည်းများ နှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူ များ				
	စုစုပေါင်းအသက်မွေးလုပ်ငန်း လုပ်ကိုင်သူဦးရေ	**၁၄၀**		**၂၀၀**	

ရည်ညွှန်း- ကျေးရွာအခြေအနေကို ရွာသူရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၂၁-၂၃၊ ဇူလိုင်လ၊ ၂၀၁၅)

လေ့လာတွေ့ရှိချက်။ ပဲစိမ်းကြော်လုပ်ငန်း၊ အာလူးကြော်လုပ်ငန်း၊ တို့ဟူးလုပ်ငန်း၊ ပဲပုပ်စပ်ကြော်လုပ်ငန်း လုပ်ကိုင်သူအိမ်ထောင်စု (၅၇) စု ရှိပါသည်။ စီးပွားတွက်ခြေကိုက်ပါသည်။ လက်သမား၊ပန်းရံဆရာ (၉) ဦး ရှိပါသည်။ ပန်းရံနှင့်လက်သမားကို ပူးတွဲ၍ လုပ်ကိုင်ကြပါသည်။ တစ်နေ့လုပ်အားခ မှာ ခေါင်းဆောင် (၅၀၀၀) ကျပ်ရရှိပြီးနောက်လိုက် (၃၅၀၀) ကျပ်ရရှိပါသည်။ တစ်လလျှင်ပျမ်းမျှ ရက်ပေါင်း (၂၀) ခန့် လုပ်ရပါသည်။ တစ်နှစ်လျှင် (၄) လခန့်သာ လုပ်ရပါသည်။ လယ်ယာလုပ်ငန်းခွင် သိမ်းပြီးချိန်တွင် လုပ်ကိုင်ကြပါသည်။

နွားလှည်းသယ်ယူပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်သူ စုစုပေါင်း(၂၀၀)ခန့်ရှိ၍ လယ်လုပ်ငန်းနှင့် တွဲဖက်၍ လုပ်ကိုင်ကြပါသည်။ သီးနှံပွဲစား (၁)ဦးရှိပြီး စီးပွားရေးတွက်ခြေကိုက်မှုရှိပါသည်။ တိုင်းရင်းဆေး လုပ်ငန်း လုပ်ကိုင်သူများမှာ အိမ်ထောင်စု (၂)စုရှိ၍ ကျေးရွာအတွင်းရှိ ဆေးဖက်ဝင်အပင်များကို အသုံးပြု၍ ရောင်းချကြခြင်းဖြစ်ပါသည်။ပင်းတယ သာမက တောင်ကြီးအထိပါ နာမည်ကျော်ကြားသော ဆေးဆိုင်များ ဖြစ်ပါသည်။ မိရိုးဖလာ ရှေးဓလေ့ကတည်းက လုပ်ကိုင်လာခြင်းဖြစ်သည်။

နေ့စား (၉၉) ဦးရှိ၍ တစ်နေ့လုပ်အားခ (၁၅၀၀-၂၀၀၀) ကျပ်ရရှိ၍ တစ်လလျှင် ရက်ပေါင်း(၂၀)ခန့် အလုပ်လုပ်ရပါသည်။

၂.၂.၃.၂ စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများအတွက် အခွင့်အလမ်း၊ ပြဿနာ နှင့် အခက်အခဲများ

ဇယား (၂၂) စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများအတွက် အခွင့်အလမ်း၊ ပြဿနာ နှင့် အခက်အခဲများ

အခွင့်အလမ်းများ	ပြဿနာနှင့်အခက်အခဲများ
• ကုန်ချောပြုပြင်၍ထုတ်လုပ်ရန် ကုန်ကြမ်းများမှာ သဘာဝအရ ပေါများစွာရှိခြင်း။ • ဆက်သွယ်ရေး သယ်ယူပို့ဆောင်ရေးလမ်းကြောင်း ကောင်းမွန်ခြင်း။	• ကျေးရွာအတွင်းလူအများစုမှာ ကုန်ချောပြုပြင်၍ လုပ်ငန်းများလုပ်ကိုင်ရန် စိတ်ပါဝင်စားမှုအားနည်းပြီး ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် ချိတ်ဆက် ဆောင်ရွက်မှုအားနည်းခြင်း။

ရည်ညွှန်း- ကျေးရွာအခြေအနေကို ရွာသူရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းခြင်းမှ ရရှိသော သတင်း အချက်အလက်များ (၂၁-၂၃၊ ဇူလိုင်လ၊ ၂၀၁၅)

၂.၃။ ကုန်စည်နှင့်ဝန်ဆောင်မှုဈေးကွက်

ဇယား(၂၃) ကုန်စည်နှင့်ဝန်ဆောင်မှုဈေးကွက်လက်လှမ်းမီမှုအခြေအနေ

ဈေးကွက်လက်လှမ်းမှီမှု	အနီးဆုံးဈေး	အကြီးစားဈေးကွက်
ရွာမှအကွာအဝေး(ကီလိုမီတာ)	ပွေးလှဈေး(ရွာတွင်း)	အောင်ပန်းဈေး (ရွာမှ ၁၆ မိုင်)
သယ်ယူပို့ဆောင်ရေးလမ်းကြောင်းနှင့် ၎င်း၏ အထောက်အပံ့များ	ကျောက်ခင်းလမ်း(ခြေကျင်၊စက်ဘီး၊ ဆိုင်ကယ်)	ကျောက်ခင်းလမ်း ဆိုင်ကယ်၊ မော်တော်ကား၊ ထော်လာဂျီ)
ကုန်စည်အမျိုးအစားနှင့် ဝန်ဆောင်ပေးနိုင်မှု	ကုန်စိမ်း၊ ကုန်ခြောက်၊ အစားအစာ၊ အဝတ်အစား၊အခြားသောအမယ်မျိုးစုံနှင့် ဒေသထွက်သီးနှံမျိုးစုံ။	ကုန်စိမ်း၊ကုန်ခြောက်၊ အစားအစာ၊အဝတ်အစား၊အခြားသော အမယ်မျိုးစုံနှင့် သီးနှံမျိုးစုံ။

ဈေးကွက်လက်လှမ်းမှီမှု	အနီးဆုံးဈေး	အကြီးစားဈေးကွက်
ဈေးအခြေခံအဆောက်အဦးနှင့် ဝန်ဆောင်မှု	ဈေးဆောင်(၁၄)ဆောင်၊သွပ်မိုး၊ တစ်ထပ်ဆောင်။ဝန်ဆောင်မှုကောင်း။	ဝန်ဆောင်မှုကောင်း။

ရည်ညွှန်း- ကျေးရွာအခြေအနေကို ရွာသူရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းခြင်း မှ ရရှိသော သတင်းအချက်အလက်များ (၂၁-၂၃၊ ဇူလိုင်လ၊ ၂၀၁၅)

လေ့လာတွေ့ရှိချက်။ ပွေးလှဈေးမှာ ငါးရက်တစ်ဈေးဖြစ်ပြီး အနီးအနား ကျေးရွာများမှ လာရောက်၍ ဝယ်ယူကြပါသည်။ ဈေးအဆောင် (၁၄) ဆောင်ရှိ၍ တစ်ဆောင်တွင် ဆိုင်ခန်း(၇)ခန်း ရှိပါသည်။ ၎င်းဈေးတွင် ကုန်ခြောက်ဆိုင်ခန်း(၆)ဆောင်၊ ကုန်စိမ်း(၂) ဆောင်၊ လက်ဖက်ရည်ဆိုင်၊ အလှကုန်၊ ငါးပိ၊ ငါးခြောက်ဆိုင် ၊လျှပ်စစ်ပစ္စည်းဆိုင်ခန်း (၆) ဆောင် ရှိပါသည်။ နေ့စဉ်လည်း ဈေးဆိုင်ခန်းများ ဖွင့်လှစ်ရောင်းချကြပြီး ငါးရက်တစ်ဈေးနေ့တွင် ပိုမိုစည်ကားစွာ ရောင်းဝယ် ကြပါသည်။ ကျေးရွာ၏ စားဝတ်နေရေး လိုအပ်ချက်များကို ဤဈေးမှဖြည့်ဆည်းပေးနိုင်မှုမှာ ပြည့်စုံမှုရှိပါသည်။ ပွေးလှကျေးရွာသည် ပင်းတယ မြို့နယ် နှင့် (၈) မိုင် အောင်ပန်းမြို့နယ်နှင့် (၁၆) မိုင်ဝေး၍ ရွာ၏ အဓိကဈေးကွက်မှာ အောင်ပန်း ဖြစ်ပါသည်။ ကျေးရွာသည် စိုက်ပျိုးရေးလုပ်ငန်းကို အဓိကလုပ်ကိုင်ပြီး အဓိက ရွာထွက်ကုန်စည်များကို အောင်ပန်းတွင် ရောင်းချခြင်းဖြစ်ပါသည်။ တစ်နှစ်ပါတ်လုံးလမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ပါသည်။ ၎င်းတို့၏ ကုန်စည်ဝန်ဆောင်မှုနှင့် လုပ်သားများ ဈေးကွက်များအတွက် လက်လှမ်းမီနိုင်ပါ သည်။

၂.၄။ ငွေကြေးလက်လှမ်းမှီမှုနှင့် ဘဏ်လုပ်ငန်း

ဇယား (၂၄) ငွေကြေးလက်လှမ်းမှီမှုနှင့် ဘဏ်လုပ်ငန်း

စဉ်	ချေးငွေ/ အကြွေးရနိုင်သော နေရာ	ငွေကြေးအထောက်အပံ့	ပြန်လည်ပေးဆပ်မည့် ကာလ	အတိုးနှုန်း	အပေါင်ခံ ပစ္စည်း	လက်လှမ်းမီမှုအနေအထား
၁	အစိုးရစိုက်ပျိုးရေးဖွံ့ဖြိုးမှုဘဏ်	ချေးငွေ	၆ လ	၀.၄၂%	မလို	လယ်ယာမြေပုံစံ (၇)၊ တစ်ဧက(၁)သိန်းနှုန်း၊ ဧကဝက် (၅၀၀၀) နှုန်း၊
၂	ဆင်မင်းသမဝါယမချေးငွေ	ချေးငွေ	၆လ	၂.၅%	မလို	ကျေးရွာတွင်းနေထိုင်ကြောင်းထောက်ခံချက်
၃	ကျေးရွာတွင်းပုဂ္ဂလိက ငွေချေး သူ	ချေးငွေ	၆လ	၁၀%	မလို	လိုအပ်လျှင်အလွယ်တကူ ရရှိနိုင်ပါသည်။
၄	မိတ်ဆွေ/ ဆွေမျိုး	ချေးငွေ	၁၀ လ	၅%	မလိုအပ်ပါ။	တခါတရံမှသာ အဆင်ပြေပါသည်။

ရည်ညွှန်း- ကျေးရွာအခြေအနေကိုရွာသူရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းခြင်း မှ ရရှိသော သတင်း အချက်အလက်များ (၂၁-၂၃၊ ဇူလိုင်လ၊ ၂၀၁၅)

လေ့လာတွေ့ရှိချက်။ ။ ပွေးလှကျေးရွာတွင် ချေးငွေလက်လှမ်းမှီမှုမှာ စိုက်ပျိုးရေးလုပ်ငန်းအတွက် မြန်မာ့စိုက်ပျိုးရေးဘဏ်မှ ရရှိ၍ စိုက်ပျိုးချိန်အမှီ မရရှိခြင်းမှာ ပြဿနာ အဖြစ် ကြုံတွေ့နေရပါသည်။ ဆင်မင်းသမဝါယမအသင်းမှာ ၂၀၁၂ ခုနှစ်တွင် ဝင်ရောက်ငွေချေးပေးခဲ့ပြီး ယခုအခါ အဖွဲ့ဝင်အင်အား (၁၅၀) ကျော်အထိ ရှိနေပြီဖြစ်ပါသည်။ မွေးမြူရေးလုပ်ငန်းအတွက် အစိုးရနှင့် ပုဂ္ဂလိကအဖွဲ့များမှ လက်လှမ်းမှီမှုများ ရှိသည်ကို တွေ့ရှိရပါသည်။ ပွေးလှကျေးရွာငွေကြေး ဝန်ဆောင်မှုရရှိနိုင်ပြီး လက်လှမ်းမီမှုကို အောက်ပါဇယားတွင် တွေ့ရှိရမည်ဖြစ်ပါသည်။ ကျေးရွာတွင် ရွှေထည်ပစ္စည်းဖြင့် ၅ကျပ်တိုး၊ အပေါင်ပစ္စည်းမပါဘဲ ၁၀ကျပ်တိုးဖြင့် ချေးငွေများကို ရရှိနိုင်ကြပါသည်။ ကျေးရွာသားများအတွက် ငွေကြေးဝန်ဆောင် မှု ရရှိနိုင်သော နေရာများမှာ အောက်ပါ အတိုင်း ဖြစ်ပါသည်။

ဘဏ်

ပင်းတယမြို့တွင်ရှိသော MADB ဘဏ်မှ ဘဏ်ချေးငွေရရှိနိုင်ပါသည်။ တောင်သူတစ်ဦးလျှင် တစ်ဧကကို (၁၀၀၀၀၀)ကျပ်နှုန်း ထုတ်ချေးပေးပြီး(စပါး စိုက်ပျိုးရန်) ၊ အကြီးဆုံး တောင်သူမှာ လယ်ဧက (၁၀) ဧကပိုင်ဆိုင်ပါသည်။ ဂေါ်ဖီ၊ အာလူး၊ ဂျုံစိုက်ရန်အတွက် ချေးငွေပမာဏမှာ လယ်တစ်ဧကလျှင် (၁၀၀၀၀၀)ကျပ်ဖြစ်ပါသည်။ စိုက်ပျိုးတောင်သူအချို့မှာ မြေယာပုံစံ(၇)မရှိသဖြင့် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၏ စာရွက်စာတမ်းများ သတ်မှတ်ချက်မပြည့်စုံကာ ချေးငွေ မရရှိနိုင်ခြင်း လည်း ရှိပါသည်။

မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ တောင်သူများအား ရာသီသီးနှံများစိုက်ပျိုးရန် အချိန်မီ ဖြည့်ဆည်းပေးမည်ဆိုပါက ဈေးကွက်ဝင်သီးနှံများ စိုက်ပျိုးနိုင်မည်ဖြစ်ပြီး ဈေးကောင်း ရရှိနိုင်သည်အထိ သိုလှောင်ထားနိုင်ပါသည်။

အာမခံလုပ်ငန်းဝန်ဆောင်မှု

ကျေးရွာသားများအနေဖြင့် ပင်းတယမြို့ရှိ အာမခံလုပ်ငန်းနှင့် လက်လှမ်းမီသော်လည်း ချိတ်ဆက်ဆောင်ရွက်ရာတွင် စိတ်ဝင်စားမှုအားနည်းသဖြင့် အာမခံလုပ်ငန်းမှာ လည်ပတ်မှု မရှိပါ။

၂.၅။ သဘာဝဘေးအန္တရာယ်လျော့ချခြင်းအပါအဝင် ပါတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များ စီမံခန့်ခွဲမှု

၂.၅.၁။ သဘာဝပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ် စီမံခန့်ခွဲမှုအတွက် လက်ရှိအလေ့အကျင့်နှင့် အခက်အခဲများ

ဇယား(၂၅)သဘာဝပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ် စီမံခန့်ခွဲမှုအတွက် လက်ရှိအလေ့အကျင့်နှင့် အခက်အခဲများ

အခက်အခဲ	အန္တရာယ်ရှိမှု	ဖော်ပြချက်/ရှင်းလင်းချက်
မြေဆီသြဇာကြွယ်ဝမှု	မြင့်မား	ခါတ်မြေသြဇာ၊ပိုးသတ်ဆေး အလွန်အကျွံ သုံးစွဲခြင်းနှင့်သဘာဝမြေသြဇာသုံးစွဲမှုစနစ်မကျခြင်း။

အခက်အခဲ	အန္တရာယ်ရှိမှု	ဖော်ပြချက်/ရှင်းလင်းချက်
ဖျက်ပိုးနှင့်ရောဂါကာကွယ်ထိန်းချုပ်မှု	မြင့်မား	ဓာတုဆေးများအပေါ်မှီခိုလွန်းခြင်း။ မြေဆီလွှာပြန်လည်ပြုပြင်ရန် စိတ်ဝင်စားမှုမရှိ။ ချေးငွေနှင့်အကြွေးအလွယ်တကူရရှိသောကြောင့် ပိုးသတ်ဆေးအလွန်အကျွံသုံးစွဲ။
ရေအရင်းအမြစ်	မြင့်မား	ရှမ်းကုန်းပြင်မြင့်ဒေသဖြစ်၍ အောက်ခံမြေမှာ ထုံးကျောက်လွှာဖြစ်သောကြောင့် ရေအရင်းအမြစ် ခက်ခဲရှားပါး။
ငါးမျိုးကွဲများ	မြင့်မား	ငါးမျိုးစိတ်(၈)မျိုးကိုတွေ့ရှိရ။ ထိန်းသိမ်းမှုအားနည်း။
အခြားတိရိစ္ဆာန်မျိုးကွဲများ	အသင့်အတင့်	တိရိစ္ဆာန်မျိုးစိတ်များ ထိန်းသိမ်းမှုအားနည်း။
စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှု	မြင့်မား	ကျင်းတူးပေးထားသော်လည်း စနစ်တကျအမှိုက်စွန့်ပစ်မှု မရှိခြင်း။ အမှိုက်စွန့်ပစ်မှုပိုင်းဆိုင်ရာ စီမံခန့်ခွဲမှု အားနည်းခြင်း။

ရည်ညွှန်း- ကျေးရွာအခြေအနေကို ရွာသူရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းခြင်း မှ ရရှိသော သတင်း အချက်အလက်များ (၂၁-၂၃၊ ဇူလိုင်လ၊ ၂၀၁၅)

လေ့လာတွေ့ရှိချက်။ ။ မိုးဦးကာလများ၌မိုးခေါင်ခြင်းကိုကြုံတွေ့ရမှုများလာပြီးသစ်တောများကို စနစ်တကျ ထိန်းသိမ်းစောင့်ရှောက်မှု ပြုလုပ်ကြရမည်ဖြစ်သည်။ ကျေးရွာအတွင်းတွင် အစုအဖွဲ့ပိုင် သစ်တောဧက(၁၀၀)ကျော် ရှိပါသည်။ ၎င်းသစ်တောများကိုထိန်းသိမ်းရန် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ဖွဲ့ထားပြီး သစ်တောထိန်းသိမ်းရေးလုပ်ငန်းများကို ဆောင်ရွက်လျက် ရှိပါသည်။ ယာမြေများတွင် ခါတ်မြေဩကို များပြားစွာ သုံးစွဲလာပြီး မြေဆီမြေဩ ဓာတ်ကုန်ခန်းလာခြင်းကိုတွေ့ရှိရပါသည်။ သဘာဝမြေဩသုံးစွဲခြင်းကို စိတ်ဝင်စားမှု မရှိပေ။ အဓိကစိုက်ပျိုးသည်မှာ သီးနှံပင်များဖြစ်၍ ပိုးကျရောက်မှု များပြားပါသည်။ ခါတ်မြေဩသုံးစွဲမှ လျှင်မြန်စွာ ပိုးများသေမည်ဟု ခံယူထား၍ သဘာဝမြေဩမှာ စိတ်ဝင်စားမှုမခံရတော့ပေ။ ချေးငွေနှင့်အကြွေး အလွယ်တကူရရှိသောကြောင့် ပိုးသတ်ဆေး အလွန်အကျွံ သုံးစွဲကြပါသည်။

၂.၅.၂ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အခက်အခဲများနှင့် သဘာဝဘေးအန္တရာယ် လျော့ချရေး အစီအမံများ

ဇယား (၂၆) သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အခက်အခဲများနှင့် သဘာဝဘေးအန္တရာယ် လျော့ချ ရေး အစီအမံများ

အမျိုးအစား	အန္တရာယ် ဖြစ်နိုင်ခြေ (နည်း/ လတ်/များ)	ဖော်ပြချက်/ရှင်းလင်းချက်	လက်ရှိဘေးအန္တရာယ် လျော့ချရေး အလေ့အကျင့်များ
ရေလွှမ်းမိုးခြင်း	လတ်	မိုးကြီးလျှင် ကမ်းပါးမှကျသော ရေများသည်ချောင်းအတွင်း စီးဝင်ပြီး တခါတရံရေကြီး	မရှိ။
မီးဘေး	နည်း	ဖြစ်ပွားမှုနည်း	ကျေးရွာအတွင်း စနစ်တကျကာကွယ်မှုများရှိ။
မိုးခေါင်ခြင်း	များ	မိုးဦးကာလ	မရှိ။
အအေးလှိုင်း	လတ်	ဆောင်းဥတုတွင် တခါတရံ အအေးလှိုင်းဖြတ်မှုဖြစ်။	ကြိုတင်ကာကွယ်မှုမရှိ။
တိရိစ္ဆာန်ရောဂါ ဖြစ်ပွါးမှု	နည်း	ရာသီအလိုက်ဖြစ်ပွား။	ကျွဲနွားများအတွက်ပင်းတယ တိမွေးကုဦးစီးဌာနနှင့် ချိတ်ဆက်၍ ကာကွယ်ဆေးများ ရရှိ။
လူရောဂါဖြစ်ပွါးမှု	နိမ့်	ကျန်းမာရေးဗဟုသုတ အသင့်အတင့်ရှိ	ပတ်ဝန်းကျင်သန့်ရှင်းရေး၊ တကိုယ်ရေသန့်ရှင်းရေး ရှိကြသည်၊

ရည်ညွှန်း- ကျေးရွာအခြေအနေကို ရွာသူရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်ခြင်း မှ ရရှိသော သတင်း အချက်အလက်များ (၂၁-၂၃၊ ဇူလိုင်လ၊ ၂၀၁၅)

၂.၆ ပညာရေး

၂.၆.၁ ပညာရေး နှင့် စာတတ်မြောက်မှု

ဇယား (၂၇) ပညာရေး နှင့် စာတတ်မြောက်မှု

ပညာရေး	ကျား	မ	ပေါင်း	ဇနှစ် နှင့် အထက်၊ လူဦးရေ၏ %
လုံးဝကျောင်းမနေသူများ	၂	၅	၇	၀.၅၀
ဘာသာရေးအခြေပြုပညာရေး	၁၅	၉	၂၄	၁.၇
မူလတန်းပညာရေးမပြီးဆုံးခင် ကျောင်းထွက်သူဦးရေ	-	-	-	-

ပညာရေး	ကျား	မ	ပေါင်း	၉နှစ် နှင့် အထက်၊ လူဦးရေ၏ %
မူလတန်းပညာရေးပြီးဆုံး သူဦးရေ	၃၅၂	၄၈၅	**၈၃၇**	၆၀.၃
အလယ်တန်းပညာရေးပြီး ဆုံးသူဦးရေ	၁၂၉	၆၆	**၁၉၅**	၁၄.၀
အထက်တန်းပညာရေးပြီး ဆုံးသူဦးရေ	၁၂၇	၆၁	**၁၈၈**	၁၃.၆
တက္ကသိုလ်ပညာပြီးဆုံးသူဦးရေ	၄၆	၉၁	**၁၃၇**	၉.၉
၉ နှစ်အထက်လူဦးရေပေါင်း	၆၇၁	၇၁၇	**၁၃၈၈**	

ရည်ညွှန်း- ကျေးရွာအခြေအနေကိုရွာသူရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်ခြင်း မှ ရရှိသော သတင်းအချက်အလက်များ (၂၁-၂၃၊ ဇူလိုင်လ၊ ၂၀၁၅)

လေ့လာတွေ့ရှိချက်။ ။ သက်ကြီးပိုင်းအနည်းငယ်မှလွဲ၍ လူတိုင်းနီးပါး အခြေခံအရေး၊အဖတ်၊ အတွက်အချက် ကို တတ်မြောက်ကြပါသည်။ ကျေးရွာတွင် ဘွဲ့ရကျား(၄၆)ဦး၊ မ(၉၁)ဦး တို့ရှိကြပါသည်။

၂.၆.၂ ကျောင်းတက်နှုန်း

ဇယား (၂၈) ကျောင်းတက်နှုန်း

ပညာရေးအဆင့်အတန်း	ကျား	မ	ပေါင်း	စုစုပေါင်းကျောင်းနေအရွယ် လူဦးရေ၏ %
မူလတန်း(၅-၉နှစ်)	၄၅	၃၉	၈၄	၁၀၀%
အလယ်တန်း(၁၀-၁၄နှစ်)	၄၂	၃၃	၇၅	၉၀.၄%
အထက်တန်း (၁၅-၁၆ နှစ်ကြား)	၂၃	၆၇	၉၀	
တက္ကသိုလ်ကျောင်းသား၊သူ	၁၈	၃၄	၅၂	

ရည်ညွှန်း- ကျေးရွာအခြေအနေကိုရွာသူရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်ခြင်း မှ ရရှိသော သတင်းအချက်အလက်များ (၂၁-၂၃၊ ဇူလိုင်လ၊ ၂၀၁၅)

၂.၆.၃ စာသင်ကျောင်းဆောင် အခြေအနေ နှင့် လက်လှမ်းမှီမှု

ဇယား (၂၉) စာသင်ကျောင်းဆောင် အခြေအနေ နှင့် လက်လှမ်းမှီမှု

အကြောင်းအရာ	မူလတန်းကျောင်း	အထက်တန်းကျောင်း
ရွာမှအကွာအဝေး(ကီလိုမီတာ)	ရွာတွင်း	ကျေးရွာအတွင်း
သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှု	ခြေလျင်	စက်ဘီး၊ဆိုင်ကယ်၊ခြေလျင်
စာသင်ကျောင်းအရွယ်အစား(အလျား၊အနံ၊ အမြင့်)	၆၀x၃၀x၁၂၊ ၂ခန်းတွဲ	၆၀x၃၀x၂၀၊ တိုးချဲ့ဆောင်- ၅၀x၂၀x၁၂-၃ခန်းတွဲ

အကြောင်းအရာ	မူလတန်းကျောင်း			အထက်တန်းကျောင်း		
အမိုး၊နံရံ၊အခင်း အရည်အသွေး	၁ထပ်ဆောင်၊သွပ်မိုး၊အုတ်ကာ၊ကွန်ကရစ်ခင်း။			၂ထပ်ဆောင်၊ သွပ်မိုး၊အုတ်ကာ၊ကွန်ကရစ်ခင်း		
ကျောင်းသုံးပရိဘောဂ(လုံလောက်မှုရှိ/မရှိ)	လုံလောက်မှုရှိ			လုံလောက်မှုရှိ		
ကျောင်းဆရာ/မဦးရေ	**ကျား**	**မ**	**ပေါင်း**	**ကျား**	**မ**	**ပေါင်း**
	-	၅	၅	၁	၁၃	၁၄

ရည်ညွှန်း- ကျေးရွာအခြေအနေကိုရွာသူရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းခြင်း မှ ရရှိသော သတင်းအချက်အလက်များ (၂၁-၂၃၊ ဇူလိုင်လ၊ ၂၀၁၅)

လေ့လာတွေ့ရှိချက်။ ။ စာသင်ကျောင်းမှာမူကြိုကျောင်းမှစ၍ အထက်တန်း အဆင့်အထိ ရှိပါသည်။ တက္ကသိုလ် ပညာရေးကို တောင်ကြီး၊မန္တလေးနှင့် အေးသာယာ၊ စစ်ကိုင်းတိုင်းတို့တွင် သွားရောက်၍ တက်ရောက်ကြပါသည်။

၁၉၁၂ခုနှစ်တွင် ရှမ်းအစိုးရ ခွင့်ပြုချက်ဖြင့် စာသင်ကျောင်းတစ်ကျောင်း ထူထောင်ခဲ့ပါသည်။ ၁၉၁၆ ခုနှစ်တွင် ကိုယ်ထူကိုယ်ထမူကြိုကျောင်းဖွင့်လှစ်ခဲ့ပါသည်။ ၁၉၇၀ ခုနှစ်တွင် အစိုးရ မူလတန်းကျောင်း ခွင့်ပြုချက်ရရှိခဲ့ပါသည်။ ၂၀၀၃ ခုနှစ်တွင် အလယ်တန်းအဖြစ် တိုးမြှင့် ခဲ့ပါသည်။ ၂၀၁၂ ခုနှစ်တွင် အစိုးရအထက်တန်းကျောင်းအဖြစ် တိုးမြှင့်ခဲ့ပါသည်။ ၂၀၁၃ ခုနှစ်တွင် မူကြိုကျောင်းမှာ လူမှုဝန်ထမ်းဦးစီးဌာန လက်အောက်သို့ရောက်ရှိလာခဲ့ပြီး ယခုအခါ ဆရာမ (၂)ဦး၊ ကျောင်းသူ၊ကျောင်းသား (၄၀) ဦးရှိပါသည်။ မူကြိုကျောင်းအတွက်ရံပုံငွေ မရှိပေ။ ပညာရေးကော်မတီအဖွဲ့ရှိ၍ မိဘဆရာအဖွဲ့များလည်း ရှိပါသည်။ ပညာရေးကို ကျောင်းသားမိဘများမှ အားပေးမှုရှိသော်လည်း ပညာရေးနှင့်ပတ်သက်၍ ကိုယ်ထူကိုယ်ထ ပြုလုပ်မှုအားနည်းသည်ကို တွေ့ရပါသည်။ မိဘဆရာအဖွဲ့ ပူးပေါင်း၍ ပညာရေးနှင့် ပတ်သက်သော အခက်အခဲများ ဆွေးနွေး၍ ရံပုံငွေထူထောင်များပြုလုပ်ရန် လိုအပ်သည်ကို တွေ့ရှိရပါသည်။ ပွေးလှကျေးရွာ၏ ကျောင်းတက်နှုန်း နှင့် စာတတ်မြောက်မှု အခြေအနေကို အောက်ပါဇယား၌ တွေ့ရမည် ဖြစ်ပါသည်။

သက်ကြီးပိုင်းအနည်းငယ်မှလွဲ၍ လူတိုင်းနီးပါး အခြေခံအရေး၊အဖတ်၊ အတွက်အချက်ကို တတ်မြောက်ကြပါသည်။ ယခုနှစ်တွင် ကျား(၁၈)ဦးနှင့် မ(၃၄)ဦး၊ စုစုပေါင်း (၅၂)ဦး တို့သည် တက္ကသိုလ်တက်ရောက်နေကြပါသည်။ ကျေးရွာတွင် ဘွဲ့ရကျား(၄၆)ဦး၊ မ(၉၁)ဦး တို့ရှိကြပါသည်။

၂.၆.၄ ပညာရေး အခက်အခဲ နှင့် ပြဿနာများ

ဇယား (၃၀) ပညာရေး အခက်အခဲ နှင့် ပြဿနာများ

အခက်အခဲ/ ပြဿနာ	ရှင်းလင်းချက်
ကျောင်းဆရာ/မ ဦးရေ	အင်္ဂလိပ်စာဆရာမ ခန့်ထားသော်လည်း မလာရောက်ပါ။ ဇီဝဗေဒ ဘာသာသင်ကြားရန် ဆရာ မရှိသည့်အတွက် ကျောင်းသူ/သားများမှာ သိပ္ပံဘာသာတွဲ မသင်ကြားနိုင်ပါ။

အခက်အခဲ/ပြဿနာ	ရှင်းလင်းချက်
တပည့်- ဆရာ အချိုး	၂၁
မူလတန်းပညာ ကျောင်းထွက်နှုန်း	မရှိပါ။
မသန်စွမ်းသူများအတွက် ပညာရေးအထူးအစီအစဉ်	မရှိပါ။
ကျောင်းသုံးစာအုပ်နှင့်စာရေးကရိယာ	လုံလောက်မှုရှိ
ဆင်းရဲသောမိသားစုများအတွက် ကျောင်းစရိတ်မတတ်နိုင်မှု	မရှိပါ။နိုင်ငံတော်မှစီစဉ်ပေးသောအခမဲ့ပညာရေး ဖြစ်သောကြောင့်။
မိဘဆရာအသင်း၏အခန်းကဏ္ဍ	လစဉ်ဆွေးနွေးပွဲပြုလုပ်ခြင်း၊ ညစာကျက်ဝိုင်းများ ပြုလုပ်ပေးခြင်း၊ ပညာရေးစုံညီပွဲတော်များ ပြုလုပ် ပေးခြင်း။

ရည်ညွှန်း - ကျေးရွာအခြေအနေကို ရွာသူရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်ခြင်း မှ ရရှိသောသတင်း အချက်အလက်များ (၂၁-၂၃၊ ဇူလိုင်လ၊ ၂၀၁၅)

၂.၇ ကျန်းမာရေး နှင့် အာဟာရ

၂.၇.၁ အဖြစ်များသောရောဂါများ

ဧယား (၃၁) အဖြစ်များသော ရောဂါများ

၁.အစာအိမ်	၂.အသည်းရောဂါ	၃.ကျောက်ကပ်	၄.သွေးတိုး
၅.ဆီးချို	၆.	၇.	၈.

ရည်ညွှန်း- ကျေးရွာအခြေအနေကိုရွာသူရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်ခြင်း မှ ရရှိသော သတင်းအချက်အလက်များ (၂၁-၂၃၊ ဇူလိုင်လ၊ ၂၀၁၅)

လေ့လာတွေ့ရှိချက်။ ကျေးရွာအတွင်းတွင် အသည်းရောဂါအဖြစ်များသည်ကို တွေ့ရှိရပါသည်။ အထူး သဖြင့် အရက်သောက်သုံးခြင်းဖြစ်သည်ကို တွေ့ရှိရပါသည်။ သာမာန်အဖြစ်များသော တုတ်ကွေး၊ နှာစေး ချောင်းဆိုးခြင်းများကို မိုးဦးကျရာသီများနှင့် ဆောင်းရာသီများတွင် အဖြစ်များသည်ကို တွေ့ရှိရပါသည်။ တခြားရောဂါများအဖြစ် သွေးတိုး၊ဆီးချို၊ ကျောက်ကပ်ရောဂါများတချို့ ဖြစ်ပွားသည်ကိုလည်း တွေ့ရှိရ ပါသည်။ တခြားကြီးမားသော ရောဂါများ ဖြစ်ပွားသည်ကို မတွေ့ရပေ။

၂.၇.၂ ကျန်းမာရေးအထောက်အပံ့များ(ဆေးရုံ/ဆေးပေးခန်းများ)

ဇယား (၃၂) ကျန်းမာရေး အထောက်အပံ့ နှင့် ဝန်ဆောင်မှုများ

ကျန်းမာရေး ဝန်ဆောင်မှု	ခရီးအကွာအဝေး (ကီလိုမီတာ)	အခန်း/ကုတင် (လုံလောက်မှုရှိ /မရှိ)	ကျန်းမာရေး ဝန်ထမ်းဦးရေ	ဆေးနှင့်ပတ် သက်သောအသုံးအဆောင် ပစ္စည်းများ(လုံလောက်မှု/မလုံ လောက်မှု)	မှတ်ချက်
ကျေးလက် ကျန်းမာရေး ဌာန	ရွာအတွင်း	မရှိ	ဆရာဝန်.... သူနာပြု- ၁ ဦး. သားဖွားဆရာမ - ၁ ဦး. ကျန်းမာရေးလုပ်သား ..	လုံလောက်မှုရှိ	
ဆေးရုံ	ရွာအတွင်း	မရှိ	ဆရာဝန်.- ၁ ဦး ... သူနာပြု- ၃ ဦး... သားဖွားဆရာမ - ၂ ဦး.. ကျန်းမာ ရေးလုပ်သား - ၃ ဦး ဓာတ်မှန်ဆရာ-၁ ဦး ...	လုံလောက်မှုရှိ	
ဆေးဆိုင်	ရွာအတွင်း	ရှိ	၁	လက်လှမ်းမှီမှုရှိ ဆေးဝါးလုံလောက်။ သိုလှောင်ပုံစနစ် ကောင်း။ အအေးခန်းစနစ်ရှိ။	လိုအပ်သော ဆေးဝါးများ အောင်ပန်း တွင်ဝယ်၍ရ။

ရည်ညွှန်း- ကျေးရွာအခြေအနေကို ရွာသူရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းခြင်း မှ ရရှိသော သတင်းအချက်အလက်များ (၂၁-၂၃၊ ဇူလိုင်လ၊ ၂၀၁၅)

လေ့လာတွေ့ရှိချက်။ ပွေးလှကျေးရွာတွင် ၁၉၅၀ ခုနှစ်တွင် ကိုယ်ထူကိုယ်ထ ကျေးလက်ဆေးပေးခန်း စတင်ဆောက်လုပ်ခဲ့ပါသည်။၁၉၇၅ ခုနှစ်တွင် ကျေးလက်ကျန်းမာရေးအဆင့်အထိ တိုးမြှင့်ရရှိခဲ့ ပါသည်။၁၉၇၈ ခုနှစ်မှစ၍ (၁၆)ကုတင်ဆံ့ ပွေးလှတိုက်နယ်ဆေးရုံအဆင့်အထိ တိုးမြှင့်ရရှိခဲ့ပြီး ယနေ့အချိန်အထိ ဖြစ်ပါသည်။ ဓါတ်မှန်ခန်းကို ပြည်နယ်ဝန်ကြီးချုပ်မှ မတည်ပြီး အများအလှူငွေဖြင့် ၂၀၁၀ ခုနှစ်တွင် ဆောက်လုပ်ခဲ့ပါသည်။၂၀၀၈ ခုနှစ်တွင် စက််ကတောင်ဆရာတော် မှသံဃာဆေးရုံအား ဆောက်လုပ် လှူဒါန်းခဲ့ပါသည်။ သားဖွားဆောင်အား အလှူရှင်ဦးဥက္ကာမှ ဆောက်လုပ်လှူဒါန်းခဲ့ပါသည်။

ဆေးရုံတွင် ဆရာဝန်ကျား(၁)ဦး၊သူနာပြုဆရာမ (အပြာဝတ်) မ(၃)ဦး၊ (အနီဝတ်) မ(၂)ဦး၊ သန့်ရှင်းရေး မ(၃)ဦး ရှိပါသည်။ တိုက်နယ်ဆေးရုံအတွင်းရှိ မိခင်နှင့်ကလေး ကျန်းမာရေး ဆေးခန်းတွင် သူနာပြုဆရာမ (အပြာဝတ်) (၁)ဦး၊ အနီဝတ် (၁) ဦးရှိပါသည်။ မိခင်နှင့်ကလေးကျန်းမာရေး ဆေးခန်းမှ ကိုယ်ဝန်ဆောင်စောင့်ရှောက်မှုအဖြစ် ကိုယ်ဝန်စမ်းသပ်ပေးခြင်း၊ ကာကွယ်ဆေးထိုးပေးခြင်း၊ ကလေးကာကွယ်ဆေးထိုးပေးခြင်း၊ အခမဲ့ကလေးမွေးပေးခြင်းများကို ဆောင်ရွက်ပေးပါသည်။ ပတ်ဝန်းကျင်

ကျေးရွာပေါင်း (၃၈)ခန့်မှ မွေးလူနာ မှာ တစ်ရက်ကို (၃)ဦးမှ (၄)ဦးအထိ လာရောက်ကြပါသည်။ သားဖွားဆောင် လိုအပ်ချက် ရှိ၍ တိုးချဲ့ရန် ကျေးရွာပိုင်မြေရှိပါသည်။

အအေးခန်းစနစ် ရှိ၍ ဆေးဝါးနှင့်ပတ်သက်၍ လုံလောက်မှုရှိပါသည်။ လိုအပ်လျှင် ဆေးဝါးများကို အောင်ပန်းတွင် ဝယ်ယူ၍ ရနိုင်ပါသည်။

၂.၇.၃ သောက်သုံးရေရရှိမှု

ဇယား (၃၃) သောက်သုံးရေ ရရှိမှု

ရေရရှိနိုင်မှု	အရေအတွက်	အကောင်း/အဆိုး	လက်ရှိ/လုံလောက်မှု			အခြား
			နွေ	မိုး	ဆောင်း	
ရေတွင်း	၅	ကောင်း		✓	✓	
အဝီစိတွင်း	၉၂	ကောင်း	✓	✓	✓	
မိုးရေသိုလှောင်ကန်	၃၃၄	ကောင်း		✓		

ရည်ညွှန်း- ကျေးရွာအခြေအနေကို ရွာသူရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်ခြင်းမှ ရရှိသော သတင်း အချက်အလက်များ (၂၁-၂၃၊ ဇူလိုင်လ၊ ၂၀၁၅)

လေ့လာတွေ့ရှိချက်။ သောက်သုံးရေအတွက်ရေတွင်း(၅)တွင်း၊ အဝီစီတွင်း (၉၂) တွင်းနှင့် မိုးရေလှောင် ကန် (၃၃၄)ကန်မှ သောက်ရေနှင့် တစ်ကိုယ်ရေသန့်ရှင်းရေးအတွက် သုံးရေ လုံလောက်စွာ သုံးစွဲနိုင်ပါသည်။

၂.၇.၄ သန့်ရှင်းရေး အခြေအနေ (အိမ်သာအမျိုးအစားနှင့် အိမ်ထောင်စု အရေအတွက်)

ဇယား (၃၄) သန့်ရှင်းရေး အခြေအနေ

သုံးစွဲနိုင်သောအိမ်သာအမျိုးအစား	သုံးစွဲနိုင်သောအိမ်ထောင်စု	ရှင်းလင်းချက်
ယင်လုံအိမ်သာ	၃၄၂	သန့်ရှင်းမှုရှိပါသည်။
ကျင်းအိမ်သာ	၃၈	တချို့မှာသန့်ရှင်းမှုမရှိ။
တောထိုင်	မရှိပါ	နီးစပ်ရာ ဆွေမျိုးများအိမ်တွင် အသုံးပြုပါသည်။

ရည်ညွှန်း- ကျေးရွာအခြေအနေကိုရွာသူရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်ခြင်း မှ ရရှိသော သတင်းအချက်အလက်များ (၂၁-၂၃၊ ဇူလိုင်လ၊ ၂၀၁၅)

လေ့လာတွေ့ရှိချက်။ ။ ယင်လုံအိမ်သာများ အိမ်တိုင်းနီးပါးရှိကြပြီး ကျင်းအိမ်သာသုံးစွဲသူများလည်း အနည်းငယ် ရှိပါသည်။ သန့်ရှင်းမှုရှိသည်ကို တွေ့ရပါသည်။ တချို့အိမ်များသည် ဆွေမျိုးနီးစပ်အိမ်များမှ စုပေါင်း၍ သုံးစွဲသည်ကို တွေ့ရပါသည်။

၂.၈ လမ်းတံတား အခြေအနေ

၂.၈.၁ ကျေးရွာ၏ လမ်းတံတား တည်ရှိမှု

ဇယား (၃၅) ကျေးရွာ၏ လမ်း၊ တံတားတည်ရှိမှု အခြေအနေ

လမ်းတံတား အမျိုးအစား	အမျိုး အစား (၁၊၂၊၃)	ကောင်း/ ဆိုး	တည်ဆောက်ခဲ့ သော နှစ်	ရာသီအလိုက် သုံးစွဲနိုင်မှု		လမ်းအရှည် (ကီလိုမီတာ)
				ပွင့်လင်း ရာသီ	တစ်နှစ် ပါတ်လုံး	
လမ်း	၂	ကောင်း	၂၀၁၂		။	၂၇၀၀ပေ
ချဉ်းကပ်လမ်း	၁	ကောင်း	၂၀၁၅		။	၂၇၀၀ပေ
တံတား	၁၅ x ၇	လတ်	၁၉၉၀		။	
၁						
၂	၃၀ x ၁၅	လတ်	၂၀၁၅		။	
၃	၃၀ x ၅	လတ်	၁၉၂၀		။	
၄	၃၀x ၂၀	ဆိုး		။		
၅	၄၀ x ၂၅			။		
၆	၄၀ x ၁၅	လတ်		။		

ရည်ညွှန်း- ကျေးရွာအခြေအနေကို ရွာသူရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်ခြင်းမှ ရရှိသော သတင်း အချက်အလက်များ (၂၁-၂၃၊ ဇူလိုင်လ၊ ၂၀၁၅)

လေ့လာတွေ့ရှိချက်။ ပွေးလှကျေးရွာတွင် အခြေခံအဆောက်အဦအဖြစ် ကျေးရွာလမ်းများ၊ ထရန်စဖော်မာ၊ အထက်တန်းအဆင့် စာသင်ကျောင်း၊ မူကြိုကျောင်း၊ ဆေးရုံ၊ ဈေး၊စာကြည့်တိုက် တစ်ခုတို့ ရှိကြပါသည်။ ဤအဆောက်အဦများကို တစ်နှစ်ပါတ်လုံးသုံးစွဲနိုင်ကြပါသည်။ ပင်းတယနှင့် ပွေးလှသို့ ဆက်သွယ်ထားသောလမ်းမှာ ကတ္တရာလမ်းဖြစ်၍ နွေ၊ မိုး၊ ဆောင်း အဆင်ပြေစွာ သွားလာနိုင်ပါသည်။ ပွေးလှရွာတွင်း လမ်းမအများစုမှာ ကျောက်ခင်းလမ်းများဖြစ်ပြီး သွားလာရေး အဆင်ပြေ ချောမွေ့မှုရှိကြပါသည်။ တံတား (၆) စင်းရှိပြီး ရွာလယ်တံတားမှာ တောင်ကျချောင်းရေတိုက်စား၍ ဂလိုင်ဖြစ်နေပြီး ဖြစ်ပြီး ပြန်လည်ပြုပြင်ရမည်ဖြစ်သည်။ ဤရွာလယ်တံတားမှလွဲ၍ ကျန်တံတားအားလုံးမှာ ကားသွားရန်စိတ်မချရသော အခြေအနေတွင် ရှိပါသည်။

၂.၈.၂ ရေကြောင်းသယ်ယူပို့ဆောင်ရေး

ဇယား (၃၆) ရေကြောင်း သယ်ယူပို့ဆောင်ရေး

သယ်ယူပို့ဆောင်ရေး	အကွာအဝေး (ကီလိုမီတာ)	ယာဉ် အမျိုးအစား	ရာသီအလိုက်သုံးစွဲနိုင်မှု	
			ပွင့်လင်းရာသီ	တစ်နှစ်ပါတ်လုံး
မြစ်ကြောင်း	–	–	–	–
ပင်လယ်ရေကြောင်း	–	–	–	–

ရည်ညွှန်း- ကျေးရွာအခြေအနေကို ရွာသူရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်ခြင်းမှ ရရှိသော သတင်း အချက်အလက်များ (၂၁-၂၃၊ ဇူလိုင်လ၊ ၂၀၁၅)

၂.၈.၃ သယ်ယူပို့ဆောင်ရေးယာဉ်များ နှင့် ဝန်ဆောင်မှုများ

ဇယား (၃၇) သယ်ယူပို့ဆောင်ရေးယာဉ်များ

ယာဉ်အမျိုး အစား	မော်တော်ဆိုင်ကယ်	ထော်လာကျီ	ထရက်ကား
အရေအတွက်	၃၀၀	၂၇	၂၇

ရည်ညွှန်း- ကျေးရွာအခြေအနေကို ရွာသူရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်ခြင်းမှ ရရှိသော သတင်း အချက်အလက်များ (၂၁-၂၃၊ ဇူလိုင်လ၊ ၂၀၁၅)

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင်းရှိ အိမ်ထောင်စုအားလုံးနီးပါး မော်တော်ဆိုင်ကယ်ရှိပြီး လမ်းပန်း ဆက်သွယ်ရေးနှင့်ပတ်သက်၍ ပြဿနာမရှိပါ။

၂.၉ လျှပ်စစ်မီး ရရှိမှု

ဇယား (၃၈) လျှပ်စစ်မီးရရှိမှု အခြေအနေ

အရင်းအမြစ်	အိမ်ထောင်စု	ပြုပြင်ထိန်းသိမ်းရေးစနစ် (ကောင်း/သင့်/ညံ့)	အခက်အခဲရှိ၊မရှိ
မဟာဓါတ်အားလိုင်း	၃၀၀	သင့်	မရှိ
ဒီဇယ်သုံးအင်ဂျင်	၁၀	သင့်	မရှိ

ရည်ညွှန်း- ကျေးရွာအခြေအနေကို ရွာသူရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်ခြင်းမှ ရရှိသော သတင်း အချက်အလက်များ (၂၁-၂၃၊ ဇူလိုင်လ၊ ၂၀၁၅)

လေ့လာတွေ့ရှိချက်။ ၁၉၅၅ခုနှစ်တွင် အောင်ပန်းခွဲရုံမှ လျှပ်စစ်မီးစတင်ရရှိခဲ့ပါသည်။၁၉၆၅ ခုနှစ်တွင် လောပိတရေအားလျှပ်စစ်မီး ရရှိခဲ့ပါသည်။ ကျေးရွာ၌ ယခင်က လျှပ်စစ်ဓါတ်အားဖြန့်ဖြူးရေးလုပ်ငန်း (EPC) ရုံးရှိခဲ့သော်လည်း ၂၀၀၅ ခုနှစ်မှစ၍ မရှိတော့ပေ။ ၂၀၁၂ ခုနှစ်တွင် ပင်မဓါတ်အားလိုင်းမှ မီးထပ်မံ ရရှိခဲ့ပါသည်။ ယခုအခါ လျှပ်စစ်မီးလင်းရေးကော်မတီမှ ဝန်ထမ်းတစ်ယောက် ခန့်ထား၍ ပြုပြင်ထိန်းသိမ်း ရေးလုပ်ငန်းများကို ဆောင်ရွက်နေပါသည်။ ယခုအခါ လျှပ်စစ်မီးသွယ်တန်းပြီး နေအိမ်ပေါင်း ၂၈၀ အိမ်ထိရှိပြီ ဖြစ်ပါသည်။ မီးကြိုးခနှင့် သွယ်တန်းခ ကျပ်(၂၃၀၀၀) အကုန်အကျမခံနိုင်၍ မီးမလင်းသော အိမ်ထောင်စု(၇၀)ခန့်အထိရှိပါသည်။ မီတာခအနေဖြင့် တစ်ယူနစ်လျှင် (၇၅)ကျပ်နှုန်းဖြင့် ကျေးရွာမီးလင်းရေး ကော်မတီက ကောက်ခံပြီး မြို့နယ်လျှပ်စစ်ဌာနသို့ စုပေါင်းပေးဆောင်ကြပါသည်။ လက်ရှိ ထရန်ဖော်မာ (200 KVA,315 KVA) (၂)လုံး ရှိပါသည်။ လျှပ်စစ်မီးလင်းခြင်းလုပ်ငန်းအတွက် ထိန်းသိမ်းပြုပြင်ရေး လုပ်ငန်းများ ဆောင်ရွက်ရန် အမြဲတမ်းဝန်ထမ်းတစ်ဦးလိုအပ်လျက် ရှိပါသည်။ ၂၄ နာရီ လျှပ်စစ်မီး ရရှိပါသည်။

၂.၁၀ ဆက်သွယ်ရေး နှင့် သတင်းအချက်အလက်ဆိုင်ရာ နည်းပညာ

ဇယား (၃၉) ဆက်သွယ်ရေး နှင့် သတင်းအချက်အလက် နည်းပညာ အခြေအနေ

စဉ်	ဖုန်း	ရေဒီယို	တီဗွီ	အင်တာနက်	သတင်းစာ နှင့်ဂျာနယ်	အခြား
အရေအတွက်	၅၈၂	-	၃၂၁	၂၀၀	-	-

ရည်ညွှန်း - ကျေးရွာအခြေအနေကို ရွာသူရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ(၂၁-၂၃၊ဇူလိုင်လ၊၂၀၁၅)

လေ့လာတွေ့ရှိချက်။ ပွေးလှရွာတွင် တယ်လီဖုန်းဆက်သွယ်ရေးကွန်ယက်အနေဖြင့် တယ်လီနောကွန်ယက် ၁ မျိုး သုံးစွဲနိုင်ပြီဖြစ်ပါသည်။ လျှပ်စစ်မီးရရှိပြီးဖြစ်၍ အိမ်အများစုမှာ စလောင်းများတပ်ဆင်၍ ဗဟုသုတဖြစ်နိုင်သော ချန်နယ်လိုင်းများကို ဖမ်းယူကြည့်ရှုနိုင်နေပြီဖြစ်သည်။ သတင်းစာနှင့်ဂျာနယ်ရောက်ရှိမှုမှာ နည်းပါးသော်၍ အောင်ပန်းမှတစ်ဆင့် ဂယ်ယူဖတ်ရှုနိုင်ကြသော်လည်း စာဖတ်သောအလေ့အထနည်းပါးပါသည်။

၂.၁၁ ယဉ်ကျေးမှု နှင့် လူငယ်ဖွံ့ဖြိုးရေး

ဇယား (၄၀) ယဉ်ကျေးမှု နှင့် လူငယ်ဖွံ့ဖြိုးရေးအခြေအနေ

ယဉ်ကျေးမှု၊ လူငယ်နှင့် အားကစား အထောက်အပံ့နှင့် ဝန်ဆောင်မှု	အထောက်အပံ့၊ အဖြစ်အပျက်၊ ဝန်ဆောင်မှု
ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခြင်း	ဂရုဏာသွေးလှူရှင်အဖွဲ့တွင် အဖွဲ့ဝင်များအဖြစ် ပါဝင်ဆောင်ရွက်ပါသည်။ လမ်းပြုပြင်ခြင်းတွင် လုပ်အားပေးခြင်း၊
ဇည့်ခံဖျော်ဖြေမှု အထောက်အပံ့များ လက်လှမ်းမီမှု	နှစ်စဉ်နှစ်တိုင်း တပေါင်းလအဖိတ်နေ့တွင် ဓနုတိုင်းရင်းသားများ ဆုံဆည်းရာနေ့တွင် အကပြိုင်ပွဲ၊ အဆိုပြိုင်ပွဲ၊ ရိုးရာ ဝတ်စုံပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်ခြင်း။ (မနက်ပိုင်းဘုရားတွင် အာရုံဆွမ်းကပ်လှူပူဇော်ခြင်း၊ ဆွမ်းတော်ကြီးဝင်ခြင်း၊ညနေပိုင်းတွင် ဆွမ်းဆန်စိမ်းလောင်းလှူခြင်းဆောင်ရွက်)
ဘာသာရေးလှုပ်ရှားမှုများတွင် ပါဝင်ဆောင်ရွက်ခြင်း	အဖိတ်နေ့ နှင့် ဥပုပ်နေ့များတွင် နိဗ္ဗာန်ဆော်ပေး၍ အဖိတ်ညနေနှင့် လပြည့်နေ့မနက်တွင် ဆွမ်းတော်ချက်၍ ဘုရားတွင် ဆွမ်းကပ်လှူပူဇော်မှုများပြုလုပ်ပါသည်။
အားကစားအထောက်အပံ့များနှင့် လက်လှမ်းမီမှု	ကျောင်းအားကစားကွင်းတွင် ဘောလုံးကန်၊ အိမ်ခြံဝင်းတွင် အပျော်တမ်းကြက်တောင်ရိုက်ခြင်း၊ ပိုက်ကျော်ခြင်း၊ ဝိုင်းခြင်း၊ ဘော်လီဘောကစားခြင်း။ ဘောလုံးပြိုင်ပွဲတွင် မြို့နယ်အဆင့်တွင် ပထမဆုရရှိခြင်း၊ အမျိုးသမီး ဘောလုံးအဖွဲ့ရှိ၊ အမျိုးသမီး(၃)ဦးမှ ပြည်နယ်အဆင့်ရွေးချယ်ခံရ၊ အားကစားပစ္စည်းများကို လူငယ်အဖွဲ့မှ ငွေစု၍ ဝယ်၊

ရည်ညွှန်း - ကျေးရွာအခြေအနေကို ရွာသူရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ(၂၁-၂၃၊ဇူလိုင်လ၊၂၀၁၅)

လေ့လာတွေ့ရှိချက်။ လူမှုရေးကိစ္စနှင့်ပတ်သက်၍ လူငယ်များမှ ကဆုန်လ(၁၀)ရက်စခန်းတွင် ဝေယျာဝစ္စ ကိစ္စများ ဆောင်ရွက်ခြင်း၊ ခမ္မစကူးတွင် လုပ်အားပေးခြင်း၊ သင်္ကြန်နှစ်ဆန်း (၁)ရက်နေ့တွင် သက်ကြီးပူဇော်ပွဲတွင် အပျိုး၊ လူပျိုများမှ ဝိုင်းဝန်းဆောင်ရွက် ပေးခြင်း၊ သင်္ကြန်မဏ္ဍပ်များတွင် လူငယ်၊လူရွယ်များ ဦးဆောင်၍ စတုဒီသာကျွေးမွေးခြင်း၊ အဆိုအကနှင့် ဖျော်ဖြေဧည့်ခံခြင်း၊ မူလတန်းကျောင်းတွင် အမျိုးသမီးငယ် (၂) ဦးမှ လုပ်အားပေးအဖြစ် ကူညီဆောင်ရွက်ပေး များကို ဆောင်ရွက်သည်။

သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့တွင်အဖွဲ့ဝင်အဖြစ်ပါဝင်ခြင်းတို့ကိုဆောင်ရွက်ပါသည်။

ကျောင်းအားကစားကွင်းတွင်ဘောလုံးကန်၊အိမ်ခြံဝင်းတွင် အပျော်တမ်းကြက်တောင်ရိုက်ခြင်း၊ ပိုက်ကျော်ခြင်း၊ ဝိုင်းခြင်း၊ ဘော်လီဘောကစားခြင်း၊ ဘောလုံးပြိုင်ပွဲတွင် မြို့နယ်အဆင့်တွင် ပထမဆု ရရှိခြင်း၊ အမျိုးသမီးဘောလုံးအဖွဲ့ရှိ၊ အမျိုးသမီး(၃)ဦးမှ ပြည်နယ်အဆင့် ရွေးချယ်ခံရပြီး အားကစား ပစ္စည်းများကို လူငယ်အဖွဲ့မှငွေစု၍ ဝယ်ကြပါသည်။ ဂရုဏာသွေးလှူရှင်အဖွဲ့တွင် အဖွဲ့ဝင်များအဖြစ်ပါဝင် ဆောင်ရွက်ပါသည်။ လမ်းပြုပြင်ခြင်းတွင် လုပ်အားပေးခြင်းများကိုလည်းကူညီဆောင်ရွက်ပါသည်။

၂.၁၂ ကျေးရွာတည်ငြိမ်ရေး နှင့် ဘေးကင်း လုံခြုံရေး အခြေအနေ

၂.၁၂.၁ လုံခြုံရေးဆိုင်ရာ ဝန်ဆောင်မှုများအား လက်လှမ်းမှီမှု

ဇယား (၄၁) ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမှီမှု

ဝန်ဆောင်မှုများ	ရှိ/ မရှိ	ရှင်းလင်းချက်
ဆက်သွယ်ရေးဆိုင်ရာ အဆောက်အဦးများအား လက်လှမ်းမှီမှု	ရှိ	တယ်လီနောဖုန်းလိုင်း သုံးကြပါသည်။
အာမခံလုပ်ငန်းများအား လက်လှမ်းမှီမှု	မရှိ	ကျန်းမာရေးအာမခံ၊ အသက်အာမခံ စသည်များ ဗဟုသုတမရှိပါ။ လက်လှမ်းမမှီပါ။
လူထုအခြေပြု သဘာဝဘေးအန္တရာယ် လျှော့ချရေးအစီအစဉ်	ရှိ	အရံမီးသတ်တပ်ဖွဲ့ရှိ၊ မီးဘေးကြုံတင်ကာ ကွယ်ရေးလုံ့ဆော်ခြင်း။
ရဲစခန်းများအား လက်လှမ်းမှီမှု	ရှိ	ရဲစခန်းနှင့် (၉)မိုင်ဝေး

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၅-၇ ၊ ဩဂုတ်လ၊ ၂၀၁၅ နှစ်)

လေ့လာတွေ့ရှိချက်။ ။လူငယ်များ အနေဖြင့် အင်တာနက် ဆက်သွယ်ရေးကို သုံးစွဲလာနိုင်ပြီဖြစ်သည်။ မိုဘိုင်းဖုန်းနှင့်ချိတ်ဆက်၍ သုံးစွဲကြခြင်း ဖြစ်ပါသည်။ အင်တာနက်မှတဆင့်သတင်းများ ဖလှယ်၍ ကြည့်ရှုနိုင်နေပြီဖြစ်၍ သတင်းစာ၊ ဂျာနယ်များဝယ်ယူစရာ မလိုတော့ပေ။ သို့သော်လည်း လူငယ်များ အနေဖြင့် ဖေ့ဘုတ်ဟုခေါ်တွင်သော လူမှုရေးကွန်ယက်မှတဆင့် ဗဟုသုတ ဖြစ်ဖွယ်များကို သာမကဘဲ တခြားမလိုအပ်သော ဆိုးကျိုးများဖြစ်လာနိုင်ပါသည်။

၂.၁၂.၂ မှုခင်းဖြစ်ပွားမှု

ဇယား (၄၂) မှုခင်းဖြစ်ပွားမှု အခြေအနေ

	လူကုန်ကူးမှု	ခိုးမှု	မူးယစ်ဆေးသုံးစွဲမှု	အကြမ်းဖက်မှု
ပြင်းထန်/မထန်	သာမန်	သာမန်	သာမန်	သာမန်

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၂၁-၂၃၊ဇူလိုင်လ၊ ၂၀၁၅ နှစ်)

လေ့လာတွေ့ရှိချက်။ ကျေးရွာအတွင်းတွင် မှုခင်းဖြစ်ပွားမှု ကြီးကြီးမားမား မရှိပါ။ ရပ်ရွာလုံခြုံရေးအတွက် ပွေးလှပြည်သူစစ် ရှိပါသည်။ ၎င်းအဖွဲ့တွင် အဖွဲ့ဝင်အင်အား (၉၀)ရှိပြီး ရပ်ရွာလုံခြုံရေးကိစ္စများကို ပင်းတယတပ်မ (၃၅၅)နှင့်ချိတ်ဆက်၍ ဆောင်ရွက်ပါသည်။ ကျေးရွာအတွင်းတွင် ရဲစခန်း မရှိပါ။ ရာဇဝတ်မှုများ မရှိသလောက်ဖြစ်ပြီး ဖြစ်ပွားပါကလည်း ကျေးရွာနှင့် (၈)မိုင် အကွာတွင် ရှိသော ပင်းတယ ရဲစခန်းသို့ ဆက်သွယ်ကြပါသည်။

နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်းများ၊ အဟန့်အတား နှင့် ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ

ဇယား (၄၃) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေသော အခြေအနေများ

အလားအလာများ	ရှင်းလင်းဖော်ပြချက်
၁။ ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှု • ကျေးရွာမှာ မြို့နယ်နှင့် အလှမ်းမဝေးလှဘဲ ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ ဝင်ထွက်မှုအမြဲတမ်း ရှိနေခြင်း • ပြင်ပအဖွဲ့အစည်း များမှသင်တန်းများပို့ချမှုရှိခြင်း	• ကျေးရွာအနေဖြင့် ပင်းတယမြို့နှင့် အလှမ်းမဝေးပဲ ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် ပြင်ပအဖွဲ့အစည်းများ၏ အဝင်အထွက် ပံ့မှန်ရှိနေသောကြောင့် စီမံခန့်ခွဲမှုအပိုင်း များကိုထိရောက်စွာလုပ်ဆောင်နိုင်ပါသည်။
၂။ စိုက်ပျိုးရေး (သီးနှံ) • နှစ်ရှည်သီးပင် များ (ကော်ဖီ၊ စပျစ်၊ ထောပတ်၊ မက်မန်း၊လိမ္မော်) စိုက်ပျိုးဖြစ်ထွန်းရန် ထူးကဲသော (အေးမြသော) ရာသီဥတုကို ပိုင်ဆိုင်ထားခြင်း • အိမ်ခြံဝင်းမြေတွင် တစ်နှိုင်တစ်ပိုင်စိုက်ပျိုးရန် မြေလုံလောက်မှုရှိခြင်း	• နှစ်ရှည်သီးနှံမျိုးစုံစိုက်ပျိုးဖြစ်ထွန်းနိုင်သော သဘာဝအရ ရာသီဥတု ကောင်းမွန်ပါသည်။ • အိမ်ခြံဝင်းများမှာ ကျယ်ဝန်းကြပြီး တစ်နှိုင်တစ်ပိုင် စိုက်ပျိုးနိုင်သော အနေအထားမှာ ရှိပါသည်။
၃။ မွေးမြူရေး • နွားစာ၊ ဝက်စာ အတွက် ဟင်းသီးဟင်းရွက်နှင့် အစာစိမ်းများပေါများစွာရရှိခြင်း • ပင်းတယတိ မွေးကု နှင့် ချိတ်ဆက်၍ ရနိုင်ခြင်း	• မွေးမြူရေးလုပ်ငန်းများကို တွင်ကျယ်စွာ ပြုလုပ်နိုင်ရန် အဓိကဖြစ်သော တိရိစ္ဆာန်စားကျက်မြေများစွာရှိပါသည်။ • မွေးမြူရေးလုပ်ငန်းအဆင်ပြေချောမွေ့စွာလုပ်ဆောင်နိုင်ရန် တိမွေးကု၏ ဝန်ဆောင်မှုများလည်းရရှိကြပါသည်။
၄။ စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများ • ကုန်ချောပြုပြင်၍ထုတ်လုပ်ရန် ကုန်ကြမ်းများမှာ သဘာဝအရ ပေါများစွာရှိခြင်း • ဆက်သွယ်ရေး သယ်ယူပို့ဆောင်ရေးလမ်းကြောင်း ကောင်းမွန်ခြင်း	• ဒေသထွက်ကုန်ကြမ်းများစွာကိုအသုံးပြုပြီး အသေးစားစက်မှုထုတ်ကုန်များ ထုတ်လုပ်နိုင်ပြီး လယ်ယာမဟုတ်သော အခြားလုပ်ငန်းများပေါ်ထွန်းနိုင်ပါသည်။ • ဒေသထွက်ကုန်ကြမ်းများနှင့် ကုန်ချောများကို သယ်ယူပို့ဆောင်ရန်အတွက်လည်း လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ပါသည်။
၅။ ပညာရေး • မိဘဆရာအသင်းရှိခြင်း • ပညာရေးနှင့် ပတ်သက်၍ မိဘများမှ စိတ်အားထက်သန်မှုရှိခြင်း	• ကျေးရွာအတွင်းတွင်မိဘဆရာအသင်းကို ဖွဲ့စည်းထားပြီး ၎င်းတို့ကလည်း ပညာရေးနှင့် ပတ်သက်၍ စိတ်အားထက်သန်ကြခြင်းကြောင့် ပညာရေး ဖွံ့ဖြိုးတိုးတက်ရန် အလားလာကောင်း များရှိပါသည်။

အလားအလာများ	ရှင်းလင်းဖော်ပြချက်
၆။ ကျန်းမာရေး၊ သောက်သုံးရေ	
• တိုက်နယ်ဆေးရုံရှိနေခြင်း • ကျန်းမာရေးနှင့်ဆိုင်သော အဖွဲ့အစည်းများ ရှာတွင်ရှိခြင်း	• ကျေးရွာအနေဖြင့် တိုက်နယ်ဆေးရုံ ရရှိထားခြင်းကြောင့် ကျန်မာရေးပိုင်းဆိုင်ရာ ဝန်ဆောင်မှုကို ကောင်းစွာသုံးစွဲနိုင်ကြပြီး ပြင်ပမှကျန်းမာရေးအဖွဲ့အစည်းများမှလည်း မကြာခဏဝင်ရောက်မှုရှိပါ သည်။
၇။ လူငယ်၊ ယဉ်ကျေးမှု၊ အားကစား	
• စာကြည့်တိုက်ရှိခြင်း • ပြင်ပအဖွဲ့အစည်းများမှ လာရောက်၍ အသိပညာနှင့် အတတ်ပညာသင်တန်းများ ပို့ချမှုရှိခြင်း	• ပညာဗဟုသုတရှာမှီးလိုသူများအတွက် ပညာရှာဖွေနိုင်သော စာကြည့်တိုက်တစ်ခုရှိနေပြီး ပြင်ပအဖွဲ့အစည်းများမှလည်း အသိပညာပိုင်း၊ အတတ်ပညာပိုင်းဆိုင်ရာပို့ချမှုများရှိပါသည်။ လူငယ်များအနေဖြင့်လည်း အတတ်ပညာ အသစ်အဆန်းများကို သင်ယူလိုစိတ်ပြင်းထန်ကြပါသည်။
၈။ ကျေးရွာတွင်းအခြေခံအဆောက်အဦး	
• လုပ်အားစိုက်ထုတ်နိုင်ခြင်း • လမ်းတံတားများ၏အရေးပါမှုကို သိရှိခြင်း	• ကျေးရွာအတွင်းအခြေခံအဆောက်အဦး ကဏ္ဍပိုင်းဖွံ့ဖြိုးတိုးတက်အောင် လုပ်ဆောင်ရာတွင် ကျေးရွာသူ ကျေးရွာသားများ အနေဖြင့် ၎င်းတို့၏ လုပ်အားများ စိုက်ထုတ်ရန် စိတ်အားထက်သန်ကြပြီး အခြေခံအဆောက်အဦးပိုင်း ၏အရေးပါမှုကိုလည်း နားလည်သဘောပေါက် ကြပါသည်။
၉။ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး	
• ကျေးရွာပိုင်သစ်တောများရှိခြင်း • သစ်တောထိန်းသိမ်းရေးအဖွဲ့ရှိခြင်း	• သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး လုပ်ဆောင်မှုအပိုင်းတွင် တဖက်တလမ်းမှ အရေးပါသော ကျေးရွာပိုင်စိုက်ခင်းများထူထောင်ခြင်းများရှိပြီးသက်ဆိုင်ရာသစ်တော ထိန်းသိမ်းရေးအဖွဲ့အစည်းများလည်းရှိကြပါသည်။
၁၀။ ခရီးသွားလာရေး	
• သဘာဝပတ်ဝန်းကျင်အခြေပြုခရီးသွားလုပ်ငန်း • ရပ်ရွာအခြေပြုခရီးသွားလုပ်ငန်း	• စိတ်ကြည်နူးဖွယ်ကောင်းပြီးသာယာလှပသော ပုတ်တလုပ်ရေကန်၊စိတ်ဝင်စားဖွယ်ကောင်း၍ သဘာဝအလျှောက်တည်ရှိနေသော ပင်းတယလိုဏ်ဂူများကို အခြေပြု၍လည်းကောင်း၊ သဘာဝတောတောင် သစ်ပင်များကို အခြေပြု၍လည်းကောင်း၊ သဘာဝပတ်ဝန်းကျင်

အလားအလာများ	ရှင်းလင်းဖော်ပြချက်
	အခြေပြု ခရီးသွားလုပ်ငန်းများဖန်တီးနိုင်ပါသည်။ • ရပ်ရွာအခြေပြုခရီးသွားလုပ်ငန်းများဖွံ့ ဖြိုးရန် စိတ်ဝင်စားစရာကောင်းသော ဒေသခံများ၏ ရိုးရာမပျက်နေထိုင်မှုများလည်း ရှိပါသည်။

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၂၁-၂၃၊ဇူလိုင်လ၊ ၂၀၁၅ နှစ်)

ဇယား (၄၄) ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဟန့်အတားနှင့် ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ

အဟန့်အတားများ၊ စိန်ခေါ်မှုများ	ရှင်းလင်းဖော်ပြချက်
• နည်းပညာနှင့် ဝန်ဆောင်မှုများ သို့ ကျေးရွာသူရွာသားများ လက်လှမ်းမီရန် လိုအပ်ခြင်း	• ဈေးကွက်ဝင်သီးနှံများစိုက်ပျိုးထုတ်လုပ်ရေးအတွက် နည်းပညာဝန်ဆောင်မှုများ (ဥပမာ –နှစ်ရှည်သစ်သီးဝလံများ၊ ဩဂဲနစ်သီးနှံများ စိုက်ပျိုးထုတ်လုပ်ရန်) • ဒေသရေမြေအနေအထားအရ ကျွဲ၊နွား၊ဝက် စသည်တို့ကို စီးပွားဖြစ်မွေးမြူနိုင်ပါသည်။ (၄င်းတို့ စီးပွားဖြစ်မွေးမြူနည်းစနစ်များ) • ဒေသထွက်ကုန်များအားကုန်ချောထုတ်လုပ်နည်းများ (ဥပမာ – ခရမ်းချဉ်သီးယို၊ မုန့်ညှင်းမုံလာအခြေခံစားသောက်ကုန်များ စသည်) • ခရီးသွားလုပ်ငန်းဆိုင်ရာ ဝန်ဆောင်မှု စွမ်းရည်တိုးတက်ရေး အစီအစဉ်များ (ဥပမာ – ဟိုတယ်ဝန်ဆောင်မှုလုပ်ငန်း၊ စားသောက်ဆိုင်လုပ်ငန်း၊ ခရီးသွားလမ်းညွှန်နှင့် ပို့ဆောင်မှု လုပ်ငန်း စသည်)
• ငွေကြေးဝန်ဆောင်မှုများ သို့ ကျေးရွာသူရွာသားများ လက်လှမ်းမီရန် လိုအပ်ခြင်း	• အထက်ဖော်ပြပါလုပ်ငန်းများတိုးတက်လုပ်ကိုင်နိုင်ရန်အတွက် ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှုများ လက်လှမ်းမီမှုတိုးတက်အောင် ဆောင်ရွက်ရန်လိုအပ်လျက်ရှိပါသေးသည်။
• သဘာဝပတ်ဝန်းကျင်ယိုယွင်းလာမှု	• သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ အသိအမြင်နှင့် ဗဟုသုတများအားနည်းခြင်း

အဟန့်အတားများ၊ စိန်ခေါ်မှုများ	ရှင်းလင်းဖော်ပြချက်
	ကြောင့် ထင်းခုတ်ခြင်း၊ တောင်ယာခုတ်ခြင်း၊ ဓာတုပစ္စည်းများအသုံးပြုမှု စသည်တို့ များပြား လျက်ရှိပါသည်။ သစ်တောပြုန်းတီးမှု၊ မြေဆီလွှာတိုက်စားမှုတို့မှာ ကျေးရွာအတွက် ရေရှည်တွင် ထိခိုက်နိုင်မှု ပိုမိုမြင့်မား လာနိုင်ပါသည်။

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၂၁-၂၃၊ဇူလိုင်လ၊ ၂၀၁၅ နှစ်)

ကျေးရွာ၏ ဖွံ့ဖြိုးရေးကွင်းဆက်- ပြဿနာများအား ဆန်းစစ်လေ့လာခြင်းမှသည် ဖြစ်နိုင်ချေရှိသည့် ဖြေရှင်းနည်းဆီသို့

ဇယား (၄၅) ကျေးရွာ ဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာ ဆန်းစစ်ခြင်းမှ ဖြေရှင်းနည်း အထိ)

ပြဿနာ	အကြောင်းအရင်းဇစ်မြစ်	ဖွံ့ဖြိုးရေးအတွက် အထောက်အပံ့ဖြစ်စေသည့် အခြေအနေကောင်းများ	အဟန့်အတားနှင့် စိန်ခေါ်မှု	ဖြေရှင်းမည့် နည်းလမ်းများ	အဆိုပြု လုပ်ငန်း
<u>စီမံအုပ်ချုပ်မှုစနစ်</u> • ကျေးရွာ၏ ဖွံ့ဖြိုးရေး ကိစ္စရပ်များကို ပူးပေါင်းပါဝင် ဆောင်ရွက်မှု အားနည်းခြင်း။ • ကျေးရွာ အုပ်ချုပ်ရေးအဖွဲ့ဝင်များ ကသာ တက်ကြွစွာ ဆောင်ရွက်နေရခြင်း	• ကျေးရွာ ဖွံ့ဖြိုးရေးကို စိတ်ပါဝင်စားစွာဖြင့် ပူးပေါင်း ပါဝင် ဆောင်ရွက်သည့် အလေ့အထ မရှိခဲ့ခြင်း။ • ခေတ်သစ်အုပ်ချုပ်ရေးစနစ်များကို အကျွမ်းဝင်မှုမရှိခြင်း	• ကျေးရွာမှာ မြို့နယ်နှင့်အလှမ်း မဝေးလှဘဲ ဖွံ့ဖြိုးရေး အဖွဲ့အစည်းများဝင် ထွက်မှုအမြဲတမ်း ရှိနေခြင်း။ • ပြင်ပအဖွဲ့အစည်းများမှသင်တန်းများပို့ချမှုရှိခြင်း။	• အဖွဲ့အစည်းများအတွင်းတာဝန်ခံမှု၊တာဝန်ယူမှုစနစ်များနှင့် အကျွမ်းတဝင်မရှိခြင်း • ပြည်သူအများပူးပေါင်းပါဝင်ရသည့်ဒီမိုကရေစီအုပ်ချုပ်ရေးစနစ်များကိုနားလည်မှုအားနည်းခြင်း။	• ကျေးလက်ဦးစီးဌာန၊ သက်ဆိုင်ရာပြင်ပရှိ အဖွဲ့အစည်းများနှင့် ချိတ်ဆက်၍ ဖွံ့ဖြိုးရေး၊ ဒီမိုကရေစီအုပ်ချုပ်ရေးစနစ်များနှင့်ပတ်သက်သော သဘောတရားနှင့် သင်တန်းများကို ထိထိရောက်ရောက် ပို့ချပေးခြင်း • သက်ဆိုင်ရာပြင်ပရှိအဖွဲ့အစည်းများနှင့် ချိတ်ဆက်၍ ကျေးရွာလူကြီးများမှ ကျေးရွာ	• ကျေးရွာအဖွဲ့အစည်းများ စွမ်းဆောင်ရည်တိုးတက်အောင်ဆောင်ရွက်ခြင်း

ပြဿနာ	အကြောင်းအရင်းဇစ်မြစ်	ဖွံ့ဖြိုးရေးအတွက် အထောက်အပံ့ဖြစ်စေသည့် အခြေအနေကောင်းများ	အဟန့်အတားနှင့် စိန်ခေါ်မှု	ဖြေရှင်းမည့် နည်းလမ်းများ	အဆိုပြု လုပ်ငန်း
				လူထုကို စည်းလုံးနိုင်မှုအား ကောင်းလာစေရန် အဆင့်မြင့် စွမ်းရည်မြှင့်သင်တန်းများပို့ချပေးခြင်း	
<u>စိုက်ပျိုးရေးကဏ္ဍ</u> • နှစ်ရှည်သီးပင်များ စိုက်ပျိုးမှုအားနည်းသေးခြင်း • စနစ်တကျစိုက်ပျိုးမှုပိုင်းတွင် အားနည်းသေးခြင်း • မိမိတွင်ရှိနေသည့် သဘာဝ အရင်းအမြစ်များကို စနစ်တကျနှင့် မည်သို့ အသုံးချရမည်ကို သိရှိမှုအားနည်းခြင်း	• အကျိုးအမြတ်ချက်ချင်းမရသော နှစ်ရှည်သီးပင် စိုက်ပျိုးရန် စိတ်အားထက်သန်မှုအားနည်းခြင်း • စိုက်ပျိုးရေးနှင့် ပတ်သက်သော နည်းလမ်းများကို ရရှိနိုင်မည့်အဖွဲ့အစည်းများနှင့် ချိတ်ဆက်မှု အလှမ်းဝေးနေခြင်း	• နှစ်ရှည်သီးပင်များ (ကော်ဖီ၊ စပျစ်၊ ထောပတ်၊ မက်မန်း၊လိမ္မော်) စိုက်ပျိုးဖြစ်ထွန်းရန်ထူးကဲသော (အေးမြသော) ရာသီဥတုကို ပိုင်ဆိုင်ထားခြင်း • အိမ်ခြံဝန်းမြေတွင်တစ်နိုင်တစ်ပိုင် စိုက်ပျိုးရန် မြေလုံလောက်မှုရှိခြင်း	• လုပ်သားခဈေးကြီးမှုနှင့် ကြုံတွေ့ရခြင်း • မိရိုးဖလာစိုက်ပျိုးနည်းကိုသာ စိတ်ဝင်စား၍ စွန့်ဦးတီထွင်လို စိတ်နည်းပါးခြင်း	• စိုက်ပျိုးရေးဦးစီးဌာနနှင့် ချိတ်ဆက်ပြီး နှစ်ရှည်သီးပင်များ စိုက်ပျိုးရေးနည်းပညာ သင်တန်းပို့ချပေးခြင်း • စိုက်ပျိုးရေးဦးစီးဌာနမှ နည်းပညာသင်တန်းများပို့ချပေးခြင်း	• အိမ်ခြံဝန်းစပျစ် စိုက်ပျိုးခြင်း • နှစ်ရှည်သီးပင်စိုက်ပျိုးခြင်း (ထောပတ်၊ကော်ဖီ၊ သစ်တော်၊မက်မန်း၊လိမ္မော်) • စိုက်ပျိုးရေတွင်းတူးဖော်ခြင်း • စိုက်ပျိုးရေးနည်းပညာများ ပို့ချခြင်းသင်တန်း။ • ကော်ဖီစိုက်ပျိုးထုတ်လုပ်နည်းသင်တန်း

ပြဿနာ	အကြောင်းအရင်းဇစ်မြစ်	ဖွံ့ဖြိုးရေးအတွက် အထောက်အပံ့ဖြစ်စေသည့် အခြေအနေကောင်းများ	အဟန့်အတားနှင့် စိန်ခေါ်မှု	ဖြေရှင်းမည့် နည်းလမ်းများ	အဆိုပြု လုပ်ငန်း
<u>မွေးမြူရေးကဏ္ဍ</u> • မွေးမြူရေးလုပ်ငန်းကိုစနစ်တကျ လုပ်ကိုင်ဆောက်ရွက်မှု မရှိခြင်း • တိရိစ္ဆာန်များ မွေးမြူရာတွင် ခေတ်မှီသော မွေးမြူခြင်းများ မသိရှိခြင်း	• မွေးမြူရေးကို မိရိုးဖလာစနစ်များဖြင့်သာ တစ်နိုင်တစ်ပိုင် ပြုလုပ်ခြင်း • မွေးမြူရေးနှင့် ပတ်သက်၍ ဌာနဆိုင်ရာများနှင့် ချိတ်ဆက်မှုတွင် စိတ်ဝင်စားသူနည်းပါးခြင်း • မျိုးကောင်းမျိုးသန့်ရှားပါးခြင်း	• နွားစာ၊ ဝက်စာ အတွက်ဟင်းသီးဟင်းရွက်နှင့်အစာစိမ်းများပေါများစွာ ရရှိခြင်း • ပင်းတယ တိမွေးကုန့် ချိတ်ဆက်၍ ရနိုင်ခြင်း	• စနစ်တကျ စီးပွားဖြစ် မွေးမြူရေးနှင့် ပတ်သက်၍ စိတ်ဝင်စားသူ နည်းနေခြင်း • မိရိုးဖလာ မွေးမြူနေသော တိရိစ္ဆာန် မွေးမြူခြင်းကို သာစိတ်ဝင်စားခြင်း	• တိမွေးကုဋီးစီးဌာန နှင့်ချိတ်ဆက်၍ သင်တန်းများပို့ချပေးခြင်းနှင့် မျိုးကောင်းမျိုးသန့်များရယူခြင်း။	• နို့စားနွားစံပြမွေးမြ ခြင်း • ဝက်မျိုးကောင်းမျိုးသန့်ပုံပိုးပေးခြင်း
<u>စိုက်ပျိုး၊ မွေးမြူရေးလုပ်ငန်းမဟုတ်သော လုပ်ငန်းများ</u> • ရေမြေရာသီဥတု အရ ကုန်ကြမ်းများ ပေါများစွာ	• ကုန်ချောများ ထုတ်လုပ်နိုင်သည့်လုပ်ငန်းများပေါ်ထွန်း	• ကုန်ချောပြုပြင်၍ ထုတ်လုပ်ရန် ကုန်ကြမ်းများမှာ	• ကျေးရွာအတွင်း လူအများစုမှာ ကုန်ချောပြုပြင်	• ကျေးလက်ဦးစီးဌာန နှင့်ချိတ်ဆက်၍ လုပ်ငန်းများ အဆိုပြုလွှာတင်ခြင်း	• ဂေါဖီအခြောက်ခံစက်ရုံ တည်ဆောက်ခြင်း

ပြဿနာ	အကြောင်းအရင်းဇစ်မြစ်	ဖွံ့ဖြိုးရေးအတွက် အထောက်အပံ့ဖြစ်စေသည့် အခြေအနေကောင်းများ	အဟန့်အတားနှင့် စိန်ခေါ်မှု	ဖြေရှင်းမည့် နည်းလမ်းများ	အဆိုပြု လုပ်ငန်း
ရရှိနေသော်လည်း ကုန်ချော အဖြစ်သို့ ပြောင်းလဲနိုင်သည့် လုပ်ငန်းများပေါ် ထွန်းမှုအားနည်း ခြင်း (သဲ၊ ဂေါ်ဖီ၊ ခရမ်းချဉ်သီး၊ စပျစ်၊ စသည်)	ရန် နည်းပညာနှင့် စက် ကိရိယာများ အားနည်းခြင်း • အသိအမြင်ဗဟုသုတ ရှိသော်လည်း စျေးကွက်နှင့် ပတ်သက်၍ အမြော် အမြင်အားနည်းခြင်း	သဘာဝအရ ပေါများစွာရှိခြင်း • ဆက်သွယ်ရေး သယ်ယူပို့ဆောင် ရေးလမ်းကြောင်း ကောင်းမွန်ခြင်း	၍ လုပ်ငန်းများ လုပ်ကိုင်ရန် စိတ်ပါဝင်စားမှု အားနည်းပြီး ဌာနဆိုင်ရာအဖွဲ့ အစည်းများနှင့် ချိတ်ဆက် ဆောင်ရွက်မှု အားနည်းခြင်း	• ပြင်ပအဖွဲ့ အစည်း ၊ပုဂ္ဂလိကဘဏ်၊ အလှူရှင် များနှင့် ချိတ်ဆက်၍ စက်ပစ္စည်းများ ဝယ်ယူခြင်း၊စက်ရုံ များ ထူထောင် ခြင်း	• ဟင်းသီးဟင်းရွက် စည်သွပ်လုပ်ငန်း တည်ထောင်ခြင်း • အုတ်ရိုက်စက်
<u>ကျန်းမာရေးကဏ္ဍ</u> • ကိုယ်ဝန် ဆောင် သားဖွားမိခင် များအတွက်လုံ လောက် သော ကျန်းမာရေး စောင့်ရှောက်မှု မပေးနိုင်ခြင်း	• ပတ်ဝန်းကျင် ကျေးရွာ (၃၀) ခန့်မှ မွေးလူနာ များ နေ့စဉ် (၄) ဦးမှ (၅)ဦးအထိ ရှိ၍ ပရိဘောဂ	• တိုက်နယ်ဆေးရုံ ရှိနေခြင်း • ကျန်းမာရေး နှင့်ဆိုင်သော အဖွဲ့အစည်းများ ရှားတွင်ရှိခြင်း	• လိုအပ်ချက်များ ကိုဖြည့်ဆည်းရန် သက်ဆိုင်ရာ ဌာနဆိုင်ရာများ နှင့်ချိတ်ဆက်မှု အားနည်းခြင်း	• ပင်းတယမြို့နယ် ကျန်းမာရေးဦးစီး ဌာနနှင့်ချိတ်ဆက်၍ လုပ်ငန်းအဆိုပြုလွှာ တင်ခြင်း	• သားဖွားဆောင်တိုးချဲ့ခြင်း • ဆေးရုံပရိဘောဂ(သားဖွား ကုတင်၊မွေးစင်) • ဆေးရုံရေချိုးခန်း၊အိမ်သာ ဆောက်လုပ်ခြင်း • ဆေးရုံခြံစည်းရိုး

ပြဿနာ	အကြောင်းအရင်းဇစ်မြစ်	ဖွံ့ဖြိုးရေးအတွက် အထောက်အပံ့ဖြစ်စေသည့် အခြေအနေကောင်းများ	အဟန့်အတားနှင့် စိန်ခေါ်မှု	ဖြေရှင်းမည့် နည်းလမ်းများ	အဆိုပြု လုပ်ငန်း
• လူနာများအတွက် ဆေးရုံအတွင်း လိုအပ်သော ပရိဘောဂ၊ အဆောက်အဦး များပြည့်စုံမှု မရှိခြင်း	ပစ္စည်းနှင့် အဆောက်အဦး နေရာ အခက် အခဲရှိခြင်း				
<u>ပညာရေးကဏ္ဍ</u>					
• ကျောင်းတွင်း လုံခြုံရေးနှင့် သင်ထောက်ကူ ပစ္စည်းများနည်း ပါးခြင်း	• ပညာရေးအတွက် လိုအပ်သောအပိုင်း များကိုကိုယ်ထူ ကိုယ်ထ ပြုလုပ် နိုင်မှုအားနည်းခြင်း	• မိဘဆရာအသင်း ရှိခြင်း • ပညာရေးနှင့် ပတ်သက်၍ မိဘများမှ စိတ်အားထက် သန်မှုရှိခြင်း	• ကိုယ်ထူကိုယ် ထဖြေရှင်းရန် အားနည်းခြင်း • မူကြိုကျောင်း ရံပုံငွေမရှိခြင်း	• မိဘဆရာအသင်း အဖွဲ့များပူးပေါင်း၍ ပညာရေးနှင့်ပတ် သက်သော အခက် အခဲများဆွေးနွေး၍ ရံပုံငွေ ထူထောင်ခြင်း	• မူကြိုကျောင်းပရိဘောဂ သင်ထောက်ကူပစ္စည်း • ကျောင်းခြံစည်းရိုး

ပြဿနာ	အကြောင်းအရင်းဇစ်မြစ်	ဖွံ့ဖြိုးရေးအတွက် အထောက်အပံ့ဖြစ်စေသည့် အခြေအနေကောင်းများ	အဟန့်အတားနှင့် စိန်ခေါ်မှု	ဖြေရှင်းမည့် နည်းလမ်းများ	အဆိုပြု လုပ်ငန်း
<u>လူငယ်၊ ယဉ်ကျေးမှုနှင့် အားကစား</u> • အသက်မွေးဝမ်းကျောင်းပညာရပ်များ တတ်မြောက်မှုအားနည်းခြင်း • လူငယ်များအနေဖြင့် စီးပွားရေးလုပ်ငန်းလုပ်ကိုင်မှု အားနည်းခြင်း	• စာပေ၊ဗဟုသုတနှင့် ပတ်သက်၍ လေ့လာမှု အားနည်းခြင်း • အသက်မွေးဝမ်းကျောင်းပညာရပ်များဆည်းပူးနိုင်စရာ အရင်းအမြစ်များမရှိခြင်း	• စာကြည့်တိုက်ရှိခြင်း • ပြင်ပအဖွဲ့အစည်းများမှလာရောက်၍ အသိပညာနှင့် အတတ်ပညာသင်တန်းများ ပို့ချမှုရှိခြင်း	• လူငယ်အများစုမှာသင်တန်းများကိုစိတ်ဝင်စားမှုမရှိဘဲမိရိုးဖလာ စိုက်ပျိုးရေးလုပ်ငန်းများတွင်သာ ဝင်ရောက်လုပ်ကိုင်နေကြခြင်း	• လူငယ်ဖွံ့ဖြိုးရေးအတွက် အသိပညာပေးသင်တန်းများ ပြုလုပ်ပေးခြင်း • အသက်မွေးဝမ်းကျောင်းသင်တန်းများ ဆည်းပူးနိုင်ရန်စီစဉ်ပေးခြင်း	• ဘဝတစ်သက်တာသိမှတ်စရာသင်တန်း • ကွန်ပြူတာသင်တန်း • စျေးကွက်လေ့လာခြင်းသင်တန်း
မီးလင်းရေး • ခါတ်မီးတိုင်များမှာ သစ်သားတိုင်များ ဖြစ်နေ၍ ဆွေးမြေ့နေခြင်း။	ကျေးရွာအတွင်း၌ ရံပုံငွေမရှိခြင်း။	လျှပ်စစ်မီးလင်းရေးအဖွဲ့ကျေးရွာအတွင်း၌ ရှိခြင်း။	လိုအပ်ချက်များကိုဖြည့်ဆည်းရန်သက်ဆိုင်ရာဌာနဆိုင်ရာများနှင့် ချိတ်ဆက်မှုအားနည်းခြင်း။	ခါတ်မီးတိုင်များပြုပြင်နိုင်ရန် သက်ဆိုင်ရာနှင့်ချိတ်ဆက်၍ ဆောင်ရွက်ခြင်း။	သံကူကွန်ကရစ်မီးတိုင်များစိုက်ထူခြင်း။

ကိုးကားစာရင်း

၁။ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ကျေးလက်ဒေသဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲခြင်း လမ်းညွှန်စာအုပ်၊ ၂၀၁၅၊ မေ၊

၂။ ပင်းတယမြို့နယ်၊ ပွေးလှကျေးရွာတွင် ၂၀၁၅ ဩဂုတ်လတွင် ကျင်းပခဲ့သော ကျေးရွာအခြေအနေကို ရွာသူရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းလုပ်ငန်းမှ မှတ်စုများ၊

၃။ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး၏ ကျေးရွာဆိုင်ရာ ရည်ညွှန်းမှတ်တမ်းစာအုပ်၊

အပိုင်း (ခ) စီမံချက်ဆိုင်ရာ အချက်အလက်

စီမံချက်အဆိုပြုလွှာ (သို့) စီမံချက်အကြောင်းအရာ (Project profile)

ကျေးရွာ - ကျေးရွာအုပ်စု - မြို့နယ် - တိုင်းဒေသကြီး / ပြည်နယ် -
စီမံချက်အမည် -
စီမံချက်ဆောင်ရွက်ရန် လိုအပ်ကြောင်း ရှင်းလင်းဖော်ပြချက် (သို့) လက်ရှိအခြေအနေ
စီမံချက်ရည်ရွယ်ချက်(လက်ရှိအခြေအနေအား ပိုကောင်းအောင်ဆောင်ရွက်လိုသည့် ဆန္ဒဖော်ပြရန်)
မျှော်မှန်းအကျိုးရလဒ် (လက်ငင်းရည်ရွယ်ချက် ရောက်ရှိပြီးနောက် ထပ်ဆင့်ရရှိလာမည့် အကျိုးကျေးဇူး များ)
စီမံချက်ဆိုင်ရာ အချက်အလက်ဖော်ပြခြင်း (ဘာလုပ်မည်၊ ဘယ်လောက် ပမာဏလုပ်ရမည်)
စီမံချက် ကုန်ကျစရိတ်ထည့်ဝင်မှု

ခန့်မှန်းကုန်ကျစရိတ် (ကျပ်)	ထည့်ဝင်မည့် အစီအစဉ်
• …….(ငွေသား) • ……..(ငွေသား) • ……(ပစ္စည်း/လုပ်အား) •	• ကျေးလက်ဦးစီး • ကျေးရွာ • ကျေးရွာ •

အကျိုးခံစားသူဦးရေ	လူဦးရေ			ဆင်းရဲချမ်းသာမှု အဆင့်အတန်း (အိမ်ခြေ)				
	ကျား	မ	ပေါင်း	၁	၂	၃	၄	ပေါင်း
ကျေးရွာအဆင့်								
အကျိုးခံစားမည့် ဦးရေ								
မှတ်ချက်။ ချောင်လည်အဆင့် –၁၊ အလယ်အလတ်အဆင့် – ၂၊ ဆင်းရဲ – ၃၊ အလွန်ဆင်းရဲ – ၄								

စီမံချက် အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ

(၁) တာဝန်ယူအကောင်အထည်ဖော်မည့် အဖွဲ့အစည်း (များ)၊ အကောင်ထည်ဖော်မည့်စနစ် (ကော်မတီကိုယ်တိုင်၊ ကန်ထရိုက်ဌား)
(၂) စီမံချက်စတင်မည့် အချိန် ခန့်မှန်း
(၃) စီမံချက်ပြီးစီးမည့်အချိန်
(၄) ကျေးရွာထည့်ဝင်မှု ရရှိအောင် ဆောင်ရွက်မည့် အစီအစဉ်
(၅) လုပ်ငန်းလည်ပတ်ရေး၊ ပြုပြင်ထိန်းသိမ်းရေးတို့အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ